mmcybermedia.com



# ပါရဂူ

## သမိုင်းပုံရိပ်

mayzaw (mmcybermedia.com) မှစာရိုက်ကူးပေးသည်

Proof by alaster & PDF design by rfanquee

mmcybermedia.com

mayzaw (mmcybermedia.com) မှစာရိုက်ကူးပေးသည်

# ပါရဂူ

## သမိုင်းပုံရိပ်

Proof by alaster & PDF design by rfanquee

mmcybermedia.com

## ၁။ ကျန်စစ်သား၏ ဘဝပြဇာတ်

မြန်မာသမိုင်းရေးသော နိုင်ငံခြားသမိုင်းဆရာတို့က ကျန်စစ်သားကို အံ့ဖွယ်သရဲ မြန်မာဘုရင်တစ်ပါးဟု ရေးသားကြသည်။ ကျန်စစ်သား၏ ဘဝသည် တစ်ခန်းပြီးတစ်ခန်း ဖျတ်ခနဲ ဖျတ်ခနဲ ကူးပြောင်းသွားသော အလှည့်အကူးအကွေ့အပြောင်းများလှသည့် ပြဇာတ်နှင့်တူသည်။ ပုဂံထီးနန်းကို မစိုးစံမီအခါက ကျန်စစ်သား၏ ဘဝဇာတ်သည် ရသစုံရောပြွမ်းနေသည်။

အပယ်ရတနာ၊ ဥသာမင်းသမီးခင်ဦး၊ ထီးလှိုင်ရှင်သူကြီးသမီး ခင်တန်၊ မထီးတူမ သမ္ဘူလတို့နှင့် တွေ့ဆုံခန်းသည် ကျန်စစ်သား၏ ဘဝပြဇာတ်သိင်္ဂါရ ရသခန်းများ ဖြစ်ကြသည်။ သထုံစစ်ပွဲ၊ ဂန္ဓာလရာဇ် စစ်ပွဲ၊ ဥသာပဲခူးနှင့် ဂွမ်းစစ်သည်တို့၏ စစ်ပွဲ၊ ရေမန်ကန်းအပြတ်ရှင်းပွဲ တို့သည် ကျန်စစ်သား၏ ဘဝပြဇာတ် ပထမအပိုင်း၌ ဝီရ ရသကို ဖော်ကျူးထားသော အခန်းများ ဖြစ်ကြသည်။

ကျန်စစ်သား၏ ဘဝအစောပိုင်း၌ မရဏသားရဲတွင်းကြီးများကို တစ်တွင်းပြီးတစ်တွင်း ဖြတ်ကျော်သွားရသည့် အခန်းများရှိသည်။ ယင်းအခန်းများမှာ ကျန်စစ်သားဘဝ ပထမပိုင်း၏ ဘယာနကရသနှင့် အဗ္ဘုတ ရသအခန်းများဖြစ်ကြသည်။ ကျန်စစ်သား၏ ဘဝပြဇာတ်၌ သန္တရသနှင့် နိဂုံးချုပ်ထားသည်။ ရွှေစည်းခုံဘုရားနှင့် အာနန္ဒာဘုရားတည်ခန်း၊ သားတော် ရာဇကုမာရ အခန်းတို့မှာ ကျန်စစ်သားဘဝပြဇာတ်၏ နိဂုံးပိုင်း သန္တရသများ ဖြစ်ကြသည်။

ကျန်စစ်သား၏ ဘဝတွင် အသူတရာနက်သော မရဏချောက်ကမ်းပါးကြီးများရှိသည်။ ထိုချောက်ကမ်းပါးကြီးများကို ကျန်စစ်သားသည် တစ်ခုပြီးတစ်ခု ခုန်ပျံကျော်လွှားသွားရသည်။ ပထမ မရဏချောက်ကမ်းပါးကို ကျန်စစ်သားသည် အူဝဲဘဝမရောက်ခင် အမိဝမ်းတိုက်၌ ရှိစဉ်ကတည်းက ရင်ဆိုင်ရသည်။ ဝေသာလီမင်းကြီးသည် အနော်ရထာမင်းကြီးထံမှ သမီးဆက်သရန် တောင်းခံလာသော အမတ်ရာဇတမန်လက်ထဲ သမီးတော် ပဉ္စကလျာဏီကို အပ်လိုက်သည်။ အနော်ရထာမင်းကြီးထံ ပဉ္စကလျာဏီရောက်လာသောအခါ အမတ်ရာဇတမန်က သမီးတော်ပဉ္စကလျာဏီသည် ဝေသာလီမင်း၏ သမီးအရင်းမဟုတ်ဟု မင်းကြီးထံလျှောက်သည်။ အနော်ရထာမင်းကြီးသည် အမတ်ရာဇတမန်၏ စကားကို ယုံစားသွားပြီး ငါလိုဘုရင်တစ်ပါးအား မွေးစားသမီးဆက်ရမလားဟု အမျက်တော်ရှပြီးလျှင် ပဉ္စကလျာဏီကို ပရိမ္မအရပ်သို့ ပို့ပစ်လိုက်သည်။

မြတ်စွာဘုရားလက်ထက်အခါကလည်း အလားတူ အဖြစ်အပျက်မျိုး ဖြစ်ပျက်ခဲ့ဖူးသည်။ ကောသလဘုရင် ပသေနဒီသည် သကျသာကီဝင် မင်းသမီးကို လက်ထပ်သိမ်းပိုက်လိုသည့်အတွက် သကျသာကီဝင်မင်းများထံ တောင်းခံသောအခါ သကျမဟာနာမသည် ကျွန်မက မွေးသော ဝါသဘခတ္တိယာကို သကျသာကီဝင်မင်းသမီးအဖြစ် လိမ်လည် လှည့်ဖျားလျက် ပသေနဒီမင်းကြီးထံ ဆက်သလိုက်သည်။ ပသေနဒီမင်းကြီးနှင့် ဝါသဘခတ္တိယာတို့တွင် သားတော် ဝိဋ္ဍူျပ မွေးဖွားလာသည်။ တစ်နေ့သ၌ သားတော် ဝိဋ္ဍူျပ ကပိလဝတ်အလည်အပတ်သွားသောအခါ



ခရီးဦးကြိုပြုသော်လည်း သားတော်ပြန်သွားသောအခါ သားတော်ထိုင်သွားသည့် နေရာကို ကျွန်မသား ထိုင်သည့်နေရာဆိုပြီး ဆေးကြောပစ်သည်။ ထိုအကြောင်း ဝိဋ္ဍူျပ၏ နားပေါက်ကြားသွားသည်ဖြစ်၍ ဘုရင်ဖြစ်လာသောအခါ ဝိဋ္ဍူျပသည် သကျသာကီဝင်များကို မျိုးပြုတ်သွားသည်အထိ ကလဲ့စားပြန်ချေသည်။

ပရိမ္မအရပ် ရောက်သွားသောအခါ ပဉ္စကလျာဏီ၏ ကိုယ်ဝန်အရင့်အမာဖြစ်လာသည်။ ဟူးရာဖြူ ဟူးရာညိုတို့က မြောက်ဘက်အရပ်၌ မင်းလောင်း ပဋိသန္ဓေတည်နေသည်ဟု နားတော်လျှောက်သည်ဖြစ်၍ အနော်ရထာမင်းကြီးသည် သူ့ထီးနန်းအတွက် စိုးရိမ်မကင်းဖြစ်ပြီး မြောက်အရပ်က ကိုယ်ဝန်ဆောင်များကို သုတ်သင်ပစ်သည်။ သို့သော်လည်း မင်းလောင်းသေကြေပျက်စီးသွားခြင်းမရှိဘဲ မွေးဖွားလာပြီဟု သိရပြန်သည့်အတွက် နို့စို့အရွယ် ကလေးငယ်များကိုလည်းကောင်း၊ နွားကျောင်းသားအရွယ်ရောက်ပြီဟု သိရပြန်သည့်အတွက် နွားကျောင်းသားများကိုလည်းကောင်း သုတ်သင်ပစ်ပြန်သည်။ သို့သော်လည်း ကျန်စစ်သားသည် သေကြေပျက်စီးသွားခြင်းမရှိဘဲ သေဘေးက တစ်ခုပြီးတစ်ခု ကျော်၍သွားသည်။

ပဉ္စကလျာဏီက သူ့သားတော်ကို ရဟန်းပြုပေးထားလိုက်သည်။ ဟူးရားဖြူ ဟူးရားညိုတို့၏ လျှောက်တင်ချက်အရ မင်းဖြစ်မည့်ရဟန်းကို စူးစမ်းလိုသည်ဖြစ်၍ အနော်ရထာမင်းကြီးသည် ရဟန်းများကို ပင့်ပြီး ဆွမ်းလုပ်ကျွေးလျက် ဆွမ်းစားပြီးကရားနှင့် ရေကပ်သည်တွင် မင်းလောင်းရဟန်းခံတွင်းမှ ဝင်းခနဲ လက်ခနဲ စက်အရောင် ထွက်သည်ကိုတွေ့၍ ဘုရင်မင်းကြီး ထိတ်လန့်သွားသည်။ ဟူးရာဖြူ ဟူးရာညိုတို့က "မင်းလောင်းသည် အရှင်မင်းကြီး၏ ထီးနန်းကို လုယူမည့်သူမဟုတ်။ အရှင်မင်းကြီးလွန်မှ မင်းဖြစ်လတ္တံ့" ဟုလျှောက်ထားသောအခါကျမှ ဘုရင်မင်းကြီးသည် ရဟန်းအားလူဝတ်လဲစေပြီးလျှင် အပါးတော်၌ ခစားစေသည်။

ယင်းသို့အသက်မသေဘဲ ကြွင်းကျန်ရစ်သည်ဖြစ်၍ ကျန်ရစ်သားခေါ်ရာမှ ကာလရွှေ့လျားသွားသောကြောင့် "ကျန်စစ်သား" အမည်တွင်သည်ဟု ဆိုကြသည်။ သမိုင်းသုတေသီများက ယင်းအချက်များကို လက်မခံပေ။

ကမ္ဘာ့သမိုင်းစာမျက်နှာများတွင်လည်း ကျန်စစ်သားကဲ့သို့ပင် သေတွင်းက လွတ်မြောက်သွားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှိသည်။

ဟဲရဒ် (Herod) သည် ရှေးဟောင်း ပါလက်စတိုင်းဘုရင်တစ်ပါးဖြစ်သည်။ ထိုဘုရင်လက်ထက်တွင် ခရစ်တော် ဖွားမြင်တော်မူသည်။ ခရစ်တော်၏ မယ်တော်မေရီသည် ခင်ပွန်းသည်နက်ဇရက်မြို့သား ဂျိုးဇက်နှင့်အတူ ဂျူဒါပြည်၊ ဗက်သလီဟမ်မြို့ ရောက်သောအခါ တည်းခိုစရာနေရာ မရှိ၍ နွားတင်းကုပ်တစ်ခုတွင် ဝင်ရောက်တည်းခိုကြသည်။ ထိုနေ့ညဉ့်၌ပင် ခရစ်တော်ဖွားမြင်လာသည်ဖြစ်၍ သူငယ်တော်ကို နွားစားခွက်ထဲတွင် သိပ်ထားရသည်။

မေဂိျုင်ခေါ် ပညာရှိတို့သည် လက်ဆောင်ပဏ္ဏာများကို ယူဆောင်၍ ဂျေရုစလင်မြို့ရောက်ရှိလာကြသည်။ မေဂိျုင်တို့သည် ပါလက်စတိုင်းဘုရင် ဟဲရဒ်ကိုရဟူဒီဘုရင် ဖွားမြင်သောကြောင့် ဖူးတွေ့ရန်လာကြကြောင်း လျှောက်တင်ကြသည်။ ဖွားမြင်လာသော သူငယ်သည် ထီးနန်းကို လုပ်ကြံလိမ့်မည် အထင်ရှိသဖြင့် ဟဲရဒ် ထိတ်လန့်စိုးရိမ်သွားသည်။ ဗက်သလင်မြို့၌ ခရစ်တော် တကယ်ဖွားမြင်ကြောင်းမှန်လျှင် သူ့ထံပြန်လာပြီး အကြောင်းကြားရန် မေဂိျုင်တို့ကို မှာလိုက်သည်။ မေဂိျုင်တို့သည် ဗက်သလင်မြို့၌ ခရစ်တော်ကို ဖူးတွေ့ကြသည်ဖြစ်၍ လက်ဆောင်ပဏ္ဏာများဆက်သပြီး ပြန်သွားကြသည်။ သို့သော်လည်း ဂျေရုစလင်သို့ မဝင်ဘဲ တခြားလမ်းမှ တိတ်တဆိတ်ပြန်သွားကြသည်။

ဟဲရဒ်သည် မေဂိျုင်တို့၏ လှည့်ဖြားခြင်းခံရ၍ အမျက်ထွက်သွားပြီးလျှင် ဗက်သလင်မြို့ရှိ ၂ နှစ်အောက် အရွယ် ကလေးငယ်များကို သတ်ပစ်ရမည်ဟု အမိန့်ထုတ်ပြန်လိုက်သည်။ ခမည်းတော်ဂျိုးဇက်သည် အီဂျစ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေရန် ကြိုတင်အိပ်မက်ရသဖြင့် ခရစ်တော်ကို ဆောင်ယူလျက် ဗက်သလီဟမ်မြို့မှ တိမ်းရှောင်ထွက်ခွာသောကြောင့် ခရစ်တော်အသက်ဘေးက လွတ်မြောက်သွားသည်။

ဟိန္ဒူလူမျိုးများ ဘုရားတစ်ဆူအဖြစ်ကိုးကွယ်သော ကရိရှဏလည်း ငယ်ရွယ်စဉ်အခါက သေတွင်းနှုတ်ခမ်းဝတွင် အကြိမ်ကြိမ် လျှောက်ခဲ့ရသည်။ ကရိရှဏသည် ဝသုဒေဝနှင့် ဒေဝကီတို့၏ သားတော်ဖြစ်သည်။ ဝသုဒေဝ

သည် ရောဟိဏီနှင့်လည်း လက်ထပ်သည်။ မထုရာဘုရင်ကံသ၏ နှမတော်ဒေဝီနှင့်လည်း လက်ထပ်သည်။ ဝသုဒေဝနှင့် ဒေဝကီ လက်ထပ်သောအခါ "ဒေဝကီ၏ အဋ္ဌမသားသည် ကံသကို လုပ်ကြံသတ်ဖြတ်လိမ့်မည်" ဟူ၍ ကောင်းကင်ယံမှ အသံတစ်သံ ထွက်ပေါ်လာသည်။ ထို့ကြောင့် ကံသဘုရင်သည် ဝသုဒေဝနှင့် ဒေဝကီကို အကျဉ်းချထားပြီးလျှင် ဝသုဒေဝနှင့် ဒေဝကီတို့၏ မွေးလာသမျှ ကလေးများကို ခြောက်ယောက်အထိ အားလုံးသတ်ပစ်သည်။ သတ္တမမြောက်ကလေး ကိုယ်ဝန်ရှိလာသောအခါ တန်ခိုးရှင်တစ်ဦးက ဒေဝကီ၏ ဝမ်းဗိုက်ထဲက ကလေးကို နွားမွေးသော ဂေါကုလရွာ၌ နန္ဒနှင့် ယသောဒါတို့ ကြည့်ရှုစောင့်ရှောက်ထားသော ဝသုဒေဝ၏ ဇနီးတစ်ဦးဖြစ်သူ ရောဟိဏီ၏ ဝမ်းဗိုက်ထဲသို့ ပြောင်းလဲပို့ပေးလိုက်သည်။ ရောဟိဏီမွေးသော ထိုကလေးသည် နောင်သောအခါ ကရိရှဏ၏ ဘဝဖြစ်စဉ်၌ အရေးပါအရာရောက်သူ ဗလရာမ ဖြစ်လာသည်။ ကံသဘုရင်ကိုမူ ကိုယ်ဝန်ပျက်ကျသွားသည်ဟု ပြောလိုက်လေသည်။

ဒေဝကီတွင် အဋ္ဌမမြောက်ကိုယ်ဝန်ရှိလာပြန်သည်။ ဒေဝကီအဋ္ဌမမြောက်ကိုယ်ဝန်ရှိလာပြီဆိုသည့် သတင်းရ၍ ဘုရင်ကံသသည် မွေးလာသည့် ကလေးကို သတ်ပစ်ရန်အတွက် ဝသုဒေဝနှင့် ဒေဝကီအိမ်တွင် အစောင့်အကြပ် တင်းကျပ်စွာချထားသည်။ မိန်းမတစ်ယောက်ကို သတ်ပစ်သည့်အပြစ်ကိုမူ မကျူးလွန်ရဲ၍ ကလေးမွေးအလာကို စောင့်နေခြင်းဖြစ်သည်။

ထိုအတောအတွင်း ကရိရှဏ မွေးဖွားလာသည်။ အစောင့်အကြပ်များ အိပ်ပျော်နေချိန် ဝသုဒေဝသည် မွေးကင်းစ ကရိရှဏကို ဂေါကုလရွာရှိ နန္ဒနှင့် ယသောဒါတို့အိမ်သို့ လျှို့ဝှက်စွာယူသွားပြီး ထားခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်၌ ယသောဒါတွင်လည်း ကလေးတစ်ယောက်ဖွားမြင်လာသည်။ ယသောဒါမွေးသော ကလေးမှာ သမီးမိန်းကလေးဖြစ်သည်။ ယသောဒါ၏ သမီးမိန်းကလေးကို ဝသုဒေဝသည် ယသောဒါ သတိမရခင် အိမ်ယူလာသည်။

ကလေးငိုသံကြား၍ အစောင့်များက ကံသဘုရင်ကို အကြောင်းကြားသောအခါ ကံသဘုရင်သည် ကလေးကို သုတ်သင်ရှင်းလင်းပစ်ရန် ဝသုဒေဝနှင့် ဒေဝကီတို့အိမ် ရောက်ရှိလာသည်။ သို့သော်လည်း ဒေဝကီ၏ အဋ္ဌမကလေးမှာ ယောကျာ်းလေးမဟုတ်ဘဲ မိန်းကလေးဖြစ်နေသည်ကို တွေ့ရ၍ စိတ်ချသွားပြီးလျှင် ဝသုဒေဝနှင့် ဒေဝကီတို့ကိုလည်း အကျဉ်းက လွှတ်လိုက်သည်။

ကရိရှဏ အရွယ်ရောက်လာသောအခါ ကံသဘုရင်သည် ဒေဝကီ၏ အဋ္ဌမသားမှန်း သိသွားသည်ဖြစ်၍ ကရိရှဏကို နည်းအမျိုးမျိုးဖြင့် သုတ်သင်ပစ်ရန် ကြိုးစားအားထုတ်သည်။ သို့သော်လည်း အောင်မြင်ခြင်း မရှိဘဲ ကရိရှဏ၏လက်ချက်ဖြင့်သာ ကံသဘုရင် အသက်ထွက်သွားရရှာသည်။

ကျန်စစ်သားသည် သူရဲကောင်းအဖြစ်ဖြင့် အနော်ရထာမင်းကြီးထံပါး၌ ခစားနေသော်လည်း သူ၏ ရှေ့ခရီး၌ မရဏချောက်ကမ်းပါးကြီးများ တစ်ခုပြီးတစ်ခု ပေါ်လာပြန်သည်။ ဥဿာပဲခူးတွင် ဂျွမ်းစစ်သည်များ ကျူးကျော်တိုက်ခိုက်လာသောအခါ ဥဿာမင်းကြီးက စစ်ကူတောင်းသောကြောင့် အနော်ရထာမင်းသည် ကျန်စစ်သားအမှူးရှိသော စစ်သည်သူရဲကောင်းများကို ဥဿာပဲခူးသို့ စစ်ကူပို့လိုက်သည်။ စစ်ပွဲတွင် အောင်ပန်းဆွတ်ခူးရရှိသည်ဖြစ်၍ ဥဿာမင်းကြီးက သမီးတော်မဏိစန္ဒာကို အနော်ရထာမင်းကြီးထံ ဆက်သလိုက်သည်။ ပုဂံနန်းတော် ပြန်အရောက်တွင် အနော်ရထာမင်းကြီးသည် ကျန်စစ်သားကို မဏိစန္ဒာနှင့် မှားယွင်းသည်ဟု ယိုးစွပ်ပြီး အရိန္ဒမာလှံဖြင့် ထိုးသတ်သည်။ သို့ရာတွင် ကျန်စစ်သားသည် ပုဂံထီးနန်းတွင် သမိုင်းဝင်ဘုရင်တစ်ပါးဖြစ်ဖို့ ကံဇာတာပါလာသူဖြစ်၍ အရိန္ဒမာလှံသည် ကျန်စစ်သားကို မထိုးမိဘဲ ချည်နှောင်ထားသော နှောင်ကြိုးကိုသာထိုးမိ၍ နှောင်ကြိုးပြတ်သွားသည်။ ကျန်စစ်သားသည် အရိန္ဒမာလှံကို ကောက်ယူပြီး လွတ်မြောက်ထွက်ပြေးသွားသည်။ သူ့ကို ထိုးသတ်သော အရိန္ဒမာလှံက သူ၏နှောင်ကြိုးကို ဖြတ်တောက်ပေးပြီး သူ့ကို လွတ်မြောက်သွားအောင် ပြုလုပ်လိုက်သည်။

ကျန်စစ်သားအတွက် သေရေးရှင်ရေး ကြုံရပြန်သည်မှာ စောလူးက သူ့ကို ရန်သူငရန်မန်ကန်းလက်ထဲ၌ ဝကွက်အပ်ချိန်ဖြစ်သည်။ ကျန်စစ်သားသည် ငရန်မန်ကန်း ဖမ်းထားသော စောလူးကို ငရမန်ကန်းလက်ထဲက လွတ်





မြောက်အောင် အသက်စွန့်၍ကယ်ဆယ်ခဲ့သည်။ သို့သော်လည်း စောလူးက ကျန်စစ်သားကို အထင်လွဲပြီး ငရမန်ကန်းလက်ထဲ အပ်သဖြင့် ကျန်စစ်သားသည် မရဏချောက်ကမ်းပါးကြီးထဲ ကျမည့်ဆဲဆဲမှာပင် လွတ်မြောက်သွားသည်။

ကျန်စစ်သားသည် သူ၏ဘဝခရီး၌ မရဏချောက်ကမ်းပါးကြီးများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းကျော်လွှားသွားရသည်။ သို့ရာတွင် ယင်းမရဏချောက်ကမ်းပါးကြီးများသည် သူ့ကို ဘဝဆုံးသွားအောင် မစွမ်းဆောင်နိုင်ကြသည်သာမကပဲ ယင်းမရဏချောက်ကမ်းပါးကြီးများကြောင့်ပင် သူ၏အရည်အသွေးမှာ ပိုမိုတောက်ပြောင်သွားသည်။

သေကံမရောက် သက်မပျောက်ဟူသော ဆိုရိုးစကားကို ကျန်စစ်သား၏ ဘဝက သက်သေသာဓကဆောင်နေသည်။

ရည်ညွှန်း။
၁။ မှန်နန်းရာဇဝင်
၂။ သုသောဓိတ မဟာရာဇဝင်ကြီး
၃။ History of Burma (Myanmar) GE.Harvery
၄။ A Pageant of Burmese History W.S.Desai
၅။ သမ္မာကျမ်းစာ
၆။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၂)
၇။ ပိယဒဿီ ပါရဂူ
၈။ Myths of the Hindus and Buddhists; Sister Nuvedita and Ananda Comarawamy
၉။ ပေါ်ရာဏိက ကောသ (ဟိန္ဒီ)

## ၂။ လက်စွပ်သက်သေ

ကျန်စစ်သား၏ နန်းသက် ၂ နှစ်အကြာတွင်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုဖြစ်သည်။ ဘုရင်မင်းကြီးသည် ဗိုလ်ရှုခံသဘင် ဆင်ယင်ကျင်းပနေသည်။ ထိုအခိုက် မိန်းမတစ်ယောက်သည် ၇ နှစ်သားအရွယ်သားငယ်ကလေးကို လက်ဆွဲ၍ နန်းရင်ပြင်ထဲ ရောက်ရှိလာသည်။ ထိုမိန်းမသည် နန်းတော်အတွင်း မဝင်ဝံ့သဖြင့် နန်းရင်ပြင်တွင် တောင်သွား မြောက်သွား လုပ်နေသည်။ နန်းရင်ပြင်၌ ကလေးတစ်ယောက်နှင့် မယောင်မလည်ဖြစ်နေသော မိန်းမတစ်ယောက်ကို တွေ့ရသောအခါ မင်းချင်းများသည် မျက်လုံးပြူးသွားပြီးလျှင် "ဟယ် မိန်းမ၊ သင်ဘယ်သူနည်း၊ ဤနန်းရင်ပြင်အတွင်း အခွင့်မရှိဘဲနှင့် မည်သူမှ မဝင်ရဆိုသည်ကို သင်မသိသလော၊ ငါတို့ အရှင်မင်းကြီး ထွက်တော်မူလာလိမ့်မည်၊ အခုချက်ချင်း နန်းရင်ပြင်ထဲက ထွက်သွားပါ" ဟု ဆိုကြသည်။ ယင်းသို့ မင်းချင်းများက နှင်ထုတ်သော်လည်း ထိုမိန်းမသည် "ကျွန်ုပ် ဘုရင်မင်းကြီးအား လျှောက်တင်စရာ ရှိပါသည်၊ လျှောက်တင်ပါရစေ" ဟူ၍ မင်းချင်းများအား ပြောပြီးလျှင် နန်းရင်ပြင်မှ မထွက်ပဲ ပေကပ်နေလေသည်။

ထိုမိန်းမသည် ဦးဆောက်ပန်းဟူသော ယေဘုယျအမည်ဖြင့်လည်းကောင်း၊ တြိလောက ဝဋံ့သကာဒေဝီဟူသော ဝိသေသအမည်ဖြင့် လည်းကောင်း၊ ကျန်စစ်သား၏ မိဖုရားတစ်ပါး ဖြစ်လာမည့်သူဖြစ်ပြီး ကလေးငယ်မှာ မြန်မာ့သမိုင်း၌ စံနမူနာထားအပ်သော ကျန်စစ်သား သားတော် ရာဇကုမာရ ဖြစ်လာမည့်သူဖြစ်သည်။ ကျန်စစ်သားသည်

အနော်ရထာမင်းကြီး မျက်တော်မူသဖြင့် ရှောင်တိမ်းနေစဉ်က ကျောင်းဖြူအရပ် ရောက်သွားသည်။ ကျောင်းဖြူအရပ်တွင် ရှင်မထီး၏ တူမ သမ္ဘူလနှင့် ရည်ငံကြသည်။ အနော်ရထာမင်းကြီး နတ်ရွာစံပြီးနောက် ပုဂံနေပြည်တော်ကို ဧရန်မန်ကန်း တိုက်ခိုက်လာသည်ဖြစ်၍ ကျန်စစ်သားကို ပုဂံပြန်ခေါ်သောအခါ သမ္ဘူလ ကိုယ်ဝန်နှင့် ကျန်ခဲ့သည်။ ကျန်စစ်သားက သမ္ဘူလအား လက်စွပ်ချွတ်ပေးပြီးလျှင် "သမီးလေးမွေးလျှင် လက်စွပ်ကိုထုခွဲရောင်းချပြီး နေထိုင်စားသောက်ပါ၊ ယောကျာ်လေး မွေးလျှင်ကား လက်စွပ်ယူပြီး ကလေးနှင့်အတူ ပုဂံလိုက်ခဲ့ပါ" ဟု မှာကြားသွားသည်။ ကျန်စစ်သားမှာ ကြားသွားသည့် အတိုင်း သမ္ဘူလသည် သားကိုခေါ်ပြီး ကျန်စစ်သားထီးနန်းစိုးစံရာ ပုဂံနေပြည်တော် လိုက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့သမိုင်း ကျမ်းဂန်များ၌ ဖော်ပြပါရှိသော ဒဏ္ဍာရီဆန်သည့် ယင်းဇာတ်လမ်းကို သမိုင်း သုတေသီတစ်ချို့က လက်မခံချင်ကြပေ။ ယင်းကဲ့သို့ လက်စွပ်ဇာတ်လမ်းမျိုးသည် ဇာတ်နိပါတ်များနှင့် အိန္ဒိယ ရှေးဟောင်း ကျမ်းဂန်များ၌လည်းပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်ထဲက "ကဋ္ဌဝါဟနဇတ်"နှင့် "ဥဒ္ဒါလကဇာတ်"တို့သည် ယင်းလက်စွပ် ဇာတ်လမ်းမျိုးဖြစ်သည်။ ကဋ္ဌဝါဟနဇာတ်တော်၏ ဝတ္ထုအကြောင်းမှာ ဤသို့ဖြစ်သည်။

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်ထဲတွင် သီချင်းတကြော်ကြော်သီဆိုပြီး ထင်းခွေနေ သော မိန်းမတစ်ဦးကို မြင်သောအခါ တပ်မက်စွဲလမ်းသွားပြီးလျှင် ထိုမိန်းမနှင့် ပေါင်းဖက်သည်။ ထိုခဏ၌ပင် ဘုရား အလောင်းသည် ထိုမိန်းမ၏ ဝမ်းဗိုက်တွင်း၌ ပဋိသန္ဓေတည်လေသည်။ ဗြဟ္မဒတ်မင်းသည် ထိုထင်းခွေသည်မအား လက်စွပ် ပေးလျက် "သမီးမွေးလျှင် ဤလက်စွပ်ကိုရောင်းလျက် မွေးမြူစောင့်ရှောက်လော့၊ သားမွေးလျှင်ကား လက်စွပ်ကိုယူခဲ့ပြီး ငါ့ထံလိုက်လာလော့" ဟု မှာကြားသွားသည်။

ထင်းခွေသည်မသည် သားယောကျ်ားလေးမွေးလာသည်။ သားကလေး ကစားနိုင်သည့်အရွယ် ရောက်လာသောအခါ ထင်းခွေသည်မသည် သားကလေးကိုခေါ်ပြီးလျှင် လက်စွပ်ကိုယူဆောင်လျက် ဗြဟ္မဒတ်မင်းထံ လိုက်သွားသည်။ ထင်းခွေသည်မသည် ဗြဟ္မဒတ်မင်းကြီးကို ပရိသတ်ဗိုလ်ပုံအလယ်၌ "ဤသူငယ်သည် အရှင်မင်းကြီး၏ သားဖြစ်ပါ၏" ဟုလျှောက်ထားသည်။ ဗြဟ္မဒတ်မင်းကြီးသည် သူ့သားမှန်းသိသော်လည်း ဝန်ခံရမှာ ရှက်သည်ဖြစ်၍ မိမိ၏ သားမဟုတ်ကြောင်း ငြင်းဆန်သည်။ ထိုအခါ ထင်းခွေသည်မက လက်စွပ်ကို သက်သေထူ၍ ပြောပြန်သည်။ သို့သော်လည်း ဗြဟ္မဒတ်မင်းကြီးက သူ့လက်စွပ်မဟုတ်ဟူ၍ ငြင်းဆန်နေပြန်သည်။ ဤတွင် ထင်းခွေသည်မသည် သစ္စာဆို၍ သားကို ခြေထောက်ကကိုင်ပြီး ကောင်းကင်ပစ်သည်။ ဘုရားအလောင်းသည် ကောင်းကင်၌တင်ပလ္လင်ခွေထိုင်နေပြီးလျှင် "အရှင်မင်းကြီး အခြားသူတစ်ပါးတို့ကို မွေးမြူနိုင်ပါလျက် မိမိသားကိုမူ အဘယ်ကြောင့် မမွေးမြူနိုင်သနည်း" ဟု မေးလိုက်သည်။ ထိုအခါ ကျမှ ဗြဟ္မဒတ်မင်းကြီးသည် လက်ကို ဆန့်တန်းလျက် "ချစ်သား လာလှည့် သင့်ကို ငါမွေးမြူမည်" ဟု ဆိုလိုက်သည်။ ဘုရား အလောင်းသည် ဝေဟင်မှ ဆင်းသက်လာပြီးလျှင် ဘုရင်မင်းကြီး၏ ရင်ခွင်တွင် ထိုင်နေသည်။ ဗြဟ္မဒတ်မင်းကြီးသည် သားတော်အား အိမ်ရှေ့အရာအပ်နှင်းလျက် အမိဖြစ်သူကိုမူ မိဖုရားမြှောက်လိုက်သည်။ ခမည်းတော်ကွယ်လွန်သော် သားတော်သည်"ကဋ္ဌဝါဟန" အမည်ဖြင့် မင်းပြုသည်။

ငါးရာ့ငါးဆယ်ဇာတ်တော်ထဲက ၄၈၇ ဇာတ်မြောက်"ဥဒ္ဒါလက" ဇာတ်တော်တွင်လည်း လက်စွပ် ဇာတ်လမ်းပါရှိနေသည်။ ဘုရားအလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်သည်။ တစ်နေ့သ၌ ပုရောဟိတ်သည် ဥယျာဉ်ထဲတွင် ပြည့်တန်ဆာမတစ်ဦးနှင့် ပေါင်းဖက်သည်။ ပြည့်တန်ဆာမသည် ပုရောဟိတ်နှင့်ရသော သားကို "ဥဒ္ဒါလက" ဟု အမည်မှည့်ပြီးလျှင် "သင်၏အဖကား ပုရောဟိတ်ဖြစ်၏" ဟုပြောလျက် ပုရောဟိတ်ပေးထားသည့် လက်စွပ်ကို ပေးသည်။ ဥဒ္ဒါလကသည် အရွယ်ရောက်ပြီး ပညာသင်ကြားတတ်မြောက်ပြီးသောအခါ တစ်နေ့သ၌ သူ့ဖခင်ပုရောဟိတ်နှင့် တွေ့သည်။ ပုရောဟိတ်နှင့် စကားစစ်ထိုးသောအခါ ပုရောဟိတ် ရှုံးသွားသည်ဖြစ်၍ ဥဒ္ဒါလကသည် လက်စွပ်ကိုပြပြီးလျှင် "ကျွန်ုပ်သင်၏ သားဖြစ်၏" ဟုပြောသည်။ ပုရောဟိတ်က ဥဒ္ဒါလကအား ပုရောဟိတ်အရာကို ဆက်ခံစေသည်။

မဟာဘာရတ၌ ပါသောဇာတ်လမ်းတစ်ပုဒ်နှင့် ယင်းဇာတ်လမ်းကိုအခြေခံ၍ ရေးထားသော





ကာလီဒါသ၏ ကဗ္ဗာကျော်ပြဇာတ်"သကုန္တလာ" ၌လည်း လက်စွပ်သည် အညွှာဖြစ်နေသည်။

ဘုရင်ဒုသျန္တသည် တောကစားထွက်သွားသည်။ တောတွင်းရှိ သင်္ချမ်းကျောင်း၌ ရသေ့သမီးပျို သကုန္တလာနှင့်တွေ့သည်။ ရုပ်ရည်ချောမောလှပသော သကုန္တလာကို တွေ့ရသောအခါ ဒုသျန္တမင်းကြီးသည် နှစ်သက် စွဲလမ်းသွားပြီးလျှင် သကုန္တလာနှင့် ပေါင်းဖက်သည်။ ထို့နောက် ဒုသျန္တသည် သကုန္တလာကို လက်စွပ်ပေးထားခဲ့ပြီးလျှင် ဟတ္ထိနာပူရမြို့တော် ပြန်သွားသည်။ သူ့ထံ လိုက်ခဲ့ရန်လည်း မှာသွားသည်။

ဒုသျန္တပြန်သွားသောအခါ သကုန္တလာသည် လွမ်းနာကျပြီး တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည်။ ထိုအခိုက် အခြားသင်္ချမ်းကျောင်းတစ်ကျောင်းမှ ဒုဗ္ဗာရသေ့ကြီး သကုန္တလာတို့၏ သင်္ချမ်းကျောင်းရောက်လာသည်။ သုကုန္တလာသည် သူ့အပူနှင့်သူ ရှိနေသည်ဖြစ်၍ ဒုဗ္ဗာသာရသေ့ကြီးကို ခရီးဦးကြိုလုပ်ဖို့ မေ့လျော့သွားသည်။ ထိုအခါ ဒုဗ္ဗာသာရသေ့ကြီးသည် စိတ်ဆိုးသွားပြီးလျှင် "ဟဲ့ ဧည့်သယ်ကို မထေမဲ့မြင်လုပ်တဲ့ မိန်းကလေး၊ အရှူးတစ်ယောက် မိမိပြောထားတဲ့ စကားကို မေ့သွားသလို နင်စိတ်ကူးနေတဲ့ ယောကျာ်း နင့်ကို မေ့သွားပါစေ" ဟူ၍ ကျိန်စာဆိုလိုက်သည်။ ရသေ့ကြီး၏ ကျိန်စာကို ကြားရသောအခါ သကုန္တာလ၏ သူငယ်ချင်း မိန်းမပျိုက ရသေ့ကြီးကို ကျိန်စာပြန်နုတ်ပေးပါရန် တိုးလျှိုးတောင်းပန်သည်။ ဤတွင် ရသေ့ကြီးက "ငါ့စကား ဘယ်တော့မှ မှားတယ်မရှိဘူး၊ သို့သော်လည်း နင့်သူငယ်ချင်းကို ထောက်ထားပြီး သက်သက်ညှာညှာပြောလိုက်မည်၊ မိမိပေးသွားတဲ့လက်စွပ် ဘုရင်ကြီး ပြန်မြင်တဲ့အခါကျမှ ကျိန်စာ အာနိသင် ပျောက်သွားပါစေ" ဟု ပြောလိုက်သည်။

သကုန္တလာ ကိုယ်လေးလက်ဝန်ရှိလာသည်။ ဖခင်ဖြစ်သူ ကဏ္ဏဝရသေ့ကြီး၏ ခွင့်ပြုချက်ဖြင့် သကုန္တလာသည် ဟတ္ထိနာပူရမြို့ လိုက်သွားသည်။ ဟတ္ထိနာပူရနန်းတော် ရောက်သွားသောအခါ အားကိုးတကြီးနှင့် လာခဲ့သော သကုန္တလာသည် ငယ်ထိပ်မြွေပေါက်သလို ဖြစ်သွားသည်။ ဒုသျန္တ မင်းကြီးက သူ့ကို မသိတော့ပါ။ ဘယ်လိုပင် ပြောပြော ခါးခါးသီးသီး ငြင်းနေသည်။ ဤတွင် သကုန္တလာသည် သူ၏လက်တွင် စွပ်ထားသော ဒုသျန္တမင်းကြီးပေးခဲ့သည့် လက်စွပ်ကို သက်သေသာဓကအဖြစ် ဘုရင်မင်းကြီးအား ပြရန်လက်စွပ်ကို ကြည့်သောအခါ မတွေ့ရတော့ပေ။ တခြား နည်းလမ်းမရှိတော့သဖြင့် သကုန္တလာသည် ဒုသျန္တမင်းကြီးထံမှ ထွက်ခွာသွားသည်။

သကုန္တလာသည် ဟတ္ထိနာပူရအလာ မြစ်ထဲရေဆင်းချိုးခိုက် ဝတ်ထားသော လက်စွပ်ကျွတ်ကျသွား သည်ကို မသိလိုက်ပေ။ တံငါသည်တစ်ဦးသည် ထိုမြစ်ထဲက ငါးကြီးတစ်ကောင် ဖမ်းမိသည်။ ငါးကြီးကို ခုတ်လိုက်သောအခါ ငါးဝမ်းဗိုက်ထဲက လက်စွပ်တစ်ကွင်းထွက်လာသည်။ တံငါသည်သည် လက်စွပ်ကို ရတနာကုန်သည်ထံ သွားရောင်းသည်။ ထိုနေရာသို့ရောက်လာသော မင်းချင်းသည်"ဒုသျန္တ " အမည်တံဆိပ် ခတ်နှိပ်ထားသော လက်စွပ်ကိုတွေ့ရ၍ တံငါသည်ကို ဖမ်းဆီးပြီး ဘုရင်မင်းကြီးထံ ခေါ်သွားသည်။

ဘုရင်ဒုသျန္တသည် သကုန္တလာအား သူပေးထားခဲ့သော လက်စွပ်ကို တွေ့မြင်ရသည်နှင့် သူ၏ အမှတ်သညာထဲတွင် ဇာတ်လမ်းဇာတ်ကွက်အားလုံး ကွက်ကွက်ကွင်းကွင်း ပြန်ပေါ်လာသည်။ ဒုဗ္ဗာသာရသေ့ကြီး၏ ကျိန်စာ အာနိသင် ပြယ်သွားသည်ဖြစ်၍ ဒုသျန္တနှင့် သကုန္တလာတို့ ပြန်ပေါင်းထုတ်ကြရသည်။

ကဋ္ဌဝါဟဇာတ်တော်၌ ဗြဟ္မဒတ်မင်းကြီးသည် ထင်းခွေသည်မနှင့်ရသောသားကို သူ့သားမှန်း သိသော်လည်း သိက္ခာထိခိုက်မှာစိုး၍ သူ့သားမဟုတ်ကြောင်း ငြင်းသည်။ သူပေးထားသော လက်စွပ်ကို ပြ၍ပြောစေကာမူ ခေါင်းခါမြဲခေါင်းခါနေသည်။ ဘုရားအလောင်းက တန်ခိုးပြမှ ဘုရားအလောင်းကို သူ့သားအဖြစ် လက်ခံသည်။ သကုန္တလာ ဇာတ်၌ ဒုသျန္တဘုရင်သည် သူ၏ရင်သွေးကို ဝမ်းဗိုက်ထဲတွင် ဆောင်လျက် သူ့ထံလိုက်လာသောသကုန္တလာကို ဒုဗ္ဗာ ရသေ့ကြီး၏ ကျိန်စာသင့်နေ၍ မှိုချိုးမျှစ်ချိုး ပြောပစ်လိုက်သည်။ မိမိပေးထားသော လက်စွပ်ကို တွေ့ရမှ အမြင်ရှင်းသွား သည်။

ကျန်စစ်သားကမူ ထိုသို့မဟုတ်ပေ။ လက်စွပ်ထုတ်ပြရသည့် အဆင့်သို့ပင် မရောက်ပေ။ ရှေ့တော် မှောက်ရောက်လာသော သမ္ဘူလနှင့် ၇ နှစ်သားအရွယ် ကလေးငယ်ကို မြင်တွေ့ရသောအခါ သမ္ဘူလကို မိမိ၏ ဇနီးမယား

ဟူ၍ လည်းကောင်း၊ ကလေးငယ်ကို မိမိ၏ သားဟူ၍ လည်းကောင်း၊ မှတ်လည်းမှတ်မိသည်။ အသိအမှတ်လည်းပြုသည်။ မှူးမတ်ဗိုလ်ပုံအလယ်၌ "သားကား အရင်း၊ မြေးကားအဖျား" ဟု ဆိုရိုးစကားရှိသော်လည်း ငါ့အဖို့တွင်ကား မြေးကားအရင်း၊ သားကား အဖျားဖြစ်သွားပြီ။ ငါ၏သားတော်သည် အလာကောင်းသော်လည်း အခါနှောင်းသွားပြီ၊ မြေးတော်ကို ဘိသိက်သွန်း၍ မင်းမြှောက်ပြီးပြီ" ဟု ဆိုပြီးလျှင် မထီးတူမ သ္မမ္ဗုလကို မိဖုရားမြှောက်သည်။ သားတော်ကိုလည်း ဓညဝတီနှင့်တောင်စဉ်ခုနစ်ခရိုင်ကို ပေးအပ်ပြီးလျှင် မှူးကြီးမတ်ကြီးအဖြစ် ခန့်အပ်သည်။

သို့သော် သားတော်ရာဇကုမာရအား ထီးမွေနန်းမွေမပေးဘဲ မြေးတော် အလောင်းစည်သူအား ထီးမွေနန်းမွေပေးခြင်း၌ ကျန်စစ်သား၏အခြားအဓိပ္ပါယ် လေးနက်သည့်ရည်ရွယ်ချက်များ ရှိသေးသလော။ သမိုင်းသုတေသီတို့သည် ကျန်စစ်သားက သမီးတော် ရွှေအိမ်သည်ကို စောလူး၏ သားတော်စောယွမ်းနှင့် လက်ဆက်ပေးသည်ဟူသော ရာဇဝင်ကျမ်းများ၏ အဆိုအမိန့်ကို လက်မခံဘဲ သမိုင်းဆိုင်ရာ သုတေသနပြုချက်များအရ ကျန်စစ်သားသည် သမီးတော် ရွှေအိမ်သည်ကို မနူဟာမင်း၏ မြေးတော် နာဂသမန်နှင့် လက်ထပ်ထိမ်းမြားပေးသည်ဟု အယူရှိကြသည်။ ယင်းအယူအဆသာ မှန်ကန်ပါက ကျန်စစ်သားသည် အမြော်မြင်ကြီးစွာဖြင့် နိုင်ငံတော် စည်းလုံးခိုင်မာရေးဟူသည့် ကြီးမားသည့်ရည်ရွယ်ချက်ကို ဦးထိပ်ထားလျက် သားတော်ကိုကျော်ပြီး မွန်သွေးပါသော မြေးတော်ကို ထီးမွေနန်းမွေ ပေးအပ်ခြင်းမဖြစ်နိုင်ပေဘူးလော။

မည်သို့ပင်ဖြစ်စေ ရာဇဝင်ကျမ်း အထောက်အထားများအရ လည်းကောင်း၊ ကျောက်စာအထောက်အထားများအရ လည်းကောင်း၊ ကျန်စစ်သားသည် သားတော်ကို ကျော်၍ မြေးတော်ကို ထီးနန်းလွှဲအပ်သည်ဆိုသည့်အချက်ကိုမူ အားလုံးက လက်ခံကြသည်။ သို့သော်လည်း ရာဇကုမာရသည် သူ့ခမည်းတော်၏ အစီအမံကို ထော်လော်ကန့်လန့်မလုပ်ဘဲ တစ်သက်လုံး ကြည်ဖြူစွာ လက်ခံသွားသည်။

အမှန်က ရာဇကုမာရသည် ထီးမွေနန်းမွေပိုင်ဆိုင်ခွင့် ရှိသူဖြစ်သည်။ ကမ္ဘာ့သမိုင်း၌ လည်းကောင်း၊ မြန်မာ့သမိုင်း၌ လည်းကောင်း နန်းလျာ ဥပရာဇ်ဖြစ်ထိုက်သူက ထီးမွေ နန်းမွေမရဘဲ ထီးညွန့်နန်းလျာ မဖြစ်ထိုက်သူ တစ်ဦးက ထီးမွေနန်းမွေ ဆက်ခံသာအခါမျိုး၌ ယခုလို အဖုအထစ်မရှိဘဲ ပြေပြစ်ချောမောရိုး ထုံးစံမရှိပေ။ ယင်းကဲ့သို့သောအခါမျိုး၌ နန်းရင်ပြင်တွင် သွေးအလျှင်စီးခဲ့သည်သာများသည်။ ရာဇကုမာရကား ထို့သို့မဟုတ်ပေ။ ခမည်းတော်၏ အလိုအင်ဆန္ဒကို ခမည်းတော် သက်တော်ထင်ရှားရှိစဉ်ကလည်း ဆန့်ကျင်ဘက်မပြုပေ။ ခမည်းတော် နတ်ရွာစံပြီးနောက် ထီးနန်းသိမ်းပိုက်သော တူတော် အလောင်းစည်သူကိုလည်း ပုန်ကန်ခြားနားခြင်း မပြုပေ။ မြေးကိုအရင်း၊ သားကို အဖျားပြုထားသော ခမည်းတော်အပေါ်တွင် စိတ်နာကြည်းမှု စိုးစဉ်းမျှ မရှိရုံသာမက အနန္တော အနန္တဂိုဏ်းဝင် မိဘဂုဏ်ကျေးဇူးကို တစ်သက်လုံး အောက်မေ့သွားသည်။

ရာဇကုမာရ၏ သစ္စာရုပ်လုံးသည် ခမည်းတော် ကျန်စစ်သားမင်းကြီး မရဏညောင်စောင်းတွင် လဲလျောင်းနေစဉ် ပို၍ ပြတ်သားသွားသည်။ ကျန်စစ်သား၏ ရှည်လျားသော နန်းသက်သည် ကုန်ဆုံးတော့မည့် အချိန်နီးကပ်လာပြီ။ ကျန်စစ်သား၏ ရသစုံပြွမ်းသော အခန်းကဏ္ဍမျိုးစုံပါရှိသည့် ဘဝပြဇာတ်ရှည်ကြီးသည် နိဂုံးချုပ်တော့မည်။ နာမကျန်းဖြစ်နေသော ကျန်စစ်သားသည် သလွန်ညောင်စောင်းတွင် လျောင်းစက်နေသည်။ ထိုအချိန်၌ သားတော်ရာဇကုမာရသည် မင်းကြီး၏အပါးတွင် ခစားပြီးလျှင် ဘုရင်မင်းကြီးကိုယ်စား ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးလျှင် ရေစက်သွန်းချ အမျှ အတန်းပေးဝေနေသည်။

သီရိ၊ နမောဗုဒ္ဓယ။ ဘုရားသခင်သာသနာတော် အနှစ်တစ်ထောင့်ငါးရာနှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးသော ဤအရိမဒ္ဒနပူရ မည်သောပြည်၌ သီရိတြိဘဝနာဒိတျဓမ္မရာဇမည်သော မင်းသည် မင်းပြု၏။ ထိုမင်း၏ ချစ်မြတ်နိုးဖွယ်သော မိဘုရားသည်ကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုမြတ်နိုးအပ်သော မိဖုရား၏ သားတော်သည်ကား ရာဇကုမာရ မည်၏။ ထိုမင်း၌ ရှိသော ကျွန်ရွာသုံးရွာတို့ကို မိဖုရားအား ပေးသနားတော်မူ၏။ မိဖုရားသည် ဘဝတစ်ပါးပြောင်းသွားလေသော် ထိုမိဖုရား၏ ဝတ်ဆင်သောတန်ဆာတို့နှင့်တကွ ကျွန်သုံးရွာတို့ကို သားတော်ရာဇကုမာရအား သနားတော်မူလေ၏။ ထိုမင်းသည် အနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းပြုပြီးသော် ပြင်းထန်သော ရောဂါဝေဒနာနှိပ်စက်ရကား ရာဇကုမာရမည်သော မင်းသားသည် မိမိအားမွေးမြူဖူးပေသော ခမည်းတော်မင်းကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့သဖြင့် ဘုရားသခင်နှင့်တူစွာ ရွှေအတိပြီးသော ဆင်းတုတော်တစ်ဆူကို သွန်းလုပ်၍ ခမည်းတော်မင်းကြီး ရှေ့တော်သို့ ပင့်ခဲ့ပြီးလျှင် ဤသို့လျှောက်ထားလေ၏။ ဤဆင်းတုတော်ကို ခမည်းတော် ဘုရားအဖို့ ကျွန်တော်သွန်းလုပ်ခဲ့ပါသည်။ ခမည်းတော်ဘုရား ပေးသနားတော်မူသော ကျွန်သုံးရွာကိုလည်း ဤရွှေဆင်းတုတော်အား လှူဒါန်း၏။ ခမည်းတော်ဘုရားနှစ်လိုပါစေသတည်း။

မင်းကြီးသည် များစွာနှစ်လိုရကား ကောင်း၏ ကောင်း၏ဟု မိန့်တော်မူပြီးလျှင် ဂိုဏ်းအုပ်ဆရာတော် မဟာထေရ်(ရှင်အရဟံ)၊ မောဂ္ဂလိပုတ္တတိဿ၊ သုမေဓာ၊ ဗြဟ္မပါလ၊ သောဏ၊ သင်္ဃသေနမထေရ်တို့၏ ရှေ့တော်ဝသုန္ဓြေနတ်ကို သက်သေပြု၍ ရေစက်သွန်းချ လှူဒါန်းလေ၏။ ယင်းသို့ ရေစက်သွန်းချပြီးသော် ထိုမင်းကြီး၏ ချစ်မြတ်နိုးတော်မူသော မိဖုရား၏ သားတော်ရာဇကုမာရမင်းသားသည် ရွှေအထွတ်တင်သော ဂူတစ်ဂူတစ်ဆူကို တည်၍ ထိုဂူ၌ ရွှေဆင်းတုတော်ကို ဌာပနာလေ၏။ ထို့နောက် သက်မုနလုံတစ်ရွာ၊ ရပယ်တစ်ရွာ၊ ဟင်ဘိုတစ်ရွာ၊ ဤသုံးရွာတို့မှ လူတို့ကို ခေါ်၍ တည်ထားသော ဂူတွင် ရေစက်သွန်း၍ လှူဒါန်းပြီးလျှင် ဤသို့ပေသော ဆုတောင်းပတ္ထနာပြု၏။ "ဤသို့လှူဒါန်းရသော ကောင်းမှုကြောင့် ငါ့အား သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ဖြစ်စေသတည်း။ နောင်သောအခါ ငါ့သားသည်လည်းကောင်း၊ ငါ၏ မြေးသည်လည်းကောင်း၊ ငါ၏ အဆွေအမျိုးသည်လည်းကောင်း၊ တခြားသော သူတို့သည်လည်းကောင်း၊ ဤဘုရားတွင် ငါလှူထားသောကျွန်တို့အား နှိပ်စက်ကလူပြုသည်ရှိသော် ထိုသူတို့သည် အရိမိတေယျ ဘုရားရှင်အား မဖူးရစေသတည်း"

သားအဖနှစ်ဦး တစ်ဦးပေါ်တစ်ဦး ထားသော မေတ္တာအရှိန်အဟုန်ကို ဖော်ကျူးထားသော "မြစေတီ" ကျောက်စာ ဖြစ်သည်။ "မြစေတီ" ကျောက်စာသည် ရာဇကုမာရ၏ မွန်မြတ်သော နှလုံးသားကို ဖော်ပြနေသည်။ ရာဇကုမာရသည် အမြော်အမြင်ကြီးသူတစ်ဦး ဖြစ်သည့်အတိုင်း မိမိအား နန်းလျာမထားဘဲ အလောင်းစည်သူကို ထီးမွေနန်းလျာ ပေးအပ်သော ခမည်းတော်မင်းကြီး၏ "နိုင်ငံအင်အားစုကြီး နှစ်ခုဖြစ်သော မွန်နှင့်မြန်မာ စည်းလုံးညီညွတ်မှသာ နိုင်ငံတော် အဓွန့်ရှည်ကြာမည်" ဟူသော ရည်မှန်းချက်ကြီးကို နားလည်သဘောပေါက်သည်။ ထိုမှတစ်ပါး ရာဇကုမာရတွင် ဝိသေသလက္ခဏာများလည်း ရှိသေးသည်။

မင်းအာဏာ မင်းစည်းစိမ် ချမ်းသာကို မမက်မောခြင်း၊ ခမည်းတော်၏ ကျေးဇူးကို သိတတ်သူဖြစ်၍ ခမည်းတော်လက်နှင့် ရေးသည်ကို ခြေနှင့်ဖျက်လိုစိတ်မရှိခြင်း၊ သဘောထားမြင့်မြတ်ကြီးမားခြင်း၊ စိတ်ထားဖြူစင်ခြင်း စသည်တို့ ဖြစ်ကြသည်။ သို့ရာတွင် ရာဇဝင်သမိုင်း၏ စာမျက်နှာများထဲတွင် ရွှေစာလုံးဖြင့် ရေးထိုးမှတ်တမ်းတင်ထားရမည့် ရာဇကုမာရသည် မြန်မာနိုင်ငံသမိုင်း သို့မဟုတ် ပုဂံသမိုင်း၌ မြစေတီကျောက်စာ အခန်းကဏ္ဍ၌သာလျှင် ဖျတ်ခနဲ့တစ်ချက်ပေါ်လာပြီး တစ်ချိန်လုံး ပျောက်ကွယ်နေရသည်မှာ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှပေသည်။

ရည်ညွှန်း

၁။ မှန်နန်းရာဇဝင်

၂။ သုဒောဓိတမဟာရာဇဝင်

၃။ မြန်မာရာဇဝင်မှတ်စု (ရန်ကုန်တက္ကသိုလ် မြန်မာရာဇဝင် အသင်း ၁၉၅၈-၅၉)

၄။ ကဌ္ဌဝါဟနဇာတ် (ငါးရာ့ငါးဆယ် ဇာတ်တော်)

၅။ ဥဒ္ဒါလကဇာတ် (ငါးရာ့ငါးဆယ် ဇာတ်တော်)

၆။ မဟာဘာရတ

၇။ သကုန္တလာပြဇာတ် (ကာလီဒါသ)

၈။ မြစေတီကျောက်စာ

## ၃။ စောလူးနှင့် ပုဏ္ဏားမိုက်

အနော်ရထာသည် ပုဂံထီးနန်းတွင် ခရစ်နှစ် ၁၀၄၄ မှ ၁၀၇၇ အထိ စိုးစံသွားသည်ဖြစ်၍ ထီးသက်နန်းသက် ၃၃ နှစ်မျှ ရှည်ကြာခဲ့သည်။ ပုဂံထီးနန်းတွင် ခရစ်နှစ် ၁၀၈၄ မှ စ၍ ၁၁၁၂ အထိ အုပ်ချုပ်မင်းလုပ်သွားသော ကျန်စစ်သား၏ ထီးသက်နန်းသက်သည် အနော်ရထာ၏ ထီးသက်နန်းသက်ထက် ၅ နှစ်မျှသာလျော့သည်။ ပုဂံထီးနန်းဇာတ်ခုံပေါ်၌ ထိုမင်းနှစ်ပါး၏ အကြားတွင် ဗိန်းမောင်းတိုက်ပြီး ထွက်လာသော စောလူး၏ နန်းသက်မှာမူ ခရစ်နှစ် ၁၀၇၇ မှ ၁၀၈၄ အထိ ၇ နှစ်မျှသာ ကြာသည်။ ထို ၇-နှစ်မျှသော အချိန်ကာလအတွင်း၌လည်း စောလူးသည် ရာဇပလ္လင်ပေါ်၌ ထိုင်နေရသည်မရှိဘဲ အရှုံးမီးဝိုင်းဘဝနှင့်ပင် ဇာတ်သိမ်းသွားရသည်။ မိခင်တစ်ဦးသည် သားသုံးယောက် ဖွားမြင်သည်။ သားကြီးနှင့် သားငယ်မှာ အရည်အချင်းရှိသူများဖြစ်၍ မိဘကို အကျိုးပြုသော သားများဖြစ်ကြသည်။ သားလတ်မှာမူ ကျပ်မပြည့်သူဖြစ်၍ မိဘအတွက် ဖွဲဆန်မျှသာဖြစ်နေသည်။ ခေတ်ဦး ပုဂံ၏ သားသုံး ယောက်အနက် အနော်ရထာနှင့် ကျန်စစ်သားသည် အောင်မြင်မှုသရဖူ ဆောင်းခဲ့ကြသော်လည်း စောလူးမှာ အရှုံးနှင့် နိဂုံးချုပ်ရသည်။

စောလူးသည် အမြော်အမြင်နည်းသည်။ ဆင်ခြေတုံတရားကင်းသည်။ လိမ္မာပါးနပ်ခြင်းမရှိပေ။ အနော်ရထာ လက်နှင့်ရေးခဲ့သည်ကို ခြေနှင့်ဖျက်သည်။ အနော်ရထာတည်ဆောက်ခဲ့သော ပုဂံကိုဖျက်ဆီးပစ်သည်။ အနော်ရထာ စည်းလုံးခဲ့သော ညီညွတ်ရေးကို ဖြိုခွဲပစ်သည်။ အနော်ရထာကြိုးပမ်းခဲ့သော မွန် မြန်မာ ချစ်ကြည်ရေးသည် စောလူးလက်ထက်တွင် မှဲ့စွန်းထင်းခဲ့သည်။ အနော်ရထာထူထောင်ခဲ့သော ပုဂံထီးနန်းသည် စောလူးလက်ထက်တွင် ချောက်ကမ်းပါးထဲကျမည့်ဆဲဆဲ ဖြစ်ခဲ့ရသည်။ အုပ်ချုပ်သူ ဘုရင် ညံ့ဖျင်းမှုကြောင့် တိုင်းပြည် ငြိမ်သက်အေးချမ်းမှုမရှိဘဲ ဝါးအစည်းပြေသလိုဖြစ်ခဲ့ရသည်။ အကယ်၍ ကျန်စစ်သားကသာ ကစဥ့်ကလျားဖြစ်နေသော မြန်မာနိုင်ငံကို ပြန်လည်မထိန်းသိမ်းပါက၊ အကယ်၍ ကျန်စစ်သားကသာ ချောက်ကမ်းပါးထဲကျတော့မည့် ပုဂံကို ပြန်လည် အဖတ်ဆယ်ခြင်းမပြုပါက ပုဂံခေတ်သည် အချိန်စောပြီး နိဂုံးချုပ်သွားဖွယ်ရာရှိသည်။ ပုဂံသမိုင်းသည် ယခုထက် စာမျက်နှာလျော့နည်း သွားဖွယ်ရာရှိသည်။

စောလူး၏ အကြီးမားဆုံးသော ချွတ်ယွင်းချက်တစ်ခုမှာ ဆင်ခြေတုံတရားကင်းမဲ့သည့်အတွက် ရန်သူ မိတ်ဆွေ ခွဲခြားမသိတတ်ခြင်း၊ သူ့လူ ငါ့လူ မဝေဖန် မပိုင်းခြားနိုင်ခြင်း၊ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းဖြစ်သည်။ ယင်းအကြောင်း တရားများကပင် သူ့ကို ပျက်စီးဆုံးပါးခြင်းသို့ ရောက်အောင် ပို့ဆောင်လိုက်သည်။

စောလူးသည် နန်းတက်စအချိန်၌ အမြော်အမြင်ကြီးမားသော သူရဲကောင်းကျန်စစ်သားကို အဝေးရောက်နေရာမှ အပါးတွင် ခေါ်ယူထားသင့်ပါလျက် မထားဘဲ မိမိ၏ နို့ထိန်းသည်သား ငရမန်ကန်းနှင့် ပလူးပလဲလုပ်နေသည်။ ကျန်စစ်သားသည် အနော်ရထာမင်းကြီး မျက်သဖြင့် အသက်ဘေးစိုးရိမ်ပြီး အဝေးတွင် တိမ်းရှောင်နေရ၍ စောလူးနန်းတက်သည့် အချိန်ထိ အဝေး၌သာ ရှိနေသည်။ စောလူး ဖက်လဲတကင်း လုပ်ခဲ့သော ငရမန်ကန်းသည် စောလူး၏ ထီးနန်းကို သိမ်းပိုက်ရန် တပ်မတော်နှင့် ချီတက်လာသည်။ ထိုအခါကျမှ စောလူးသည် ကျန်စစ်သားကို သတိရသည်။ ခလုတ်ထိမှ အမိတသည်။





မင်းမျက်သဖြင့် တိမ်းရှောင်နေရသော ကျန်စစ်သားကို ပြန်လည်ခေါ်ယူပြီးလျှင် စောလူးသည် ကျန်စစ်သားအား မြန်မာတပ်ကို ကွပ်ကဲစေလျက် ငရမန်ကန်းတပ်ကို တိုက်ထုတ်ရန် တောင်ဘက်ရှိ ပြည်တော်သာကျွန်းပေါ်တွင် အခိုင်အမာ တပ်စွဲထားသည်။

ငရမန်ကန်းတပ်စွဲထားသော နေရာမှာ သုံးဖက်သုံးတန် ရေဝိုင်းလျက်ရှိပြီး ကျန်တစ်ဖက်ကား ရွှံ့နွံထူထပ်သော နေရာဖြစ်သည်။ ကျန်စစ်သားသည် စစ်ပရိယာယ်ကျွမ်းကျင်သည်။ ငရမန်ကန်းတပ် အင်အားမသေးကြောင်း သိမြင်သည်ဖြစ်၍ ငရမန်ကန်းတပ် တပ်ဖြုတ်ပြီး မြန်မာတပ်ဘက် ချီတက်လာမှ တိုက်ထုတ်ရန် အကြံပြုသည်။ သို့သော်လည်း စစ်ပရိယာယ် နားမလည်သော စောလူးသည် ကျန်စစ်သား၏ အကြံကိုလက်မခံဘဲ ရန်သူ တပ်မတော်ချီတက်အလာကို စောင့်ကြိုတိုက်ရမည့်အစား ရန်သူတပ်စွဲထားရာသို့ သူကိုယ်တိုင် ဆင်စီးလျက် ထွက်တိုက်သည်။ မြန်မာတပ်မတော်သည် ရန်သူ့ခံတပ်အတွင်း မရောက်မီ ရွှံ့နွံထဲတွင် ကျွံနစ်သွားပြီး အပေါ်စီးရနေသော ရန်သူတပ်၏ အထိုးအနက်ကို အလူးအလဲခံရသည်။ အထိနာစွာဖြင့် အရေးနိမ့်သွားသည်။ စောလူးကိုယ်တိုင် ရန်သူ၏ လက်ရဖမ်းဆီးခြင်း ခံသွားရသည်။

ကျန်စစ်သားကမူ ရန်သူလက်တွင်းမှ လွတ်အောင်ပြေးလျက် မြန်မာ့စစ်အင်အား ဖြည့်တင်းရန် ပုဂံသို့ အပြင်းနှင်လာသည်။ ပုဂံရောက်သောအခါ ကျန်စစ်သားအကြောင်းကို ကောင်းကောင်းသိနေကြသော မှူးကြီးမတ်ရာတို့က ကျန်စစ်သားကို ဆီးကြိုလျက် ပုဂံထီးနန်းသိမ်းပိုက်ရန် တိုက်တွန်းတောင်းပန်ကြသည်။ အကယ်၍ ကျန်စစ်သားသာ ထီးနန်းစည်းစိမ်နှင့် မင်းအာဏာကို အငမ်းမရ မက်မောနေသူဖြစ်လျှင်၊ အကယ်၍ ကျန်စစ်သားသာ မိမိအရှင်သခင်ကို သစ္စာစောင့်သိသူ မဟုတ်လျှင် မိမိအားထိုးအပ်နေသော ပုဂံထီးနန်းကို လက်ခံသိမ်းပိုက်လိုက်မည်မှာ မလွဲဧကန်ဖြစ်သည်။ သို့သော် ကျန်စစ်သားကား ထီးနန်းစည်းစိမ်နှင့် မင်းအာဏာကို အငမ်းမရ မက်မော တွယ်တာနေသူလည်း မဟုတ်ပေ။ ထို့ကြောင့် ရှေ့တွင် အဆင်သင့်ရောက်ရှိလာသော ထီးနန်းစည်းစိမ်ကို ဖယ်ထုတ်ပစ်လိုက်သည်။ ရေကန်အသင့်ကြာအသင့် ဖြစ်နေသော လောကီစည်းစိမ်ထဲတွင် အမြင့်မားဆုံးဖြစ်သည့် မင်းစည်းစိမ်ကို မျက်နှာလွှဲလိုက်သည်။ "ငါတို့ အရှင်သခင် အသက်ထင်ရှားရှိနေသမျှ ငါမင်းမပြု" ဟူ၍ ကျန်စစ်သားထံမှ ထွက်ပေါ်လာသော စကားကိုကြားရသောအခါ မှူးကြီးမတ်ရာအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ပြည်တော်သာတိုက်ပွဲ အနိုင်ရသွားသော ငရမန်ကန်းတပ်မတော်သည် ပုဂံမြို့အနီးသို့အထိ ချီတက်လာပြီးလျှင် ပုဂံမြို့တော်နှင့် တစ်မိုင်ခန့်မျှသာဝေးသော မြင်းကပါရပ်၌ တပ်ချနေသည်။ အကာလ ညအခါဖြစ်သည်။ ပတ်ဝန်းကျင် တစ်ခွင်လုံး မှောင်မိုက်နေသည်။ ကျန်စစ်သားသည် ရန်သူတပ်က အစောင့်အကြပ်တို့ကို ဖြတ်ကျော်လျက် ရန်သူတပ်တွင်း ထိုးဖောက်ဝင်ရောက်ကာ စောလူးကို တိတ်တဆိတ်ထမ်းပိုးပြီး ထွက်ပြေးရန် ကြိုးစားအားထုတ်သည်။ သားမက်ကို သူခိုးထင်သည်။ ဆက်ရက်ကို ချိုးထင်သည်။

ကျန်စစ်သားသည် ငါ၏ ခမည်းတော်မျက်၍ တိမ်းရှောင်နေရသူဖြစ်သောကြောင့် ငါ့ကို အာဃာတနှင့်တုံ့ပြန်လိုသူဖြစ်မည်။ နို့စို့ဖက် ရောင်းရင်းဖြစ်သူ ငရမန်ကန်းလက်ထဲတွင် ငါ၏အသက် ပိုမိုစိတ်ချရသည်" ဟု အထင်ရောက်သွားပြီးလျှင် "ကျန်စစ်သား ငါ့ကို လာခိုးနေတယ်"ဟူ၍ အော်ဟစ်လိုက်လေသည်။

ထိုအခါ ကျန်စစ်သားသည် မိမိ လွတ်မြောက်ရေးကလည်း ရှိနေသဖြင့် စောလူးကို ပုခုံးပေါ်က ပစ်ချခဲ့ပြီးလျှင် "ရန်သူ့လက်ထဲ နေရစ်ခဲ့တော့" ဟု ပြောလျက် အမိုက်မှောင်လွှမ်းနေသော မြစ်ရေပြင်ထဲ လျှင်မြန်စွာဆင်းပြီး ကူးပြေးသည်။ မိတ်ဆွေကိုပစ်ပြီး ရန်သူကို အားကိုးသော စောလူးမှာမူ သူမိတ်ဆွေထင်သော ရန်သူငရမန်ကန်း၏ ကွပ်မျက်ခြင်းခံသွားရသည်။ ကျန်စစ်သားတွင် ရန်သူတပ်တွင်းက  လွတ်မြောက်ထွက်ပြေးသွားရေးမျှသာမကဘဲ ပုဂံမြို့တော် ရန်သူ့လက်ထဲ မကျရောက်ရေး တာဝန်ကလည်း ရှိနေသည်။

ရောဝတီမြစ်ကို ခဲခဲယဉ်းယဉ်း ဖြတ်ကူးလျက် ကျောက်ဆည်နယ်ဘက်သွားသည်။ ထိုဒေသ၌ အားဖြည့်ပြီးလျှင် ပုဂံကို ဝန်းရံပိတ်ဆို့ထားသော ငရမန်ကန်းတပ်ကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်သည်။ ဤတွင်

ရန်သူတပ်သည် ကျိုးပေါက်သွားပြီးလျှင် ဧရာဝတီမြစ်ရိုးတလျှောက် ကစဥ့်ကလျား စုန်ဆင်းပြေးသွားကြရသည်။ ဧရာဝတီတွင် ဖောင်ဖြင့်ဆုတ်ပြေးသောငရမန်ကန်းကိုလိုက်တိုက်ရာ ငရမန်ကန်းသည်စဥ့်ကူးအရပ်၌ မြားသင့်ပြီး သေဆုံးသွားသည်။

စောလူးနှင့် ကျန်စစ်သားကတစ်ဖက်၊ ငရမန်ကန်းကတစ်ဖက် တိုက်ကြသော စစ်ပွဲ၌ သင်ခန်းစာတစ်ရပ်ပေါ်ထွက်လာသည်။ ကျေးဇူးရှင်ကို ကျေးစွပ်သူသည် ပျက်စီးဆုံးပါးခြင်းသို့ ရောက်ရတတ်၏ ဟူသော သင်ခန်းစာဖြစ်သည်။ ကျေးဇူးရှင်ကို ကျေးစွပ်၍ ပျက်စီးဆုံးပါးသွားသော စောလူး၏ ဇာတ်လမ်းကို ဖတ်ရသောအခါ ဇာတ်တော်ထဲက "မဟာကပိ" ဇာတ်ကို သွားသတိရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ကာသိကရွာမှ ပုဏ္ဏားတစ်ယောက်သည် ဟိမဝန္တာတောတွင် မျက်စိလည်လမ်းမှားပြီး တစ်ပတ်တိတိ အစာရေစာမစားရသဖြင့် တည်ပင်တစ်ပင်ပေါ်တက်သောအခါ သစ်ပင်ပေါ်ကလိမ့်ကျပြီး ချောက်ကမ်းပါးကြီးထဲကျသွားသည်။ ပုဏ္ဏားသည် ချောက်ကမ်းပါးကြီးထဲတွင် ဆက်ရက်မျှကြာသွားသည်။ ထိုတောထဲတွင် ဘုရားအလောင်း မဟာကပိမျောက်သည် ပုဏ္ဏား၏ အဖြစ်ဆိုးကို တွေ့ရ၍ သနားဂရုဏာသက်သွားပြီးလျှင် ချောက်ကမ်းပါးထဲက ပုဏ္ဏားကို ကျောပေါ်ပိုးပြီး ချောက်ကမ်းပါးပေါ်ခုန်တက်လာခဲ့သည်။ မဟာကပိမျောက်သည် အားစိုက်လိုက်ရသဖြင့် ပင်ပန်းမောဟိုက်သွားသည်။ ထို့ကြောင့် ပုဏ္ဏားကို ကျောက်ဖျာတစ်ခုပေါ်၌ နေစေပြီးလျှင် အပန်းဖြေရင်း အိပ်ပျော်သွားသည်။ ထိုအခါ ပုဏ္ဏားသည် အိပ်ပျော်နေသော မျောက်ကိုကြည့်လျက် သူ့ကျေးဇူးရှင်မျောက်၏ အသားကို စားလိုစိတ်ပေါ်လာသည်။ ထို့ကြောင့် အိပ်ပျော်နေသော မျောက်၏ဦးခေါင်းကို ကျောက်ခဲဖြင့် ထုလိုက်သည်။ သို့သော်လည်း မဟာကပိမျောက်သည် ပုဏ္ဏားကို စိတ်ပျက်မသွားပေ။ သစ်ပင်ပေါ် ခုန်တက်လျက် "ငါ့ဦးခေါင်းက ကျသော သွေးစက်ရာကို ကြည့်ပြီးလိုက်ခဲ့" ဟုပြောလျက် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးပြီး ပုဏ္ဏားကို လမ်းပြသွားသည်။ ထိုပုဏ္ဏားသည် ကျေးဇူးရှင်ကို ကျေးစွပ်သူဖြစ်၍ ဇာတ်သိမ်းမကောင်းဖြစ်သွားရသည်။

စောလူးသည် ကျေးဇူးရှင်ကို ကျေးစွပ်သူဖြစ်သည်။ သူ့ကို ကယ်သူအား သေတွင်းပို့ခဲ့သည်။ "ကျွန်ုပ်ကို ကျန်စစ်သား လာခိုးနေတယ်" ဟု စောလူးအော်ခြင်းသည် မဟာကပိမျောက်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ပုဏ္ဏားထုခြင်းနှင့် အတူတူပင်ဖြစ်သည်။

ရည်ညွှန်း

၁။မှန်နန်းရာဇဝင်

## ၄။ ဘုရားဆုပန် မြန်မာဘုရင်

ပုဂံသမိုင်း၌ ထင်ရှားကျော်ကြားသော ဘုရင်သုံးပါးရှိသည်။ ဘုရင်တစ်ပါးမှာ အနော်ရထာဖြစ်ပြီး အခြား ဘုရင်နှစ်ပါးမှာ ကျန်စစ်သားနှင့် အလောင်းစည်သူ ဖြစ်သည်။ အနော်ရထာသည် မြန်မာနိုင်ငံတော်ကို တည်ဆောက်သူဖြစ်သည်။ ကျန်စစ်သားနှင့် အလောင်းစည်သူတို့ကမူ အနော်ရထာ တည်ဆောက်သွားသော မြန်မာနိုင်ငံတော်ကို အထွတ်တင်သူ၊ မွမ်းမံသူများဖြစ်သည်။ တောင့်တင်းခိုင်မာအောင် ကြိုးပမ်းသူများဖြစ်ကြသည်။ ထိုဘုရင်သုံးပါး တည်ဆောက်ခဲ့သော တောင့်တင်းခိုင်မာအောင်လုပ်ခဲ့သော ပုဂံပြည်ကြီးသည် နောက်ပိုင်းဘုရင်များလက်ထက် ကျရောက်လာသောအခါ တစ်စပြီးတစ်စ ပြိုကွဲပျက်စီးသွားသည်။

အနော်ရထာဘုရင် တည်ဆောက်ခဲ့သော ပုဂံပြည်အထွတ်တင်သူ၊ မွမ်းမံသူ ဘုရင်မြေးအဘိုးတို့၏ ဘဝကို လေ့လာကြည့်သောအခါ အဘိုးဖြစ်သူ ကျန်စစ်သား၏ ဘဝသည် အတက်အဆင်းအနိမ့်အမြင့်တည်းဟူသော လောကဓံတရားပြွမ်းနေပြီး အလောင်းစည်သူ၏ ဘဝမှာမူ တစ်ပြေးတစ်ညီတည်း ရှိနေသည်။ ကျန်စစ်သားသည် ဆူးပြောင့်ခလုတ်ရှိသောလမ်းကို လျှောက်ရပြီး အလောင်းစည်သူကမူ ပန်းခင်းသောလမ်းကို လျှောက်ရသူဖြစ်သည်။

ကျန်စစ်သားသည် လူ့ပြည့်မရောက်မီ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေစဉ်နှင့် မွေးဖွားပြီးစ အချိန်ကာလမှစ၍ အနော်ရထာ၏ အငြိုးအငြင်ခံရ၍ အကြိမ်ကြိမ်အခါခါ သေတွင်း နှုတ်ခမ်းလျှောက်ခဲ့ရသည်။ သူကောင်းပြုခံရပြီး တိုက်ပွဲအလီလီတိုက်ပြီး ဘုရင့်အကျိုး တိုင်းပြည်အကျိုးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဘုရင်မျက်ပြန်သဖြင့် ရွှေပြည်တော်နှင့် အလှမ်းဝေးရာ၌ ကိုယ်ရောင်ဖျောက်ပြီး ရှောင်တိမ်းသွားလာနေရသည်။ အနော်ရထာကံတော်ကုန်ပြီး ပုဂံထီးနန်းက ထိုက်သူတန်သူ ငံ့လင့်နေသော်လည်း ကြားထဲတွင် စောလူးခံနေသဖြင့် ကျန်စစ်သားသည် ထီးနန်း တံစက်မြိတ်သို့ တော်တော်နှင့် မသီနိုင်ခဲ့ပေ။ ထီးနန်းတံစက်မြိတ်နား ရောက်လာသော်လည်း စောလူးမွေ့သော စစ်မီးထတောက်လာသဖြင့် ငရမန်ကန်းနှင့် သူနိုင်ငါနိုင် အားပြိုင်ရပြန်သည်။

အနှောင့်အယှက်အဟန့်အတားများ ကင်းရှင်းသွားပြီး ပုဂံထီးနန်းတွင် အထိုင်ကျသွားသော အခါကျမှသာ ကျန်စစ်သားသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် သိပ်သည်းကျစ်လျစ်ရေး၊ စည်းလုံးခိုင်မာရေးတို့ကို ဇောက် ချပြီး ကြိုးပမ်းအားထုတ်ရသည်။ စောလူးလက်ထက်တွင် အုပ်ချုပ်သူဘုရင် အရည်အချင်းညံ့ဖျင်းမှုကြောင့် နိုင်ငံတော် တစ်ခုလုံး ဝါးအစည်းပြေသကဲ့သို့ ဖြစ်သွားသည်။ ကျန်စစ်သားသည် ပြိုကွဲပျက်စီးလုနီးနီး ဖြစ်နေသော နိုင်ငံတော်ကို ပြန်လည်အဖတ်ဆည်ခဲ့သည်။ နိုင်ငံတော်အတွင်း တောင့်တင်းခိုင်မာရေးသည် နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုပေါ် အခြေတည်နေသည်။ ထို့ကြောင့် ကျန်စစ်သားသည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြန်မာလူမျိုးတို့နှင့် တောင်ဘက်ရှိ မွန်လူမျိုးတို့၏ စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအားထုတ်သည်။ နိုင်ငံတော်အတွင်း အေးချမ်းသာယာ မှုရှိလာသောအခါ နိုင်ငံတော်၌ စာပေနှင့်ယဉ်ကျေးမှုမြှင့်တင်ရေးကိုလည်းကောင်း၊ ဘာသာတရားထွန်းကား ပြန့်ပွားရေးကို လည်းကောင်း၊ ပြည်ပနှင့် ဆက်ဆံရေးကိုလည်းကောင်း အလေးထားဆောင်ရွက်သည်။ ယင်းသို့အားဖြင့် ကျန်စစ်သား အုပ်ချုပ်မင်းလုပ်သော နိုင်ငံတော်သည် ထိုခေတ်က ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်နိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

ကျန်စစ်သားနောက် ပုဂံထီးနန်းကို ဆက်ခံသော အလောင်းစည်သူ၏ ဘဝခရီးမှာမူ တစ်မျိုး တစ်ဘာသာ ဖြစ်သည်။ သူ့ဘေးအလောင်းတော်နှင့် သူ့ဘိုးလောင်းတော် ပန်းခင်းပေးသွားသော လမ်းကို လျှောက်ရသူဖြစ်သည်။ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ရင်ခွင်ပိုက်ဘုရင်ဖြစ်လာခဲ့သည်။ အနော်ရထာသည် သူ့ခမည်းတော်ဘက်က ဘေးတော်ဖြစ်သည်။ ကျန်စစ်သားကမူ အမိဘက်က ဘိုးတော်ဖြစ်သည်။ ကျန်စစ်သားလွန်သော် ထီးနန်းအရိုက်အရာကို ဆက်ခံရမည့်သူ ဘုရင့်သားတော်ရာဇကုမာရ ရှိနေသော်လည်း သားတော်ကိုကျော်လွှားပြီး မြေးတော်ဖြစ်သူအလောင်းစည်သူ ဘုရင် ဖြစ်လာသည်။ ထီးနန်းစိုးစံရမည့် ကံဇာတာ ပါလာသည်ဖြစ်၍ သားတော် ရာဇကုမာရက ခမည်းတော်အစီအမံကို ထောက်ထားလျက် မည်သို့မျှ ဓားရေးမပြဘဲ ကျေနပ်အားရစွာနှင့်ပင် နေရာဖယ်ပေးသည်။

အလောင်းစည်သူသည် ပန်းခင်းသောလမ်းကို လျှောက်သွားရသည်ဆိုသော်လည်း တိုင်းပြည်နိုင်ငံအတွင်း၌ ပုန်ကန်ထကြွသော သောင်းကျန်းသူ သူပုန်သူကန်တို့ကိုမူ နှိမ်နင်းရသေးသည်။ သို့သော်လည်း သူ၏ ဘုန်းလက်ရုံး အရှိန်အဝါအောက်တွင် သောင်းကျန်းသူ သူကန်များ ကြာရှည်စွာ ရပ်တည်မနေနိုင်ကြပေ။ သူ၏ ဘုန်းလက်ရုံးနှင့် စပ်လျဉ်း၍ မြန်မာတို့ ဆိုရိုးစကားတစ်ခုရှိသည်။ အလောင်းစည်သူလက်ညှိုးညွှန်ရာ ရေဖြစ်သည်။ မိမိသွားလိုသည့် အရပ်ဒေသကို လက်ညှိုးညွှန်၍ ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်သည်။

မြန်မာဘုရင်များထဲတွင် အလောင်းစည်သူသည် ခရီးအသွားဆုံး၊ တိုင်းခန်းလှည့်လည်ဆုံးဖြစ်သည်။ လှေဖောင်တော်ဖြင့် ရေလမ်းခရီးသွားသည်တွင် ပုသိမ်သို့ ရောက်သည်။ ပုသိမ်မှတစ်ဖန် မာလာယုသို့သွားသည်။ ရခိုင်ကျွန်းစုများသို့ သွားသည်။ ဗင်္ဂါပြည်နယ်ရှိ စစ်တကောင်းဟု ယူဆရသော အိန္ဒိယဒေသသို့ ရောက်သွားသည်။ ဗင်္ဂါပြည်နယ်ရှိ အိန္ဒိယဒေသ၌ အနော်ရထာမင်းကြီး ထုလုပ်ထားသော ရုပ်တုများကို တွေ့ခဲ့သည်။

ဇမ္ဗူ့သပြေပင်ပေါက်ရာ ဇမ္ဗူဒီပါကျွန်းသို့လည်း ရောက်သွားသည်။ သပြေရွက်ကို လေခတ်သော အသံနှင့် ဇမ္ဗူ့သပြေသီးရေထဲ ကြွေကျသော အသံမှာ သာယာနာပျော်ဖွယ်ရှိလှသောကြောင့် ယင်းအသံကို အတုယူပြီးလျှင် ယင်းအသံမျိုးထွက်သော "ဗျော" ကို တီထွင်ပြုလုပ်သည် ဟူ၍ပင် ဒဏ္ဍာရီဆိုရိုးစကားရှိနေသည်။ ယင်းသို့ ပြည်တွင်းပြည်ပ တိုင်းခန်းလှည့်လည်ရာ၌ ရောက်ရာအရပ်ဒေသများတွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သည်။ မြန်မာနိုင်ငံအနှံ့ပြားရှိ ဖောင်တော်ဦးဘွဲ့တော်ရသော စေတီပုထိုးများကို အလောင်းစည်သူမင်းကြီးတည်သည်ဟု ယူဆကြသည်။ သို့သော်လည်း အလောင်းစည်သူလက်ထက် တိုင်းနိုင်ငံ၌ သောင်းကျန်းသူ သူကန်ထခြင်းမှာ အုပ်ချုပ်သူဘုရင်အနေနှင့် မိမိတိုင်းနိုင်ငံ၌ အနေနည်းပြီး ခရီးအထွက်များနေသောကြောင့်ဟု တစ်ချို့က ဆိုကြသည်။ ဘုရင်တစ်ပါးပါးသည် မိမိထီးနန်းတည်ရှိသော မြို့တော်အတွင်း၌ နေမှသာ လုံခြုံမှုရှိသည်။ အဝေးတွင် ကြာရှည်လေးမြင့်စွာ သွားရောက်နေပြီး မိမိတိုင်းပြည်ပြန်လာသောအခါ မိမိ၏ ရာဇပလ္လင်ပေါ် သူတစ်ပါးတက်ထိုင်နေသည်ကို တွေ့ရတတ်သည်။ အလောင်းစည်သူမင်းကြီးလည်း အရိယာ မဟုတ်သေးပေ။ ပုထုဇဉ်မျှသာ ရှိသေးသည်။ ပုထုဇဉ်တို့၏ ဖြစ်လေ့ဖြစ်ထရှိသော သဘောသဘာဝအတိုင်း မင်းပျိုမင်းလွင်အရွယ်၌ အလောင်းစည်သူမင်းကြီးသည် အောင်မြင်မှု သရဖူဆောင်းလာသောအခါ ကိုယ့်ကိုယ်ကို အထင်ကြီးလာသည်။ ဘဝင်မြင့်တက်လာသည်။ ငါ့လိုလူ ဇမ္ဗူမရှိဟု ထင်လာသည်။ "ငါသည် ဘုရင်တကာ မင်းတကာတို့ထက် ဘုန်းလက်ရုံးနှင့် ပြည့်စုံသည်။ ငါ၏ အရင့်အရင် ဘေးလောင်းဘိုးလောင်းများသည် ငါ့ကိုမမီ" ဟူ၍ သားတော် အရင်းခေါက်ခေါက်ကိုကျော်၍ မြေးတော်သူ မိမိအား ထီးမွေနန်းမွေအပ်သော မိမိဘိုးတော်ကိုပင် ထိပါးလာသည်။ ယင်းသို့ မပြစ်မှားအပ်သော အနန္တောအနန္တဂိုဏ်းဝင်များကို ပြစ်မှားမိသည်ဖြစ်၍ အလောင်းစည်သူသည် မျက်စိအလင်း ကွယ်သွားကြသည်ဟုပင် ဆိုကြသည်။ သို့သော်လည်း မင်းကြီးသည် တရားနှင့်မဝေးသူဖြစ်၍ မကြာမီ အမြင်မှန်ပြန်ရသည်။ နောင်တကြီးစွာ ရပြီးလျှင် ဘေးလောင်းတော် ဘိုးလောင်းတော်များ၏ ပုံတူများကို ရွှေစင်ဖြင့် ထုလုပ်လျက် နတ်ကွန်းနတ်နန်းများတွင် ကိုးကွယ်တည်ထားပြီး ပူဇော်ကန်တော့သည်။ ထိုအခါကျမှ မျက်စိနှစ်ကွင်း အလင်းပြန်ရသည်ဟု ဆိုစမှတ်ပြုကြသည်။

ရှည်လျားသော အလောင်းစည်သူ၏ နန်းသက်တစ်လျှောက် အလောင်းစည်သူ၏ ပြုမူဆောင်ရွက်ပုံများမှာ စံထားလောက်သည်ဖြစ်၍ မြန်မာသမိုင်းဆရာတို့သည် အလောင်းစည်သူကို အထူးအမွှမ်းတင်ကြသည်။ နောက်နောင် ဘုရင်များကို အလောင်းစည်သူကဲ့သို့ပင် မင်းကောင်းမင်းမြတ်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ အမွှမ်းတင်ကြခြင်း လက္ခဏာရှိသည်။

အလောင်းစည်သူသည် အရွယ်ထောက်လာသောအခါ ဘာသာရေး ပိုမိုကိုင်းရှိုင်းလာသည်။ စေတီပုထိုးများကို အနှံ့အပြားတည်သည်။ အလောင်းစည်သူတည်သော စေတီပုထိုးများတွင် ဉာဏ်တော်အမြင့်ဆုံးနှင့် အခမ်းအနားဆုံးမှာ သဗ္ဗညုဖြစ်သည်။ သဗ္ဗညုဘုရားမတည်ခင် ၁၃ နှစ်ခန့်ကတည်သော ရွှေဂူကြီးဘုရားသည်လည်း အလောင်းစည်သူ၏ ကြီးမားခန့်ထည်သော ပုထိုးတစ်ဆူပင်ဖြစ်သည်။ ပါဠိဘာသာဖြင့် ရေးထိုးထားသော ရွှေဂူကြီးဘုရားကျောက်စာ၌ အလောင်းစည်သူသည်

"အကျွန်ုပ်သည် ဤကောင်းမှုကုသိုလ်ကံ၏ အကျိုးကြောင့် ပြန့်ပြောလှစွာသော ဤလူ့ပြည်ကိုလည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်ကိုလည်းကောင်း၊ နတ်ပြဟ္မာ အသူရာမာန်နတ်အဖြစ်ကိုလည်းကောင်း၊ တန်ခိုးက္ကဒ္ဓိပါဒ် အလုံးစုံတို့ဖြင့်ပြီးသော လူမင်းကိုလည်းကောင်း၊ မတောင့်တလိုပါ။ မြတ်စွာဘုရား၏ တပည့်သာဝက အဖြစ်ကိုလည်းကောင်း၊ သံသရာရေအလျဉ်ကို ဖြတ်လျက် တံတားကိုခင်းပြီးလျှင် သံသရာဝဲသြဃ၌ နစ်မြုပ်နေကြသော သတ္တဝါအပေါင်းတို့အား ကယ်ဆယ်ပြီးလျှင် လူအပေါင်းတို့အား မြတ်လှစွာသော နိဗ္ဗာန်ရွှေပြည်သို့ ရောက်စေအံ့။ အကျွန်ုပ် သံသရာမှ ကူးမြောက်ပြီးလျှင် သံသရာရေအလျဉ်ကြော၌ မျောနေကြသော လူတို့အားလည်း ကူးမြောက်စေအံ့။ မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆိုဆုံးမအံ့။ အပရာဇိတ ရွှေပလ္လင်ဗောဓိပင်ရင်း၌ အကျွန်ုပ်သည် သစ္စာလေးပါးတရားကို သိမြင်သော ဘုရားရှင်ဖြစ်လတ္တံ့။" စသည်ဖြင့် ဘုရားဆုပန်ထားသည်။ အလောင်းစည်သူ၏ ဆုတောင်းမှာ အဆင့်မြင့်လှသည်။ ယင်းဆုတောင်း အရဆိုလျှင် အလောင်းစည်သူသည် နှစ်ရှည်လများ ခံစား၊ စံစားခဲ့သော မင်းစည်းစိမ်ကို ငြီးငွေ့သွားပုံရသည်။ မင်းစည်းစိမ်မျှကိုသာမကပဲ အခြားလူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ပြဟ္မာစည်းစိမ်၊ မည်သည့်လောကီစည်းစိမ်ကိုမှ မလိုလားတော့ပေ။ သာဝကဆုကိုပင် မပန်ဘဲ သတ္တဝါအပေါင်းတို့အား နိဗ္ဗာန် သောင်ကမ်းသို့ ပို့ဆောင်ပေးနိုင်သည့် ဘုရားအလောင်းတော်တို့ ပန်သောဆုမျိုးကိုသာ တောင်းသည်။ အလောင်းစည်သူ၏ ဆုတောင်းသည် အသောကမင်းတရားကြီး၏ ဆုတောင်းနှင့် ဆင်တူနေသည်။ အသောကမင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်ခါနီးဆဲဆဲတွင်လည်း လက်နစ်ဖက်ကို ယှက်လျက် သံဃာတော် အရှင်မြတ်များ သီတင်းသုံးသော ကျောင်းတိုက်ဘက်လှည့်ပြီးလျှင်...

"တပည့်တော်သည် မိမိအစိုးရသည့် မြေပြင်အလုံးကို အရှင်မြတ်များအား လှူဒါန်းပါသည် အရှင်ဘုရား၊ ဤသို့ လှူဒါန်းရသော ကောင်းမှုကြောင့် တပည့်တော်သည် နတ်ပြည်သို့လည်း မရောက်လိုပါ။ ဗြဟ္မာပြည်သို့ မရောက်လိုပါ။ မင်းစည်းစိမ်ကိုလည်း မခံစားလိုပါ။ မင်းစည်းစိမ် ဟူသည် ရေပွက်ပမာ တစ်ခဏမျှသာခံပါသည်။ ဤကုသိုလ်ကောင်းမှုကြောင့် တပည့်တော်ရလိုသည့်ဆုမှာ အရိယာသံဃာတော်များ တန်ဖိုးထားကြသော မိမိစိတ် မိမိထိန်းချုပ်နိုင်ရေးပင် ဖြစ်ပါသည်ဘုရား။ ယင်းဥစ္စာရတနာသည် မည်သည့်အခါမျှ ပြောင်းလဲဖောက်ပြန်မှုမရှိသည့် ဥစ္စာရတနာပင် ဖြစ်ပါသည်။" ဟူ၍ ဆုတောင်းသည်။ အသောကမင်းကြီးနှင့် အလောင်းစည်သူတို့သည် မင်းစည်းစိမ် မင်းအာဏာကို ရေပွက်ပမာမျှသာ ထင်သွားကြသည်။

အလောင်းစည်သူ၏ ဆုတောင်းသည် သန္တိဒေဝမဟာထေရ(ခရစ် ၇ ရာစု) ဆုတောင်းနှင့်လည်း အသွင်တူဖြစ်သည်။

"ဤဘဝ၌လည်းကောင်း၊ နောင်လာလတ္တံ့သော ဘဝအားလုံး၌လည်းကောင်း၊ ငါ့တွင် ရှိသမျှဘာမဆို
အားလုံးစွန့်လွှတ်မည်။
အကယ်၍ သတ္တဝါအားလုံးရွှင်ပြီး ချမ်းမြေ့မည်ဆိုလျှင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်က ငါ၏
ကုသိုလ်ကောင်းမှုဟူသမျှကို ငါစွန့်လွှတ်မည်။
သတ္တဝါအားလုံး၏ အကျိုးအတွက် မိမိကိုယ်ခန္ဓာကိုပင် ငါစွန့်လွှတ်မည်။ ငါ၏နှလုံးသားထဲတွင်
တောင့်တချက်တစ်ခုရှိသည်။ သတ္တဝါအားလုံး ဗောဓိဉာဏ်အလင်း ရရှိကြပါစေဟူသော
တောင့်တချက်ဖြစ်သည်။
သတ္တဝါတို့အား ပြုစုခြင်းသည် ဗုဒ္ဓအား ပြုစုခြင်း မည်သည်။
မာနအားလုံး ပျက်စီးသွားပါစေ၊ ငါစွဲ၊ အတ္တစွဲကွယ်သွားပါစေ။
တခြားသူများ၏ ရွှင်လန်းချမ်းမြေ့မှုအတွက် လိုလားတောင့်တသော ငါ၏ လိုလားတောင့်တချက်
ကြီးထွားလာပါစေ။"

ပုဂံထီးနန်းတွင် နှစ်ရှည်လများစိုးစံပြီးသောအခါ အလောင်းစည်သူသည် သက်တော် ၈၁ နှစ်အရွယ်တွင် နာမကျန်းဖြစ်လာသည်။ ပန်းခင်းသောလမ်းကို လျှောက်လာခဲ့သော်လည်း အလောင်းစည်သူသည် ဇာတ်သိမ်းမကောင်းပေ။ သူ၏ ဘိုးတော်ကျန်စစ်သား၏ ဇာတ်သိမ်းခန်းနှင့် နှိုင်းယှဉ်ကြည့်လိုက်လျှင် မိုးနှင့်မြေကြီးပမာ ကွာခြားနေသည်။ ကျန်စစ်သား သေအံ့မူးမူးအချိန် မရဏညောင်စောင်းတွင် လဲလျောင်းနေစဉ် သားတော်ရာဇကုမာရသည် မင်းကြီးအပါး၌ ခစားလျက် ခမည်းတော်မင်းကြီး ဘဝကူးကောင်းစေရန် ရွှေဆင်းတုတစ်ဆူသွန်းလုပ်၍ မင်းကြီးကိုယ်စားလှူဒါန်းကာ ရေစက်သွန်းချ အမျှတန်းပေးဝေသည်။ ကျန်စစ်သားနတ်ရွာစံခါနီး၌ အဖကျေးဇူးသိတတ်သော သားတော်ရာဇကုမာရ၏ အပြုအမူမှာ စိတ်ကြည်နူးဖွယ်ကောင်းလှသည်။

အလောင်းစည်သူမင်းကြီး နတ်ရွာစံမည့်ဆဲဆဲ မရဏညောင်စောင်းတွင် လဲလျောင်းနေစဉ် သားတော်နရသူ၏ အပြုအမူမှာမူ ရာဇကုမာရ၏ အပြုအမူနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။ ခမည်းတော်မင်းကြီး နာမကျန်းဖြစ်ပြီး ရောဂါသည်းလာသောအခါ သားတော်နရသူသည် ခမည်းတော်ကို ရွှေဂူကြီးဘုရားတွင် ရွှေ့ပြောင်းထားလိုက်သည်။

ပုဂံထီးနန်းမှာမူ သူ့လက်သူ့ခြေ ဖြစ်နေသည်။ သို့သော်လည်း အေးချမ်းသာယာသော ဓမ္မပတ်ဝန်းကျင်၏ အတွေ့အထိ ခံရသောအခါ သတိလစ်နေသော ဘုရင်မင်းကြီးသည် ပြန်လည်သတိရလာသည်။ နရသူ၏ အမိန့်နှင့် မိမိကို နန်းတော်တွင်မထားဘဲ ရွှေဂူကြီးဘုရားပို့ထားကြောင်း သိရသောအခါ အလောင်းစည်သူမင်းကြီးသည် အကြီးအကျယ် အမျက်ပွားသွားသည်။ ခမည်းတော်မင်းကြီး သက်သာလာပြီဆိုသည့် သတင်းကြားသိရသောအခါ နရသူသည် ခမည်းတော် မင်းကြီးထံ အပြေးအလွှားသွားသည်။ ခမည်းတော်မင်းကြီး သက်သာလာပြီဆို၍ ဝမ်းသာအားရဖြစ်သွားခြင်း မဟုတ်ပေ။ ထီးနန်းမသိမ်းပိုက်ရမှာ စိုးသောကြောင့် အကြံအဖန်လုပ်ရန် သွားခြင်း ဖြစ်သည်။

ထိုအချိန်၌ အလောင်းစည်သူမင်းကြီးသည် ရွှေဂူကြီးစေတီတော်အတွင်းရှိ မရဏညောင်စောင်းမှနေ၍ မလှမ်းမကမ်း၌ရှိသော ရွှေဂူကြီးဘုရားထက်ပင် ကြီးမားသည့် မိမိကောင်းမှုတော်တစ်ဆူဖြစ်သော သဗ္ဗညုဘုရားကို လှမ်းပြီးဖူးမြော်ကြည်ညိုနေသည်။ သားတော် အကျဉ်းချထားသော မင်္ဂိုဘုရင်ရာဂျပုန်သည် အကျဉ်းခံနေရသော အဆောင်တော်ပေါ်မှ သူ့မိဖုဘုရားကြီး၏ သင်္ချိုင်းဂူဗိမာန်“တာ့ဂျမဟာလ်”ကို လှမ်းမျှော်ကြည့်ရင်း “မုမ်တာ့ဂျ်” ဟု မိဖုရားအမည်ကို တလျက် အသက်ထွက်သွားသည်။ သေအံ့မူးမူးအချိန်၌ တစ်စုံတစ်ခုသော အဆောက်အအုံကို လှမ်းမျှော်ကြည့်ခြင်းမှာမူ ဘုရင်နှစ်ပါးသည် အတူတူပင်ဖြစ်သည်။

ခမည်းတော်မင်းကြီး မရဏညောင်စောင်းပေါ်မှ သဗ္ဗညုဘုရားကို လှမ်းပြီးဖူးမြော်ကြည်ညိုနေစဉ် သားတော်နရသူကမူ ခမည်းတော်မင်းကြီး ဤတောင်မှ ကျော်လာမှာကို စိုးရိမ်နေသည်။ နာလန်ပြန်ထူလာမှာ ကြောင့်ကြနေသည်။ ထီးနန်းမသိမ်းပိုက်ရမှာ ပူပန်နေသည်။ ထို့ကြောင့် သူ၏ကျေးဇူးရှင် ခမည်းတော်၏ မျက်နှာကို သလွန်ခင်းသော အဝတ်ဖြင့် အုပ်ပြီး သတ်ပစ်လိုက်သည်။

တစ်ယောက်သောသားတော်က တစ်ယောက်သော ခမည်းတော်အား ကွယ်လွန်ချိန်၌ ဘဝကူးကောင်းအောင်လုပ်ပြီး တစ်ယောက်သော သားတော်ကမူ တစ်ယောက်သော ခမည်းတော်အား နတ်ရွာစံချိန်၌ အသေမဖြောင့်အောင် လုပ်လိုက်သည်။ ကျန်စစ်သားမင်းကြီး ဇာတ်သိမ်းကောင်းခြင်းမှာ ထီးနန်းစည်းစိမ်ကို မမက်မောသော သားလိမ္မာကို မွေးထားသောကြောင့်ဖြစ်သည်။ အလောင်းစည်သူမင်းကြီး ဇာတ်သိမ်းမကောင်းခြင်းမှာ ထီးနန်းစည်းစိမ်ကို မက်မောသော သားမိုက်ကို မွေးထားသောကြောင့် ဖြစ်သည်။

ရည်ညွှန်း။

၁။ မှန်နန်းရာဇဝင်

၂။ သုသောဓိတ မဟာရာဇဝင်

၃။ ရာဇဝင်မှတ်စု(ရန်ကုန် တက္ကသိုလ် မြန်မာ ရာဇဝင်အသင်း (၁၉၅၈-၅၉))

၄။ ရွှေဂူကြီး(ဆောင်း ပါး၊ ရွှေဝတ်မှုန် မဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၁၀)

၅။ History of Burma (Myanmar) G.E.Harvery

၆။ A Pageant of Burmese History W.S.Desai

၇။ ဗောဓိစရိယာဝတာရ (သက္ကတ) သန္တိဒေဝ

## ၅။ ဘာသာရေးလွတ်လပ်ခွင့်

မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်မင်းလုပ်သော ဘုရင်တို့သည် မိမိတို့၏ တိုင်းနိုင်ငံ၌ ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်ပေးကြသည်။ မိမိတို့ တိုင်းနိုင်ငံ၌ ပြည်သူအများယုံကြည် ကိုးကွယ်သော ဘာသာတရားများအနက် ဘာသာတရားတစ်ခုဘက်လိုက်ပြီး အခြားဘာသာတရား တစ်ခုကို မတရားဖိနှိပ်သည့် အပြုအမူမျိုးကို မပြုလုပ်ကြပေ။ မိမိတိုင်းနိုင်ငံ၏ ယုံကြည်ကိုးကွယ်သော ဘာသာတရားအားလုံးကို သူ့အချိုးအစားနှင့်သူ တန်းတူရည်တူ အခွင့်အရေးပေးကြသည်။ သို့သော်လည်း ကမ္ဘာ့သမိုင်း၌ မိမိတို့ ယုံကြည်ကိုးကွယ်သော ဘာသာတရားကို မြှောက်စားပြီး ဆန့်ကျင်ဘက် ဘာသာတရားကို ဖိနှိပ်ချုပ်ချယ်သော အုပ်ချုပ်မင်းလုပ်သူများလည်း ရှိသည်။

ပုဂံခေတ်ဘုရင်များသည် မိမိတို့ တိုင်းနိုင်ငံ၌ ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်ပေးကြသလော။ သို့တည်းမဟုတ် မိမိတို့ မကိုးကွယ် မဆည်းကပ်သော ဘာသာတရားအပေါ်၌ မတရားဖိနှိပ်ချုပ်ချယ်မှု ပြုကြသလော။

ပုဂံ၌ ထင်ရှားရှိနေကြသော ဗုဒ္ဓဘာသာသာသာသနိက အဆောက်အအုံများထဲတွင် တစ်ခုတည်းတည်ရှိနေသည့် နတ်လှောင်ကျောင်းသည် ပုဂံပြည်၌ ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်ရှိသည်ဆိုသည့် အချက်ကို သက်သေပြနေသည်။ ပုဂံဘုရင်များ၏ ထီးနန်းများ၌ များသောအားဖြင့် နက္ခတ္တဗေဒင်ပညာနှင့် ပတ်သတ်၍လည်းကောင်း၊ ထီးနန်းဓလေ့အခမ်းအနားများ ကျင်းပပြုလုပ်ရာ၌လည်းကောင်း ဘုရင်တို့၏ အတိုင်ပင်ခံများမှာ ပြာဟ္မဏ (ပုဏ္ဏား) များ ဖြစ်ကြသည်။ ထို့ပြင် မိမိတို့၏ ပြည်တွင်းမှ အကြောင်းအမျိုးမျိုးဖြင့် ရေကြည်ရာ မြက်နုရာပြည်ပနိုင်ငံများသို့ ထွက်ခွာလာပြီး အခြေချနေကြသော ပြဟ္မဏလူမျိုးများလည်း ပုဂံပြည်၌ ရှိကြသည်။ ထို့ပြင် ပုဂံပြည်ရှိ သာသနိက အဆောက်အအုံ ဆောက်လုပ်ရာ၌ ဗိသုကာအတတ်ပညာနှင့် အနုပညာလက်ရာများကို လာရောက်လုပ်ကိုင်ပေးနေကြသော ပြဟ္မဏအနွယ်ဝင်များလည်း ရှိသည်။ ယင်းသို့ အလွှာအသီးသီးမှ အိန္ဒိယနွယ်ဖွားများ ပုဂံပြည်ရောက်ရှိလာကြသောအခါ သူတို့ ကိုးကွယ်သော ဘာသာတရားလည်း သူတို့နှင့် တစ်ပါတည်း ပါလာကြသည်။

ပုဂံပြည်၌ သထုံမှရောက်ရှိလာသည့် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားနေပြီဖြစ်သော်လည်း ခေတ်အဆက်ဆက် ဆင်းသက်လာခဲ့သော ဗိဿနိုးကိုးကွယ်မှု၊ မဟာယာနကိုးကွယ်မှု၊ နတ်နဂါးကိုးကွယ်မှု များသည် လုံးလုံးလျားလျား ပျောက်ကွယ်မသွားသေးပေ။ မနူဟာဘုရားတွင် နတ်ရုပ်များကို တွေ့ရှိနေရသည်။ ပြည်မြို့ ရွှေဆံတော်ဘုရား ကျောက်စာ၌လည်းကောင်း၊ သထုံမြို့ မြသိန်းတန်ဘုရားကျောက်စာ၌ လည်းကောင်း၊ ပုဂံဝန်းကျင်ရှိ ကျောက်စာများ၌လည်းကောင်း၊ ကျန်စစ်သားကို ဗိဿနိုးနတ်ဝင်စားအဖြစ် ရေးထိုးကြသည်။ ယင်းကျောက်စာများ၏ အလိုအရဆိုလျှင် ဗိဿနိုးနတ်ဝင်စား“အဝတာရ” များထဲတွင် ကျန်စစ်သားကို “ကောဒဿမအဝတာရ” အဖြစ်ပင် ထည့်ရမလို ဖြစ်နေသည်။ ယင်းကို ထောက်လျှင် ပုဂံခေတ်၌ ဗိဿနိုးကိုးကွယ်မှု အတော်ပင်ခေတ်စားနေဟန်ရှိသည်။

ယင်းအခြေအနေ၌ ပုဂံပြည်ဗုဒ္ဓဘာသာသာသနိက အဆောက်အအုံများထဲတွင် ဗိဿနိုးနတ်ဘုရားကျောင်း တစ်ဆောင်ရှိနေသည်မှာ အဆန်းမဟုတ်ပေ။ ဗိဿနိုးနတ်ဘုရားကျောင်းတွင် လျောင်းနေသော ဗိဿနိုးနတ်ဘုရားရုပ်ကို ထုလုပ်ကိုးကွယ်ထားသည်။ အနော်ရထာမှအစ ပုဂံဘုရင်များသည် ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်သော

ဘုရင်များဖြစ်ကြသော်လည်း ယုံကြည်ကိုးကွယ်မှုလွတ်လပ်ခွင့်အရ ဗိသနိုးနတ်ကိုးကွယ်မှုကို ခွင့်ပြုထားကြသည်။ ရှေးခေတ် အဘယဂိရိဂိုဏ်းဟူ၍ နိုင်ငံ သာသနာသမိုင်း၌ မဟာဝိဟာရဂိုဏ်းနှင့် အဘယဂိရိဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိသည်။ ရှေးခေတ် သီဟိုဠ်ဘုရင်များထဲတွင် ယင်းဂိုဏ်းကြီးနှစ်ဂိုဏ်းကို ညီတူညီမျှအားပေး ထောက်ပံ့သော ဘုရင်များ ရှိသကဲ့သို့ ဂိုဏ်းကြီး နှစ်ဂိုဏ်းအနက် တစ်ဂိုဏ်းဂိုဏ်းကို ဘက်လိုက်ပြီး ကျန်တစ်ဂိုဏ်းကို နှိပ်ကွပ်သော ဘုရင်များလည်း ရှိသည်။

သီဟိုဠ် သာသနာသမိုင်း၌ ဝေါဟာရိကတိဿဘုရင်လက်ထက်တွင် မဟာဝိဟာရဂိုဏ်းနှင့် အဘယ ဂိုဏ်းအပြင် ဝေတုလ္လဂိုဏ်းဟူ၍ ဂိုဏ်းသစ်တစ်ဂိုဏ်းပေါ်လာသည်။ မဟာဝိဟာရဂိုဏ်းနှင့် အဘယဂိရိဂိုဏ်းဝင် ရဟန်း သံဃာတော်များကို အားပေးလာခဲ့သော ဝေါဟာရိကတိဿဘုရင်သည် ဂိုဏ်းသစ်ဖြစ်သော ဝေတုလ္လဂိုဏ်းကို အဓမ္မဝါဒ ဂိုဏ်းဟူ၍ စွပ်စွဲပြီးလျှင် နှိမ်နင်းဖြိုဖျက်သည်။ ဝေါဟာရိကတိဿဘုရင်လက်ထက်က အနှိမ်ခံခဲ့ရသော ဝေတုလ္လဂိုဏ်းသည် လုံးဝပျောက်ကွယ် မသွားဘဲ ဂေါထာဘယလက်ထက်တွင် ပြန်လည်ခေါင်းထောင်လာသည်။ သို့သော် ဂေါထာဘယ ဘုရင်လည်း ဝေါဟာရိကတိဿဘုရင်ကဲ့သို့ ဝေတုလ္လဂိုဏ်းကို နှိမ်နင်းသည်။ ဝေတုလ္လဂိုဏ်း၏ ကျမ်းဂန်များကို မီးရှို့ပစ် သည်။ ဂိုဏ်းခေါင်းဆောင် ခြောက်ဆယ်ကို လင်္ကာဒီပ သီဟိုဠ်ကျွန်းမှ နှင်ထုတ်ပစ်သည်။ ယင်းရဟန်းများထဲက တချို့မှာ အိန္ဒိယတောင်ပိုင်း စောလတိုင်း ကာဝေရီပဋ္ဋနတွင် သွားရောက်နေထိုင်ကြသည်။

ပုဂံဘုရင်များသည် ယင်းသီဟိုဠ်ဘုရင်များကဲ့သို့ သာသနာဂိုဏ်းများထဲက တစ်ဂိုဏ်းကို ဘက်လိုက် လျက် အခြားဂိုဏ်းတစ်ဂိုဏ်းကို နှိမ်နင်းခြင်းမျိုးမရှိပေ။ အနော်ရထာနှင့် ကျန်စစ်သားတို့ လက်ထက်တွင် ပုဂံပြည်ရှိ ထေရဝါဒသာသနာလည်း သိသိသာသာ ဂိုဏ်းဂဏကွဲပြားသည်ဟူ၍ မရှိပေ။ ပုဂံပြည်၌ ထေရဝါဒ သာသနာ သိသိသာသာ ဂိုဏ်းကွဲသွားသည်မှာ နရပတိစည်သူမင်းကြီးလက်ထက်ကျမှ ဖြစ်သည်။ နရပတိစည်သူမင်းကြီးလက်ထက်တွင် သီဟိုဠ်ကျွန်း၌ ဆယ်နှစ်ဆယ်မိုး သွားသီတင်းသုံးသော ဆပ္ပဒမထေရ်သည် သီတင်းသုံးဖော် လေးပါးကို ခေါ်လျက် ပုဂံပြည် ပြန်လာ ပြီးလျှင် သီဟိုဠ်ပုံစံဂိုဏ်းသီးသန့် ထူထောင်သည်။ ယခင် ရှိရင်းစွဲဂိုဏ်းကို "ပုရိမသံဃာ" ဟု ခေါ်ပြီး ဆပ္ပကြီးမှူး ထူထောင် သော ဂိုဏ်းသစ်ကို "ပစ္ဆိမသံဃာ" ဟုခေါ်သည်။ သို့သော်လည်း ပုဂံထေရဝါဒ သာသနာတွင် ဂိုဏ်းကြီးနှစ်ဂိုဏ်း သိသိသာ သာကြီး ကွဲပြားခြားနားသွားသော်လည်း ပုဂံဘုရင်များသည် နှစ်ဂိုဏ်းလုံးကို တန်းတူရည်တူ ကိုးကွယ်ဆည်းကပ်ကြသည်။

သို့သော် အနော်ရထာမင်းကြီး အရည်ကြီးဂိုဏ်းကို နှိမ်နင်းခြင်းနှင့် ပတ်သတ်၍မူ စဉ်းစားစရာဖြစ် လာသည်။ အနော်ရထာမင်းကြီး အရည်းကြီးဂိုဏ်းကို နှိမ်နင်းဖျောက်ဖျက်ပစ်ခြင်းသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် နှင့် ဆန့်ကျင်ဘက်ဖြစ်သလော။ သို့တည်းမဟုတ် ဘုရင်မင်းကြီးအနေနှင့် လုပ်သင့်လုပ်အပ်သည့် အလုပ်ကို လုပ်ခြင်းဖြစ် သလော။ ယင်းပြဿနာသည် အရည်းကြီးဂိုဏ်း၏ အမူအကျင့်ပေါ်၌ အခြေတည်နေသည်။ အကယ်၍ အရည်းကြီးဂိုဏ်း သည် သာသနာ့အရေခြုံပြီး သာသနာညစ်နွမ်းအောင် လုပ်နေသည်ဆိုလျှင် အရည်းကြီးဂိုဏ်းကို ဖြိုဖျက်ပစ်ခြင်းသည် သာသနာကိုကြည်ညိုသော၊ ထေရဝါဒသာသနာကို ပြုစုပျိုးထောင်နေသော ဘုရင်တစ်ပါးအနေနှင့် လုပ်သင့်လုပ်အပ်သည့် အလုပ်ဖြစ်သည်။ အကယ်၍ အရည်းကြီးဂိုဏ်း၏ အမူအကျင့်များသည် တိုင်းသူ ပြည်သားများအား ထိခိုက်နစ်နာစေသည့် အမူအကျင့်များဖြစ်နေသည်ဆိုလျှင်လည်း တိုင်းသူပြည်သားများ၏ အကျိုးကိုရှေးရှုသည့် ဘုရင်တစ်ပါးအနေနှင့် ယင်းအမူ အကျင့်များမှ တိုင်းသူပြည်သားများအား အကာအကွယ်ပေးခြင်းသည် မင်းကျင့်တရားနှင့်အညီ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

အရည်းကြီးဂိုဏ်းသည် သာသနာ့အရေခြုံပြီး သာသနာ ညစ်နွမ်းအောင် လုပ်နေကြသူများဖြစ် သလော။ ပြည်သူပြည်သားများအား ထိခိုက်နစ်နာစေသည့် အမူအကျင့်များကို ကျင့်ကြံအားထုတ်နေကြသူများ ဖြစ်သလော။ အရည်းကြီးဂိုဏ်းနှင့် ပတ်သတ်၍ အစဉ်အလာ ယူဆလာခဲ့သော ထင်မြင်ယူဆချက်များကို သမိုင်းသုတေသီ အချို့က လက်မခံသော်လည်း မြန်မာနိုင်ငံရာဇဝင်များကမူ အရည်းကြီးဂိုဏ်းကို ရစရာမရှိအောင် အပုပ်ချထားသည်။ မှန်နန်းရာဇဝင် က ဤသို့ဆိုထားသည်။

"အနော်ရထာမင်းစော လက်ထက်တော်၌ ပုဂံရာမဟု တွင်၏။ ထိုပြည်တွင် မင်းအဆက်ဆက်တို့ သည် သမထီးအရပ်၌ သီးတင်းသုံးသောအရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့အဆုံးအမကို ခံ၍မှားသောအယူ





၌ တည်ကုန်၏။ ထိုအရည်းကြီးရဟန်းတို့အယူကား ဘုရားရှင်ဟောတော်မူသော တရားတော်ကိုပယ်၍ မိမိတို့အယူဖြင့် အသီးသီးယူကြကုန်၏။ မိမိတို့ဆန္ဒနှင့်လျော်စွာ ကျမ်းဂန်ပြု၍ လူတို့အား လှည့်ပတ်ဖြားယောင်း၏။ ထိုသူတို့ဟောသော တရားကား သူ့အသက်ကို သတ်မိသောသူသည် ဤပရိတ်ကိုရွတ်သော် ကမ္မပထမှ လွတ်၏။ ဤသို့ အစရှိသော မဟုတ် မတရားသော အဓမ္မတို့ကို ဓမ္မဟူ၍ ဟောကြား၏။ ထိုမှတစ်ပါးလည်း မင်းအစရှိသော အမှူးအမတ်၊ ကလန်သံပျင်၊ သူဌေးသူကြွယ်၊ ပြည်သူတို့ သားသမီးကို ထိမ်းမြားမင်္ဂလာပြုအံ့သောအခါ ဆရာတို့အား "ပန်းဦးလွှတ်သည်" ဟူ၍ ညဦးက ထိုသူတို့ထံသို့ ပို့ရလေ၏။ မိုးသောက်၍လွှတ်လိုက်မှ ထိမ်းမြားရသောဟူ၏။ ဆရာသို့ ပန်းဦးမလွှတ်ဘဲ ထိမ်းမြားပချေသော် အစဉ်ကိုဖျက်သည်ဟု ကြီးစွာသော မင်းပြစ်ကို ခံရသောဟူ၏။" မှန်နန်းရာဇဝင်စသော ရှေးဟောင်းမြန်မာရာဇဝင်ကျမ်းများ၏ အဆိုအရဆိုလျှင် အရည်းကြီးဂိုဏ်းသည် ဘာသာရေးပြစ်မှုနှင့် လူမှုရေးပြစ်မှုကြီးများကို ကျူးလွန်နေသူများ ဖြစ်နေသည်။ အရည်းကြီးများသည် ယင်းပြစ်မှုကြီးများကို အမှန်တကယ် ကျူးလွန်နေကြသူများဖြစ်သည် ဆိုလျှင် အရည်းကြီးဂိုဏ်းနှင့် ပတ်သက်သော အနော်ရထာမင်းကြီး၏ အပြုအမူသည် တရားနှင့်မညီဟု ပြောဖို့ရန် မလွယ်ပေ။ သို့သော် အရည်းကြီး တို့သည် ယင်းပြစ်မှုကြီးများကို တကယ်ကျူးလွန်ကြသူများ ဖြစ်ပါသလော။

"အရည်း"ဟူ၍ အမည်တွင်ခြင်းနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုးရှိသည်။ "အရိယ" (မြတ်သော) ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာသော ပါဠိဝေါဟာရဖြစ်သည်ဟု အချို့ကယူဆကြသည်။ တချို့ကလည်း "အရညိက သို့မဟုတ် အရညဝါသီ" ဟူသော ပါဠိဝေါဟာရ၏ ပါဠိသက်ဖြစ်သည်ဟု ယူဆကြသည်။ အချို့ကလည်း အရည်းကြီး တို့သည် ဗိသနိုးနှင့် ဗိသနိုး၏ နဝမအဝတာရ ဗုဒ္ဓကို ကိုးကွယ်သူများ ဖြစ်ကြသည်ဟု ဆိုကြသည်။ အချို့ကလည်း အရည်းကြီးတို့သည် မဟာယနဘုန်းကြီးများ ဖြစ်ကြသည်ဟူ၍လည်းကောင်း၊ တန္တရဝါဒီများဖြစ်ကြသည်ဟူ၍ လည်းကောင်း အယူရှိကြသည်။ ယင်းအယူအဆများထဲက ဗိသနိုးနှင့်ဗိသနိုး၏ နဝမ အဝတာရ ဗုဒ္ဓကို ကိုးကွယ်သူများ ဖြစ်ကြသည် ဟုဆိုသော အယူအဆမှန်လျှင် အရည်းကြီးများသည် သာသနာနှင့် မရောသော သီးခြားဝါဒီများဖြစ်ကြသည်။

အရည်းကြီးတို့အား စွဲချက်တင်ထားသော ပြစ်မှုကြီးသုံးခုအနက် (၁) ဗုဒ္ဓဒေသနာတော်ကို တလွဲတချော် အဓိပ္ပာယ်ကောက်ယူခြင်း၊ (၂) ဘယ်လောက်အပြစ်ကြီးကြီးသူတို့ ညွှန်ကြားထားသော ပရိတ်တစ်ခုခုကို ရွတ်ဆိုလိုက်လျှင် အပြစ်ပျောက်ကင်း၏ ဟူသောအယူအဆ၊ (၃) ပန်းဦးလွှတ်ခြင်း။ ယင်းအပြစ်များအနက် ပထမနှင့်ဒုတိယ အပြစ်ကျူးလွန်သူများဖြစ်သည်ဟုဆိုလျှင် သာသနာသန့်စင်ရေးအတွက် အနော်ရထာမင်းကြီး အရေးယူသည်မှာ ထေရဝါဒ သာသနာဘက်က ကြည့်လျှင် မှားသည်ဟု မဆိုနိုင်ပေ။ ရှေးရှေးကလည်း သာသနာပြုဘုရင်များအနေနှင့် ပြုလုပ်ခဲ့သည့် ထုံးလည်းရှိသည်။ အသောက မင်းတရားကြီးလည်း သာသနာတော်သန့်စင်ရေးအတွက် အလဇ္ဇီဒုဿီလတို့ကို သာသနာ တော်တွင်းမှ ထုတ်ပစ်ခဲ့ဖူးသည်။

သို့သော် သမိုင်းသုတေသီတို့ကမူ"အရည်းကြီးတို့ကလည်း အစဉ်အလာအရ ယူဆထားသလောက် ဆိုးသွမ်းသူများမဟုတ်ကြပေ။ အနော်ရထာကလည်း ရာဇဝင်သမိုင်းများ၌ ရေးသားထားသလောက် အရည်းကြီးများကို ရက်ရက်စက်စက် မနှိမ်နင်းပေ" ဟု ဆိုထားသည်။ မြန်မာ့ရာဇဝင်ကျမ်းများသည် အရည်းကြီးများနှင့် ပတ်သက်၍ တစ်ဖက်သတ်ကျလွန်းသည်ဟူ၍ လည်းကောင်း၊ မြန်မာ့ရာဇဝင်ကျမ်းများသည် မဟာယာနဘုန်းကြီးများနှင့် ပတ်သက်သော ဓာတ်ပြားဟောင်းကို သံယောင်လိုက်ခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း အရည်းကြီးတို့အား သွားပုပ် လေလွင့်ပြောခြင်းသည် အနော်ရထာမင်းကြီး၏ လုပ်ရပ်ကို တရားသဖြင့် ဖြစ်အောင်ကျားကန်ပေးခြင်း ဖြစ်သည်ဟူ၍လည်းကောင်းဆိုထားသည်။

"ပန်းဦးလွှတ်သည်" ဟူသော စွဲချက်မှာမူ လူမှုရေးစွဲချက်ကြီးဖြစ်သည်။ အကယ်၍ ယင်းစွဲချက် မှန်သည်ထားဦး၊ ယင်းသို့မတရားအကျင့်ခံရသော ပြည်သူလူထုသည် မည်သည့်နည်းနှင့်မှ ခေါင်းငုံခံနေမည် မဟုတ်ပေ။ ပုဂံပြည်သူသည် အရိုင်းအစိုင်းမဟုတ်ပေ။ စော်ကားချင်တိုင်း စော်ကားသည်ကို မတုံ့ပြန်ရဲသည့် အရိုင်းအစိုင်းမဟုတ်ပေ။ ယဉ်ကျေးမှုအခိုင်အမာရှိသော ပျူခေတ်၏နောက်ပိုင်းနှစ်ပေါင်း ၅၀၀-၆၀၀ပင် ကျော်လာခဲ့ပြီဖြစ်သည့် လူ့ယဉ်ကျေးများ ဖြစ်သည်။ လူ့ယဉ်ကျေးများကြားထဲတွင် ယင်းသို့သော ရိုင်းစိုင်းယုတ်မာသည့် အကျင့်မျိုးရှိနေဖို့ မလွယ်ပေ။ အရည်းကြီးတို့

ဘက်မှ မားမားမတ်မတ်ရပ်နေသလို ဖြစ်နေသာဘုရင်မှာ ညောင်ဦးစောရဟန်းမင်းဖြစ်သည်။ ညောင်ဦးစောရဟန်းမင်း အကြောင်းကို မှန်နန်းရာဇဝင်၌ ဤသို့ ရေးထားသည်။

"တောင်သူကြီးလည်းမင်းဖြစ်လျှင် ဘုန်းတန်ခိုးအာနုဘော် ကြီး၏။ မိမိသွားသော အရပ်၌ ဥယျာဉ်ကြီး သာယာစွာ ပြုပြီးသော်နဂါးရုပ်ကြီးစွာ လုပ်၍ထား၏။ ထိုသို့ နဂါးရုပ်လုပ်၍ ကိုးကွယ်ခြင်းသည်ကား နဂါးသည် လူတို့ ထက်မြက်လေသည်၊ တန်ခိုးလည်း ကြီးလေသည်။ ကိုးကွယ်ရသော် အကျိုးကြီးမည်ဟူ၍ ပြုလေသည်။ ထိုမှတစ်ပါးလည်း ရသေ့ပြည်အစရှိသော သထုံပြည်တို့မှာ စည်းခံပုထိုးရှိသည်ကို အကြောင်းပြု၍ အယူမှားသော ရှင်အရည်းကြီးတို့နှင့် တိုင်ပင်၍ ပုထိုးကြီးတစ်လုံး၊ ပုထိုးငယ်တစ်လုံး၊ ပုထိုးသားများတစ်လုံး၊ သင်လည်ပုထိုးတစ်လုံး၊ စိတ်ထည်ပုထိုးတစ်လုံး၊ ဤပုထိုး ငါးလုံးကို တည်၏။

ရှေးဟောင်းမြန်မာ့ရာဇဝင်၌ပါရှိသော ရှေးပုဂံမင်းဆက်အခေါ်များတွင် ပုပ္ပားစောရဟန်းနှင့် ညောင်ဦး စောရဟန်းဟူ၍ စောရဟန်းဘွဲ့မည်ပါသော မင်းနှစ်ပါးရှိသည်။ ညောင်ဦးစောရဟန်းသည် ပုဂံပြည်၌ ၁၁ ရာစုအစောပိုင်းတွင် အုပ်ချုပ်သောမင်းဖြစ်သည်။ ပုဂံမင်းဆက်ပေါင်းများစွာတို့အနက် အနော်ရထာမင်းလက်ထက်မတိုင်ခင် ကျောက်စာရေး ထိုးခြင်းခံရသောတစ်ဦးတည်းသောမင်းမှာ ညောင်ဦးစောရဟန်းဖြစ်သည်။ ညောင်ဦးစောရဟန်းသည် ပုဂံအရှေ့ဘက် ရှစ်မိုင် အကွာရှိ တူ့ရွှင်းတောင်တန်း၌ ရဟန်းတော်များ ဥပုသ်ဝင်ရန် သိမ်တစ်လုံးတည်ဆောက်သည်။ သို့သော်လည်း ယင်းအဆောင်အဦမှာ ၁၂၁၂ ခုနှစ်ကပင် ပျက်စီးသွားသည်။ ညောင်ဦးစောရဟန်းတည်သော ပုထိုးငါးဆူအနက် ပုထိုးသားများ စေတီသည် ယခုထက်တိုင် ပုဂံ၌ ထင်ရှားရှိနေသည်။ စောရဟန်းသည် ပုဂံမင်းများထဲတွင် အစောဆုံးစေတီပုထိုး တည်သောမင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။ မြန်မာရာဇဝင်ကျမ်းဂန်များ၌ စောရဟန်းမင်းသည် အရည်းကြီးတို့ကို မြှောက်စားသောမင်းဖြစ်သည်ဟု ဆိုထားသည်။ သို့သော်လည်း ဘုရားတည်၊ သိမ်ဆောက် စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သည်ကို ထောက်၍ ဗုဒ္ဓသာသာကြည်ညိုသော ဘုရင်တစ်ပါးဖြစ်ကြောင်းကိုလည်း ခန့်မှန်းကြည့်နိုင်သည်။

အရည်အချင်းပြည့်ဝသော ညောင်ဦးစောရဟန်းလို ဘုရင်သည် ရှေးမြန်မာ့ရာဇဝင်ဆရာများ စွဲချက်တင်ထားသော ယုတ်မာညစ်ညမ်းသောပြစ်မှုတို့ကို ကျူးလွန်သည့် အရည်းကြီးတို့ကို မည်သည့်နည်းနှင့်မှ ကိုးကွယ်ဆည်းကပ်မည်မဟုတ်ပေ။ အနော်ရထာလက်ထက် ပုဂံပြည်၌ ထေရဝါဒသာသနာ ထွန်းကားပြန့်ပွားလာသည်။ သို့သော်လည်း မီးအိမ်အသစ်ဝယ်လာသော အိမ်ရှင်မသည် မီးအိမ်ဟောင်းကို မစွန့်ပစ်ချင်သကဲ့သို့ ပုဂံသူပုဂံသားတို့သည် အယူဝါဒအသစ်၏ အလင်းရောင်အောက် ရောက်လာကြသည် ဖြစ်သော်လည်း အယူဝါဒဟောင်းကို လက်မလွှတ်ချင်ကြသေးပေ။ အရည်းကြီးဂိုဏ်းကို အပြတ်ရှင်းထားပြီးပြီ ဖြစ်သော်လည်း ပြာပုံဘဝရောက်နေသော အရည်းကြီးဂိုဏ်းသည် နိုင်ငံ၏အစွန်အဖျား၌ တငွေ့ငွေ့တောက်လောင်နေတုန်းပင် ရှိသေးသည်။ ကျန်စစ်သားသည် တငွေ့ငွေ့တောက်လောင် နေသော ယင်းပြာပုံကို ငြိမ်းသွားအောင် မလုပ်ပေ။ ကျန်စစ်သားသည် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ ဖိနှိပ်ချုပ် ချယ်ခြင်းကို မပြုလုပ်ပေ။ သာသနာတော်တွင်း၌ ဝင်ရောက်ခိုအောင်းနေသော ရဟန်းတု ရဟန်းယောင်များကို အသောက မင်းတရားကြီး သုတ်သင်ရှင်းလင်းလျက် သာသနာသန့်စင်ပွဲလုပ်သည့် အကြောင်းအရာသည် အသောက မင်းတရားကြီး ရေးထိုးထားသော ကျောက်စာများ၌ မပါရှိပေ။ သမန္တပါသာဒိကာခေါ် ဝိနည်း ပိဋကတ် အဋ္ဌကထာနှင့် မဟာဝံသတို့၌သာ လျှင် ထိုအကြောင်းကို ဖော်ပြထားသည်။ အသောကမင်းကြီး ရေးထိုးထားသော ကျောက်စာ၌မူ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ကျောက်စာတစ်ချပ် သပ်သပ်ရေးထိုးထားသည်။

ဂီရနာကျောက်စာ (ကျောက်စာအမှတ် -၇) ၌ ဤသို့ ရေးထိုးဖော်ပြထားသည်။

"ပိယဒဿီ မင်းတရားကြီးသည် ယုံကြည်ကိုးကွယ်မှု အားလုံးမှ လူများအားလည်းကောင်း၊ ဘာသာ တရားအားလုံးမှ သာသနာ့ဝန်ထမ်းများနှင့် လူပုဂ္ဂိုလ်များအားလည်းကောင်း၊ အလှူဒါနပြု၍ လည်းကောင်း၊ လေးစားမှုကိုပြ သော အခြားလက္ခဏာအမျိုးမျိုးဖြင့်လည်းကောင်း၊ မြှောက်စားဂုဏ်ပြု၏။ သို့ရာတွင် မင်းတရားကြီးသည် အလှူဒါနပြုခြင်း ကိုလည်းကောင်း၊ အခြားနည်းလမ်းဖြင့် ဂုဏ်ပြုမှုများကိုလည်းကောင်း၊ ယုံကြည်ကိုးကွယ်မှု အားလုံးမှ လူများတွင်ရှိသော ဘာသာတရားအတွက် လိုအပ်သော အရည်အချင်းတိုးတက်မှုလောက် တန်ဖိုးမထားပေ။"

"ယင်းအရည်အချင်း တိုးတက်မှုသည် ပုံစံအမျိုးမျိုး ရှိနိုင်၏။ သို့ရာတွင် ယင်း၏ အမြစ်အရင်းမှာ မိမိ ၏ဘာသာတရားကို အမွှမ်းတင်လျက် အခြားဘာသာတရားကို သေးသိမ်အောင် ရှုတ်ချသည့်အပြောမျိုးကို ရှောင်ကြဉ်ရန် ဖြစ်သည်။ အခါအခွင့် ကြုံလာသည့်အခါတွင်လည်း ယင်းအပြောမျိုးကို လွန်လွန်ကဲကဲမပြောရန် ရှောင်ကြဉ်သင့်၏။"

"အခြားပုဂ္ဂိုလ်များ ယုံကြည်ကိုးကွယ်သော ဘာသာတရားအားလုံးသည် အကြောင်းတစ်ကြောင်း ကြောင့် ဂုဏ်ပြုထိုက်သည့် ဘာသာတရားများသာလျှင်ဖြစ်၏။ ယင်းဘာသာတရားများကို ဂုဏ်ပြုလေးစားခြင်းအားဖြင့် မိမိ၏ ဘာသာတရားကို ဂုဏမြှင့်တင်ရာလည်း ရောက်၏။ တစ်ပြိုင်တည်းမှာပင် အခြားပုဂ္ဂိုလ်များ၏ ဘာသာတရားကို အကျိုးပြုရာ လည်းရောက်၏။ ယင်းသို့မပြုလျှင်ကား မိမိ၏ ဘာသာတရားကို ထိခိုက်နစ်နာစေမည့်အပြင် အခြားဘာသာတရား၏ အကျိုးမဲ့ပြုရာလည်းရောက်၏။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိဘာသာတရားကို ယုံကြည်မြတ်နိုးသော ကြောင့် လည်းကောင်း၊ မိမိဘာသာတရား၏ ဂုဏ်ကမြှင့်လိုသည့်အတွက်ကြောင့် လည်းကောင်း၊ မိမိဘာသာတရားကို အမွှမ်းတင်လျက် အခြားဘာသာတရားကို ရှုတ်ချမည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် မိမိဘာသာတရားကို ထိခိုက်နစ်နာအောင် ပြုလုပ်သည်မည်ပေ၏။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာထားခြင်းသည်သာလျှင် လိုလားအပ်သော အရာဖြစ်၏။ အကြောင်းမူကား မေတ္တာတရားထားရှိမှသာလျှင် လူတို့သည် အခြားသူတစ်ပါးကိုးကွယ် ဆည်းကပ်သော ဓမ္မသဘောတရား ကို အလေးပြုရကောင်းမှန်း သိရှိသောကြောင့်ဖြစ်၏။"

"ပိယဒဿီ ဘုရင်မင်းကြီးသည် ယုံကြည်ကိုးကွယ်မှု ဘာသာတရားအားလုံးမှ လူများအား တစ်ဦးနှင့်တစ်ဦး၏ ဘာသာတရားကို သိရှိနားလည်အောင်ပြုလုပ်လျက် ခိုင်မာသော တရားအဆုံးအမကို ရယူကြရန် လိုလား၏။ မိမိတို့၏ ဘာသာတရားမှ ဘာသာတရားဟူ၍ အစွဲအလမ်းရှိသူများအား ပိယဒဿီ ဘုရင်သည် အလှူဒါနပြုခြင်း ကိုလည်းကောင်း၊ အခြားနည်းလမ်းဖြင့် ဂုဏ်ပြုမှုများကိုလည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုအားလုံးမှ လူများတွင်ရှိသော ဘာသာတရားအတွက် လိုအပ်သော အရည်အချင်းတိုးတက်မှုလောက် တန်ဖိုးမထား" ဟူ၍ ပြောပြရမည်။

"အရာထမ်းအမှုထမ်းများစွာကို ဤလုပ်ငန်းအတွက် ခန့်အပ်ထား၏။ ဓမ္မဖြန့်ဖြူးသည့် အလုပ် လုပ်သော အရာထမ်း အမှုထမ်းများ၊ နန်းတော်တွင်းရှိသော မိန်းမများကို ထိန်းရသော မိန်းမစိုး၊ ကျွဲ၊ နွား တိရစ္ဆာနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့၏ စားကျက်မြေများကို စစ်ဆေးကြည့်ရှုရသော အမှုထမ်းအရာထမ်းများ ဖြစ်ကြ၏။ ဤလုပ်ငန်း၏ ရည်ရွယ် ချက်မှာ မိမိတို့ ယုံကြည်ကိုးကွယ်ကြသော ဘာသာတရားအသီးသီးကို မြေတောင်မြှောက်ရန်နှင့် ဓမ္မကို ဂုဏ်ပြုလေးစားရန် ဖြစ်၏။"

လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ခန့်က ပေါ်ပေါက်လာသော အသောကမင်းတရားကြီး၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်သော အယူအဆသည် ယနေ့ထက်တိုင် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ တစ်ဖက် စောင်းနင်းလုပ်လိုသူများအတွက် လမ်းညွှန်မှုပေးနေသော မီးပြတိုက်ကြီးပမာ ဖြစ်နေသည်။


ကျမ်းညွှန်း။

-၁။ သမန္တပါသာဒိကာ အဋ္ဌကထာ

၂။ မဟာဝံသ

၃။ မှန်နန်းရာဇဝင်

၄။ မြန်မာရာဇဝင်မှတ်စု (မြန်မာရာဇဝင်အသင်း ၁၉၅၆-၆၀)

၅။ ခေတ်ဟောင်း မြန်မာရာဇဝင်၊ ဒေါက်တာ သန်းထွန်း

၆။ တမ္ဗပဏ္ဏိ၊ ပါရဂူ

၇။ The Edicts of Asoka: edited and translated By N.A Nikam and Richard Mc Keon

၈။ Folk Ekemaents in Burmese Buddhism; Maung Htin Aung

## ၆။ ကျောက်စာကပြောသော သမိုင်း

ရှေးဟောင်း ကမ္ပည်းကျောက်စာများသည် သမိုင်းကို ပြောနေကြသည်။ လူသားတို့၏ သက်တမ်းမှာ တာတိုလှသဖြင့် လူ့သမိုင်း၌ အတိတ်ကာလက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ အကြောင်းအရာများကို ရှေးဟောင်းပစ္စည်းများနှင့် ရှေးဟောင်း ကမ္ပည်းကျောက်စာများအရသာလျှင် သိရှိနားလည်ကြသည်။ ကမ္ပည်းကျောက်စာများသာ မရှိလျှင် ရှေးဟောင်းလူ့သမိုင်းကို သိရှိနားလည်ဖို့ မလွယ်ပေ။

အသောကမင်းတရားကြီး ရေးထိုးထားသော ကျောက်စာများသာ မရှိလျှင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓပွင့်တော်မူခဲ့သည်ဆိုသည်ကို သမိုင်းအထောက်အထားခိုင်လုံစွာဖြင့် အခိုင်အမာပြောပြနိုင်ဖို့ရန်ပင် ခဲယဉ်းနေပေလိမ့်မည်။ ဗုဒ္ဓဝင်နှင့်ပတ်သတ်သော လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ စသော နေရာဌာနများသည် နှစ်ပရိစ္ဆေဒ ကြာညောင်း သွားသောအခါ ဤနေရာကား လုမ္ဗိနီ၊ ဤနေရာကား ဗုဒ္ဓဂယာ၊ ဤနေရာကား မိဂဒါဝုန်၊ ဤနေရာကား ကုသိနာရုံ စသည်ဖြင့် မသိကြတော့ပေ။ ယင်းသို့အားဖြင့် ဗုဒ္ဓဝင်ဌာနများသည် နှစ်ပေါင်းများစွာ သမိုင်းအမိုက်မှောင်ထဲ ရောက်ရှိနေကြသည်။ ယင်းဌာနများ၌ ကမ္ပည်းထိုးခဲ့သော ရှေးဟောင်း ဗြဟ္မီအက္ခရာအရေးအသားဖြင့် ရေးထားသည့် အသောကမင်းတရားကြီး၏ ကမ္ပည်းကျောက်စာများကို တူးဖော်ရရှိပြီး ပညာရှင်များက ယင်းကျောက်စာများကို ဖတ်ကြသောအခါကျမှသာလျှင် ဗုဒ္ဓဝင်ဌာနများသည် အမှောင်ထဲက ထွက်ပြီး အလင်းရောက်ရှိလာကြခြင်း ဖြစ်သည်။ အကယ်၍ အသောကမင်းတရားကြီးကသာ ဗုဒ္ဓဝင်ဌာန အသီးသီး၌ ကျောက်စာများ ရေးထိုးမထားခဲ့လျှင်၊ အကယ်၍ အသောကမင်းတရားကြီး ရေးထိုးထားသော ကျောက်စာများကို တူးဖော်မတွေ့ရှိလျှင်၊ အကယ်၍ အသောကမင်းတရားကြီး၏ ကျောက်စာများကို ဖတ်တတ်သူမရှိလျှင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဝင်ဆိုင်ရာ နေရာထူးနေရာမြတ်များသည် သမိုင်းအမှောင်ထဲ၌သာ ငုပ်လျှိုးနေကြရပေလိမ့်မည်။

အကယ်၍ ရိုဇက်တာကျောက်စာကိုသာ မတွေ့ရလျှင် အီဂျစ်သမိုင်းသည်လည်း အမှောင်ထဲက ထွက်နိုင်မည်မဟုတ်ပေ။ ၁၇၉၉ ခုနှစ် အီဂျစ်နိုင်ငံကို နပိုလီယံသိမ်းပိုက်ခဲ့စဉ်က ကျောက်စာပါသော ကျောက်တုံးကြီးကို တွေ့ရှိကြသည်။ အီဂျစ်နိုင်ငံ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ ရိုဇက်တာအမည်ရှိ ရှေးဟောင်းမြို့အနီးမှ ရရှိသော ကျောက်တုံးကြီးတွင် ရေးထိုးထားသော ကျောက်စာဖြစ်၍ ရိုဇက်တာကျောက်စာဟု အမည်တွင်နေသည်။ အသောကမင်းတရားကြီး၏ ကျောက်စာများသည် ဗုဒ္ဓဝင်အကြောင်းအရာများကို အခိုင်အမာပြောပြနေသကဲ့သို့လည်းကောင်း၊ မြစေတီကျောက်စာသည် ပုဂံသမိုင်း သို့မဟုတ် မြန်မာနိုင်ငံသမိုင်းကို အခိုင်အမာပြောပြနေသကဲ့သို့လည်းကောင်း၊ ရိုဇက်တာကျောက်စာသည် အီဂျစ်သမိုင်း ချည်ခင်၏ ချည်မျှင်စကို ဆွဲထုတ်ပေးသည်။

မြစေတီကျောက်စာကို ဘာသာစကားလေးမျိုးဖြင့် ရေးထိုးထားသကဲ့သို့ ရိုဇက်တာကျောက်စာတွင်လည်း ဟိုက်ယာရိုဂလစ်ဖစ် အရေးအသားဖြင့်လည်းကောင်း၊ ဒီမိုတစ်ခေါ် လူသိများသော ရှေးဟောင်းအီဂျစ်စာအရေးအသားဖြင့်လည်းကောင်း၊ ဂရိ ဘာသာစကားဖြင့်လည်းကောင်း ရေးထိုးထားသည်။ အနက်အဓိပ္ပာယ်တူကို ဘာသာ စကား သုံးမျိုးဖြင့် ရေးထားခြင်းဖြစ်၍ အခက်အခဲမရှိလှသော ဂရိဘာသာစကားဖြင့် ရေးထိုးထားသော ကျောက်စာကို ဖတ်၍ရသော အခါ အခြားကျောက်စာနှစ်ခု၏ အနက်အဓိပ္ပာယ်ကိုလည်း သိရှိနားလည်သွားကြသည်။ အီဂျစ်ရှေးဟောင်း အဆောက်အအုံများ၌ ဟိုင်ယာရိုဂလစ်ဖစ် အရေးအသားဖြင့် ရေးထားသော ရုပ်ပုံစာလုံးများ အများအပြားရှိသော်လည်း အစပထမတွင် ယင်းရုပ်ပုံ စာလုံးများ၏ အနက်အဓိပ္ပာယ်ကို မဖော်ထုတ်နိုင်ကြပေ။ ရိုဇက်တာကျောက်စာကို ဖတ်ပြီးသောအခါကျမှ သာလျှင် ယင်းရုပ်ပုံစာလုံးများ၏ အနက်အဓိပ္ပာယ်ကို ကြံဆဖော်ထုတ်နိုင်ကြသည်။ ယင်းသို့အားဖြင့် ရိုဇက်တာ ကျောက်စာသည် ရှေးဟောင်းအီဂျစ်နိုင်ငံနှင့် အီဂျစ်လူမျိုးတို့၏ အကြောင်းကိုလည်းကောင်း၊ ရှေးဟောင်းအီဂျစ် ဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုကိုလည်းကောင်း ပြောပြနေသည်။ ပုဂံခေတ်ကလည်း မင်းစိုးရာဇာတို့သည်လည်းကောင်း၊ မှူးကြီးမတ်ရာ သေနာပတိတို့သည် လည်းကောင်း၊ သာမန်ပြည်သူပြည်သားတို့သည်လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် ကျောက်စာများကို ရေးထိုးထားကြသည်။ ယင်းကျောက်စာများသည် အခြားရှေးဟောင်း အနုပညာပစ္စည်း၊ ရိုးရိုးအသုံးအဆောင်ပစ္စည်းများနှင့် အတူတကွ ပုဂံသမိုင်းကို ပြောပြနေကြသည်။ သမိုင်းသုတေသီများကို ရှေးအတိတ်ကာလဆီသို့ ခေါ်ဆောင်သွားရာ၌ ကျောက်စာများသည် အဓိကအခန်းက ပါဝင်နေကြသည်။

ပုဂံခေတ်ကျောက်စာများကို လေ့လာကြည့်လျှင် ရေးထားမှတ်တမ်းတင်ထားသည့် အကြောင်းအရာ အမျိုးမျိုးရှိသကဲ့သို့ပင် ရေးထိုးထားသော ဘာသာစကားလည်း အမျိုးမျိုးအစားစားရှိသည်။ များသောအားဖြင့် မွန်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ရေးထိုးကြသည်။ ပုဂံခေတ်တွင် အခိုင်အမာရှိနေပြီးဖြစ်သည့် မွန်ဘာသာ ဖြင့်လည်းကောင်း၊ စည်ပင်ဖွံ့ထွားလာစ ပြုနေပြီဖြစ်သည့် မြန်မာဘာသာဖြင့် လည်းကောင်း ကျောက်စာရေးထိုးကြသည်မှာ အဆန်းမဟုတ်ပေ။

လင်္ကာဒီပ သီဟိုဠ်ကျွန်းကပင် ချီးကျူးရသည့် သဒ္ဒနီတိ ကျမ်းမျိုးကို ရေးသားပြုစုနိုင်လောက်အောင် ပါဠိဘာသာ လေ့လာလိုက်စားမှု ထွန်းကားနေသည့် ပုဂံခေတ်တွင် ကျောက်စာအချို့ကို ပါဠိဘာသာဖြင့်လည်း ရေးထိုးကြသည်။ မြစေတီကျောက်စာကို ရေးထိုးသည့် ဘာသာစကားလေးခုအနက် တစ်ခုမှာ ပါဠိဘာသာဖြစ်သည်။ ကျန်ဘာသာစကားသုံးခုမှာ မြန်မာဘာသာ၊ မွန်ဘာသာ၊ ပျူဘာသာတို့ ဖြစ်ကြသည်။

ပုဂံခေတ်ကျောက်စာများအနက် မွန်ဘာသာဖြင့် ရေးထိုးသော ကျောက်စာ၌ဖြစ်စေ၊ မြန်မာဘာသာ ဖြင့် ရေးထိုးသော ကျောက်စာ၌ဖြစ်စေ၊ ပါဠိဘာသာဖြင့် ရေးထိုးသော ကျောက်စာ၌ဖြစ်စေ၊ သက္ကတဘာသာဖြင့် ရေးထိုးသော ကျောက်စာ၌ဖြစ်စေ၊ ကျောက်စာတော်တော်များများ၏ အစ၌ "ရှရီ" ဟူသော စကားလုံးကို တွေ့ရသည်။ ကျောက်စာ အတော်များများမှာ ဤ(ရှရီ သို့မဟုတ် သိရီ) ဟူသော စကားလုံးဖြင့် အစပြုထားကြသည်။ "ရှရီ"မှာ သက္ကတ ဘာသာစကားလုံးဖြစ်သည်။ "ရှရီ" သည် ဗိဿနိုးနတ်မင်း၏ ကြင်ယာဒေဝီလက္ခမီ နတ်သမီးကိုခေါ်သည့် ဝေါဟာရစကား လုံး ဖြစ်သည်။ နတ်ဒေဝတာများ ဘုရင်ဧကရာဇ်များ၊ ကျမ်းဂန်စာပေများ၏ အစ၌ရှိသေသမှု အလေးပြုသည့် အနေဖြင့် အသုံးပြုသော ဝေါဟာရစကားလုံးလည်း ဖြစ်သည်။ ပုဂံခေတ်ကျောက်စာများ၏ အစ၌ အသုံးပြုသော"ရှရီ"သည် မည်သည့် အဓိပ္ပာယ်ဖြင့် အသုံးပြုသည့်"ရှရီ"ဖြစ်သည်ဟု အတိအကျ မပြောနိုင်သော်လည်း ပုဂံခေတ်ကျောက်စာများ၌ သက္ကတ ဘာသာ သို့မဟုတ် ဟိန္ဒူဘာသာ အရိပ်ထိုးနေကြောင်းမှာမူ သိသာထင်ရှားသည်။ ယင်းအလေ့အထကို အတုယူလျက် နောက်ပိုင်း ပါဠိဘာသာ အစီအကုံး အနှုံးအဖွဲ့များ၏ အစ၌ ရှရီ(သိရီ)ဟူသော စကားလုံးကို တချို့သုံးနှုံးကြသည်။

ပုဂံခေတ်ကျောက်စာများအနက် ပါဠိ ဘာသာစကားကို အလေးအနက်ထား၍ အသုံးပြုကြသော ကျောက်စာများမှာ မြစေတီကျောက်စာနှင့် ရွှေဂူကြီးကျောက်စာတို့ ဖြစ်ကြသည်။ မြစေတီကျောက်စာ၌ မြန်မာဘာသာ၊ မွန်ဘာသာ၊ ပျူဘာသာနှင့်အတူတကွ ပါဠိဘာသာသည် အချိုးအစားတူ၊ ပမာဏတူ တစ်ခန်းတစ်ကဏ္ဍအဖြစ်ပါဝင်နေသည်။ ရွှေဂူကြီးကျောက်စာမှာမူ စာကိုယ်ကို ပါဠိဘာသာဖြင့် ရေးထိုးပြီး နိဂုံးချုပ်ကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ပါဠိဘာသာစကား ရေးထိုးပါရှိသည့် အခြားပုဂံကျောက်စာများအနက် ထူးခြားသော ကျောက်စာတစ်ခုမှာ ဓမ္မရာဇိကဘုရား ကျောက်စာအစ၌ ပါဠိဂါထာ ၄-ပုဒ်ဖြင့် ဗုဒ္ဓဝန္ဒနာပြုလုပ်ထားသည်။ ယင်းဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးဂါထာများမှာ ကိုယ်ပိုင်ရေးစပ် သီကုံးထားသော ဂါထာများမဟုတ်ဘဲ "နမက္ကာရ"ထဲက ဘုရားရှိခိုးဂါထာများ ဖြစ်ကြသည်။

ဓမ္မရာဇိကဘုရား ကျောက်စာ(မြန်မာနှစ်-၅၆၀) အစ၌ ပါရှိသော ဝန္ဒနာဂါထာ ၄-မှာ

"သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလံ ကုသလံ ဇဟံ၊
အမတံ အမတံ သန္တံ၊
အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊
အရဏံ အရဏံ ကရံ၊
အဘယံ အဘယံ ဌာနံ၊
နာယကံ နာယကံ နမေ။
ဒယာလယံ သဗ္ဗမိ ဒုက္ကရံ ကရံ၊
ဘဝဏ္ဏဝီတိက္ကမ မဂ္ဂတံ ဂတံ။
လောကနာထံ သုသမာဟိတံ ဟိတံ၊
သမန္တ စက္ခုံ ပဏမာမိ တံ မိတံ။"

ဟူ၍ ဖြစ်သည်။ ယင်းဂါထာအဖွဲ့များမှာ"ယမက သဒ္ဒါလင်္ကာရ"အလင်္ကာနည်းအရ ဖွဲ့ဆိုထားသော ဂါထာများဖြစ်ကြသည်။ " သုဂတံ သုဂတံ" စသည်ဖြင့် အနက်အဓိပ္ပာယ်ကွဲ၊ သဒ္ဒါတူ၊ အသံတူ၊ စကားလုံးတူများကို အစုံလိုက် အစုံလိုက် သို့မဟုတ် တစ်စုံစီ တစ်စုံစီ(ယမက) သုံးနှုန်းဖွဲ့ဆိုထားသော ဂါထာကို "ယမက သဒ္ဒါလင်္ကာရ" ဂါထာဟု ခေါ်သည်။

ပါဠိဘာသာဖြင့် ရေးထိုးထားသော အခြားကျောက်စာတစ်ခုမှာ မဟာဒါနပတိ အမတ်ကျောက်စာဖြစ်သည်။ ကျောက်စာတစ်မျက်နှာလုံး ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ကျောဘက်မျက်နှာကျမှ မြန်မာဘာသာဖြင့် ရေးထိုးထားသည်။ မင်းကြီးအသင်္ခယာကျောက်စာ(၅၉၄)၌မူ နိဂုံး၌သာ "ဣတ္ထိတံ ပတ္ထိတံ မယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊ သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ" ဟူသော ဆုတောင်းကိုလည်းကောင်း၊ "ဣမိနာ မမ ပုညေန ဗုဒ္ဓေါ ဟောမိ အနာဂတေ" ဟူသောဘုရားဆုပန်ခြင်းကိုလည်းကောင်း၊ ပါဠိဘာသာဖြင့်ရေးထိုးထားသည်။ ဣတ္ထိတံစသော ဂါထာ၌ "ပတ္ထိတံ" ကို "ပဌိတံ"ဟူ၍ လည်းကောင်း၊ "သမိဇ္ဈတု"ကို "သမ္မိစ္ဆတု"ဟူ၍လည်းကောင်း၊ "သဗ္ဗေ"ကို "သပ္ပေ"ဟူ၍လည်းကောင်း၊ "စန္ဒော"ကို "စန္တော"ဟူ၍ လည်းကောင်း မှားရေးထိုးထားသည်ကို တွေ့ရသည်။

မင်းရာဇသူရကျောက်စာ(၅၉၈-ခု)၌ကား အစပိုင်း တစ်ဝက်လောကို ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ သမထီးကျောက်စာအပိုဒ် ၃၄ ပိုဒ်ရှိသည့်အနက် အစ ၄-ပုဒ်နှင့် ပဉ္စမပိုဒ်တစ်ဝက်သာလျှင် ပါဠိဘာသာဖြင့် ရေးထိုးပြီး ကျန်အပိုဒ်များကိုမူ မြန်မာဘာသာဖြင့် ရေးထိုးထားသည်။ ပုဂံကျောက်စာများတွင် ရခိုင်ပြည်နယ် မြို့ဟောင်းရှစ်သောင်းဘုရားတွင် ရေးထိုးထားသော စာကြောင်းရေ ၁၀၀ ကျော်ရှိသည့် သက္ကတဘာသာသက်သက်ဖြင့် ရေးထိုးထားသော ကျောက်စာမျိုးမတွေ့ရသော်လည်း သက္ကတဘာသာကို တခြားဘာသာဖြင့် ပူးတွဲ၍ ရေးထိုးထားသော ကျောက်စာမျိုးကိုမူ တွေ့ရှိရသည်။ မင်းဆရာ ပိတရစ် ကျောက်စာ(၅၉၇-ခု) ၌ အပိုဒ် ၃၄ပိုဒ်ရှိသည့်အနက် အစ ၂-ပိုဒ်ကို သက္ကတဘာသာဖြင့် ရေးထိုးထားပြီး ကျန် ၃၂ ပိုဒ်ကို မြန်မာဘာသာဖြင့် ရေးထိုးထားသည်။

ပုဂံကျောက်စာများအနက် သမိုင်းသုတေသီတို့၏ အာရုံကို အဆွဲဆောင်ဆုံးကျောက်စာတစ်ခုမှာ ရွှေဂူကြီးကျောက်စာဖြစ်သည်။ ရွှေဂူကြီးကျောက်စာ၌ မျက်နှာ (၂)မျက်နှာတွင် ရေးထိုးထားသော ကျောက်စာကိုယ်မှာ ပါဠိဘာသာနှင့်ဖြစ်ပြီး ကျောက်စာ၏နိဂုံး အပိုဒ်၃-ပိုဒ်ကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ရွှေဂူကြီးကျောက်စာ၌ ရေးထိုးထားသော ပါဠိဘာသာမှာ ပဇ္ဇခေါ် ဂါထာအဖွဲ့ဖြစ်သည်။ ဂါထာပိုဒ်ပေါင်း ၁၀၀ ပါရှိသည်။ ဂါထာအဖွဲ့များကိုကြည့်လျှင် ထိုခေတ်၌ ငါဠိဘာသာ မည်မျှထွန်းကားကြွယ်ဝနေသည်ကို သိရှိနိုင်သည်။ ဂါထာအဖွဲ့များမှာ သိပ်သည်းကျစ်လစ်သည်။ ရှေးဟောင်း ပါဠိကျမ်းဂန်များမှ စကားလုံးများကို ကျွမ်းကျင်ပြောင်မြောက်စွာ သုံးနှုန်းထားသည်။ ပါဠိဂတိ တိကျမှန်ကန်သည်။



ဗျာကရုဏ်း သို့မဟုတ် သဒ္ဒါနှင့်ပတ်သတ်၍ အထူးခြား အပြောင်မြောက်ဆုံး ကျမ်းတစ်ကျမ်းဖြစ်သည့် သဒ္ဒနီတိကျမ်းသည် အလောင်းစည်သူမင်းကြီး လက်ထက်တွင် ပေါ်ပေါက်ခဲ့သည်ဟု အဆိုရှိသဖြင့် အလောင်းစည်သူမင်းကြီး ရေးထိုးသော ရွှေဂူကြီးကျောက်စာ ပါဠိဘာသာ အဆင့်အတန်းမြင့်နေသည်မှာ အထူးပြောစရာ လိုမည်မထင်ပေ။ ကျောက်စာအချီး ၂၁ ပိုဒ်တွင် ဗုဒ္ဓဂုဏ်တော်ကို ကြည်ညိုပွားများထားပြီးလျှင် ဆုတောင်းခန်း၌ ဘုရားဒါယကာ အလောင်းစည်သူမင်းကြီးသည် ဘုရားဆုပန်ထားသည်။

ကျောက်စာ၏အသက်မှာ သက္ကဘာသာဖြင့် ရေးထိုးထားသော ကျောက်စာနိဂုံးဖြစ်သည်။ ယင်းနိဂုံး၏ သက္ကတမူရင်းအသံထွက်မှာ-

"ရှရီ၊ ဂူဟာံ ဗေရှာခ မာဆဆုံ
ကျတုရထီ ကရိရှုဏာ ပက္ချကေ၊
ဆထာပိတံ ဆုရယ ဝါရေသု နက္ချ
တြျတ္ထရ ဆာဓကေ၊ မြိဂရာဇ
ကရိရှုဏေ သာကျေ တြိ ပံကျာ
ရှတ်ဆဟာဆရကေ၊ ဂူဟာံ မာရဂ
ရှိရရှေမာဆေ ကောဒသျုန္တ ပက္ချကေ၊
ဆောမျ ဝါရ ဆျ ဆာယောဂေ
ဒိတျေ ဣန္ဒြာ ဂ္ဂိ ဒေဝတေ နိဆတာ
ပိတ မိဒံ သောကျေ တြိ ပံကျာ ရှတ်
ဆဟာဆရကေ"

ဟူ၍ဖြစ်သည်။ ယင်းမူရင်းအသံထွက်ကို ကျောက်စာ၌ မြန်မာအက္ခရာစာလုံးဖြင့် စကားလုံးဖလှယ်၍လည်းကောင်း၊ အသံလှယ်၍လည်းကောင်း ရေးထိုးထားသည်။ ဥပမာအားဖြင့် "ရှရီ" ဟူ၍ အသံထွက်သော သက္ကတစာလုံးကို"ဋြိ"ဟူ၍ စကားလုံးဖလှယ်ထားသည်။ အသံဖလှယ်ထားသည်။ ယင်းကို ထောက်ခြင်းအားဖြင့် ပုဂံခေတ်တွင် တခြားဘာသာစကားတစ်ခုကို မြန်မာဘာသာဖြင့် အသံဖလှယ်သည့် စနစ်၊ စကားလုံးဖလှယ်သည့်စနစ်ရှိနေကြောင်း သိရှိရသည်။ ပုဂံခေတ်က သက္ကတဘာသာကို မြန်မာအက္ခရာ၊ မြန်မာအသံဖလှယ်သည့် ယင်းစနစ်ကို နောက်ပိုင်းတွင်လည်း အသုံးပြုကြသည်။ သို့သော်လည်း ပုံနှိပ်စက်များ ပေါ်လာသောအခါ ယင်းစနစ်အရ စာလုံးစီဖို့ရန် မလွယ်ကူသဖြင့် ယင်းစနစ်သည် ကွယ်သလောက် ရှိသွားသည်။ လက်ရေးဖြင့်ရေးသည့် နေရာများ၌သာလျှင် ယင်းစနစ်ကို အချို့အသုံးပြုကြတော့သည်။ လက်ရေးစာလုံးဖြင့် ရေးပြီးစာကူးစက်ဖြင့် ထုတ်ဝေဖြန့်ချီသော အဘယာရာမဆရာတော်၏ ဟိတောပဒေသ၊ မုဒ္ဓဗောဓ စသော သက္ကတဘာသာပြန်စာအုပ်များ၌ ယင်းအသံဖလှယ်သည့် စည်းစနစ်ကို အသုံးပြုထားသည်။

ရွှေဂူကြီး ကျောက်စာသက္ကတဘာသာ နိဂုံး၏ အနက်အဓိပ္ပါယ်ဆိုလိုရင်းမှာ-

"သိရီ၊ ဂူဘုရားကို သကနှစ် ၁၀၅၃ ခု ကဆုန်လဆုတ် ၄ ရက် တနင်္ဂနွေနေ့ နက္ခတ်၏ နောက်ပိုင်းအချိန် ၅ နာရီတွင် တည်သည်။ ဂူဘုရားကို သကနှစ် ၁၀၅၃ ခု နတ္တော်လဆုတ် ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဒိတိ၏သား မီးနတ်သားအတွက် တည်၍ပြီးသည်"ဟူ၍ ဖြစ်သည်။

ဤတွင် ပြဿနာတစ်ရပ်ပေါ်လာသည်။ ရွှေဂူကြီးဘုရားကို မည်သည့်ခုနှစ်က တည်သနည်း။ ကျောက်စာနိဂုံး၌ ၁၀၅၃ ခုနှစ်၌ တည်သည်ဟုဆိုထားသည်။ ပုဂံကျောက်စာများ၌ မြန်မာခုနှစ်ကို"သကရဇ်"(သကရာဇ)ဟု ဆိုထားသည်။ ဤကျောက်စာ၌လည်း "သကနှစ်"ဟု ဆိုထားသည်။ သို့သော် ခုနှစ်အရေအတွက်ကိုကြည့်လျှင် မြန်မာခုနှစ်

နှင့် ကွဲပြားခြားနားနေသည်ကို တွေ့ရသည်။ ထိုနှစ်ကျရောက်သော မြန်မာခုနှစ်၏ အရေအတွက်မှာ ၄၉၃-ခုနှစ် ဖြစ်သည်။ သကနှစ်ဟူ၍ ဆိုထားသဖြင့် မြန်မာ"သကရစ်"နှင့် ဝေါဟာရ တူနေသည့်အတွက် ယုန်ထင်ကြောင်ထင် ဖြစ်လာနိုင်စရာရှိသည်။ သို့သော်လည်း အမှန်မှာ ရွှေဂူကြီးကျောက်စာနိဂုံး၌ ထိုးထားသော သက္ကရာဇ်မှာ မြန်မာသက္ကရာဇ်မဟုတ်ဘဲ အိန္ဒိယနိုင်ငံသုံး သကနှစ်ဖြစ်သည်။ မြန်မာခုနှစ်ကိုခေါ်သော "သကရစ်(သကရာဇ)သည်ပင် အိန္ဒိယသုံး သကနှစ်မှ"သက" ကိုယူ၍ သုံးနှုန်းထားခြင်းဖြစ်ဟန်တူသည်။ အိန္ဒိယနိုင်ငံ၌ "ဝိကြမနှစ်"နှင့် "သကနှစ်"ဟူ၍ ခုနှစ်နှစ်မျိုး ရှိသည့်အနက် သကနှစ်ကို အသုံးများကြသည်။ ရွှေဂူကြီးတည်သော မြန်မာခုနှစ် ၄၉၃ ခု၌ သကနှစ် ၁၀၅၃ ခု ကျရောက်သည်။ ထို့ကြောင့် ရွှေဂူကြီးကျောက်စာ၌ သကနှစ် ၁၀၅၃ ခုနှစ်ဟူ၍ သက္ကရာဇ် ထိုးထားခြင်းဖြစ်သည်။ ယင်းသို့ မြန်မာခုနှစ်ကို အသုံးမပြုဘဲ "သကခုနှစ်" အသုံးပြုချင်းမျိုးကို ရွှေဂူကြီးကျောက်စာမှ တစ်ပါး အခြားကျောက်စာများ၌ မတွေ့ရပေ။ ရွှေဂူကြီးတည်သော ခုနှစ်မှာ မြန်မာနှစ် ၄၉၃-ခု၊ ခရစ်နှစ် ၁၁၃၁ခု၊ သကနှစ် ၁၀၅၃ ခု ဖြစ်သည်။


ကျမ်းညွှန်း

၁။ ရှေးဟောင်း မြန်မာကျောက်စာများ

၂။ မြန်မာစွယ်စုံကျမ်း (အတွဲ ၁၀)

၃။ အလင်္ကာကျမ်း

၄။ History of Burma(Myanmar) G.E.Harvey

၅။ နမက္ကာရ ဘုရားရှိခိုး


## ၇။ ပုံ့သကူ

ရှေးဟောင်းမြန်မာ့ရာဇဝင် ကျမ်းပြုဆရာများသည် မိမိတို့ ရေးသားပြုစုသော မြန်မာရာဇဝင်များ၌ အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ သို့မဟုတ် ခေတ်တစ်ခေတ်နှင့်ပတ်သက်၍ ရေးသားရာတွင် ယေဘုယျအားဖြင့် ထိုအကြောင်းအရာ သို့မဟုတ် ထိုခေတ်ကိုသာ ကွက်ပြီးရေးသားလျက် ထိုအကြောင်းအရာ သို့မဟုတ် ထိုခေတ်၏ ရှေ့ဆက်နှင့် နောက်ဆက်ကို မြှုပ်ကွက်အဖြစ် ချန်ထားတတ်ကြသည်။

အထူးအားဖြင့် ရာဇဝင်ဆရာတို့၏ အမြင်အရ အရေးပါအရာရောက်ဆုံးဖြစ်သည့် ဘုရင်များမှ တစ်ပါး အခြားရာဇဝင် သာမန်ပုဂ္ဂိုလ်တချို့၏ အကြောင်းကိုမူ ရေးခွင့်ရေးကွက် ကြုံလာသည့်အခါ၌သာ ကွက်၍ရေးသားပြီး ယင်းရာဇဝင်ပုဂ္ဂိုလ်များ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကြောင်းကို အသေးစိပ်မရေးသားကြတော့ပေ။ ထို့ကြောင့် တစ်ခါတစ်ရံ သမိုင်း၌ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုခုနှင့် ပတ်သက်၍လည်းကောင်း၊ သမိုင်းဝင် သာမန်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းကို လည်းကောင်း ပစ္စုပ္ပန်အကွက်တစ်ကွက်မျှကိုသာမကဘဲ အတိတ်နှင့်အနာဂတ်ကွင်းဆက်များကို အသေးစိပ် လေ့လာလိုသောအခါ အခက်အခဲ တွေ့ရတတ်သည်။

ပုဂံရှေးဟောင်းသမိုင်းအရ ပုဂံဘုရင်များလက်ထက်တွင် "ပုံ့သကူ" ဘွဲ့အမည်ဖြင့် ရဟန်းတစ်ပါး သို့မဟုတ် တစ်ပါးမက ပေါ်ပေါက်ခဲ့ဖူးသည်။ ဘုရင်သုံးလေးပါးတို့၏ လက်ထက်တွင် ကွက်ခနဲ ကွက်ခနဲ ပေါ်လာသော ပုံ့သကူမထေရ်သည် ဘွဲ့တူ အမည်တူဖြစ်နေသဖြင့် တစ်ပါးတည်းပင်ဖြစ်သလော။ သို့တည်းမဟုတ် ပေါ်လာသည့် ခေတ်မတူသဖြင့် ဘွဲ့အမည်သာ တူနေပြီး လူချင်းမတူ၊ ပုဂ္ဂိုလ်ချင်းမတူသော တသီးတခြားရဟန်းတစ်ပါးစီ ဖြစ်သလော။ သမိုင်းကို ကာလသုံးပါး ဆက်စပ်လေ့လာချင်သူများအတွက် အခက်အခဲကြုံတွေ့နေရသည်။

ပုဂံသမိုင်း၌ ပုံ့သကူဘွဲ့အမည်ဖြင့် ပထမဆုံး စတင်တွေ့ရသော ရဟန်းတော်မှာ အလောင်းစည်သူမင်းကြီးလက်ထက်က ဖြစ်သည်။ ရှင်အရဟံသည် ဘုရင်လေးပါးအုပ်စိုးသည့် ခေတ်လေးခေတ်တိတိ ပုဂံပြည်တွင်







သာသနာ့ဦးကိုင် သာသနာပိုင်ဆရာတော်အဖြစ်ဖြင့် သာသနာပြုလာခဲ့ရာ အလောင်းစည်သူမင်းကြီးလက်ထက် ခရစ်နှစ် ၁၁၁၅-လောက်ကျမှ ပျံလွန်တော်မူသွားသည်။ ရှင်အရဟံ ပျံလွန်တော်မူသွားသောအခါ စိမ့်ညက်မင်းသားတော် ပုံ့သကူမထေရ်သည် ရှင်အရဟံနေရာတွင် သာသနာ့ဦးကိုင် သာသနာပိုင်ဂိုဏ်းချုပ်အဖြစ် ဆက်ခံသည်။ "အရှင် အရဟံ ပရိနိဗ္ဗာန်ပြုတော်မူလျှင် အရှင်အရဟံအရာကို စိမ့်ညက်မင်းသားတော် မဟာထေရ် (ပုံ့သကူမထေရ်) ကိုပေး၍ သာသနာပိုင်ပြုရ၏။" ဟူ၍ မှန်နန်းရာဇဝင်တော်ကြီးစသော ရှေးဟောင်းမြန်မာရာဇဝင်များ၌ ဆိုထားသည်။

ရှင်အရဟံ ပျံလွန်တော်မူသွားသောအခါ ပုံ့သကူမထေရ်သည် အလောင်းစည်သူမင်းကြီးအား ရှင်အရဟံကိုယ်စား သာသနာရေးရာဓမ္မရေးရာကိစ္စများ၌ နည်းပေးလမ်းပြညွှန်ကြားသမှု ပြုရသည်။ ကျန်စစ်သားမင်းကြီးသည် မြန်မာဘုရင်များထဲက ဗုဒ္ဓဂယာမဟာဗောဓိကို ပထမဦးဆုံးပြုပြင် မွမ်းမံသူဘုရင်ဖြစ်သည်။ ကျန်စစ်သားသည် အဖိုးတန်ကျောက်သံပတ္တမြားများ ပေးအပ်လျက် မှူးမတ်ကိုယ်စားလှယ်များကို ဗုဒ္ဓဂယာသို့ စေလွှတ်ပြီးလျှင် မဟာဗောဓိစေတီတော်ကို ပြုပြင်မွမ်းမံစေသည်။ အလောင်းစည်သူမင်းကြီးလည်း သူ၏ဘိုးတော်ထုံးကို နှလုံးမူလျက် မဟာဗောဓိစေတီတော်ကို ပူဇော်လိုသည့် ဆန္ဒရှိသည်။ တစ်နေ့သောအခါ၌ ဘုရင်မင်းကြီး၏ အလိုဆန္ဒပြည့်ဝသွားသည်။ အလောင်းစည်သူမင်းကြီး၏ အကူအညီဖြင့် မိမိခမည်းတော်၏ ရခိုင်ထီးနန်းကို ရန်သူ့လက်ထဲက ပြန်လည်သိမ်းပိုက်ရရှိသွားသော လက်ျာမင်းနန်သည် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မဟာဗောဓိစေတီတော်ကို ပြန်လည်မွမ်းမံလိုသည့် အလောင်းစည်သူမင်းကြီး၏ အလိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးသည်။

မှန်နန်းရာဇဝင်တော်ကြီး၌ "ရက္ခိုင်၌ သက်မင်းကတုံကသည် ဆယ်မြောက်ဝရောင်းငှက် စနည်းသည် အမတ်သခ်ယာလုပ်ကြံ၍ မင်းပြုလျှင် မင်းဘီးလူးသားမင်းရဲဘယသည် မြောက်သား စောပေါက်ညိုနှင့်တကွ ပုဂံရာမသို့ လာ၍ခစားပါသော်လည်း ဘိုးဘေးတို့အရိုက်အရာရက္ခိုင်ကို မရပါသောကြောင့် ဝမ်းနည်းလျက် သားလက်ျာမင်းနန် သမီးရွှေလူသာတို့နှင့်နေ၏။ အခါတစ်ပါးနာ၍ အနာသည်းလှသည့်ကာလ သားကိုခေါ်၍ "ငါတို့သည် မိဘအရိုက်အရာစိုးအုပ်ပါရမည် ရည်၍ သည်မင်းဘိုးတော်(ကျန်စစ်သား) လက်ထက်ကပင် ခစားစွဲမြဲဆည်းကပ်လာပါသည်။ အလိုမပြည့်ပါ။ ငါကားယခုသေလိမ့်မည်။ မောင်မူကား ဘိုးဘရပ်ရွာပြန်ရအောင် ကြိုးစားရစ်။ ဤမင်းလက်ထက် မပြန်ရမူ နောင်မင်းတို့လက်ထက်မပြန်ရပြီ။ ဘယ်ကြောင့်နည်းဟူမူ ဤမင်းတရားသာလျှင် ဆင်၊ မြင်း၊ ရထား၊ စစ်သည် ဗိုလ်ပါများသည်။ လုပ်ရည်ကြံရည် ပညာအမြော်အမြင်ရှိလှသည်။ ဤမင်းတရား အားထုတ်တော်မူအောင် ကြံရမည်။ အဘယ်သို့ ပြုမည်ဟူသော် မင်းကြီး ဦးဆေးမင်္ဂလာပြုသောအခါ ရက္ခိုင်ဘာသာဆံကို နောက်တွဲထုံး၍ မင်းကြီးမြင်အောင်နေလေ" မှာ၍ သေခဲ့လျှင် အဖမှာတိုင်းပြုသည်ကို မင်းကြီးမြင်၍ မင်္ဂလာအခါတွင် မင်္ဂလာမဲ့ပြု၍သလောဟု သတ်မည်ထုတ်လေ၏။

လက်ျာမင်းနန်လည်း သတ်တော်မူလျှင် သေရမည်။ လျှောက်ပါရစေဟု အဖမှာတိုင်းလျှောက်လေ၏။ မင်းကြီး သနားတော်မူ၍ အမတ်လက်ျာကို ဗိုလ်မှူးခန့်၍ မြန်မာတပ်ကို သိန်ပစ္စည်းနှင့် ကြည်းကြောင်း၊ မွန်တပ်ကို လက်ျာမင်းနန်နှင့် ရေကြောင်းချီစေ၏။ ချီလာကြောင်းကို ဝရောင်းငှက်စနည်းမင်းမြေးပတိသိလျှင် လှေတပ်စီရင်၍ ပဋိက္ကရားတောင်ညိုက ဆီး၍တိုက်လျှင် ရေကြောင်းမွန်တို့ ပျက်ချေ၏။ ရေတပ်ပျက်လျှင် ကြည်းတပ်မြန်မာတို့ ပြန်ကုန်၏။ ထိုအကြောင်းကို ကြားတော်မူလျှင် အမျက်ထွက်၍ ရဲမက်ထပ်လောင်းချီပြန်စေသော် မင်းပတိကို သတ်၍ လက်ျာမင်းနန်ကို နမရွှေမူသာနှင့် နန်းတင်ခဲ့၏။

ထို့ကြောင့် ရက္ခိုင်မင်းသမီးချေင်းတွင် "ဇေးသည်တချက်၊ စံပဝက်၌၊ ဘုန်းဆက်စဥ်ပြုန်း၊ ဆယ်ယောက်ကြုံးတွင်၊ အဆုံးခွန်မူး၊ မင်းဘီလူးကို၊ ကြံထူးလှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်သိခ်ယာ၊ မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်၍သာ၊ ပဍ္ဍာမြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ်၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရွှေပြည်၊ ဆွေနှစ်မည်တွင်၊ မြင်သည်သည်းချာ၊ ရွှေလူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလိုင်း၍၊ မွန်တစ်သိန်း၊ ပျူတစ်သိန်းနှင့်၊ အောင်ကိန်းခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပရိန်မြို့သစ်၊ ထောင်လာသစ်သည်၊ ချစ်နှင့်ပြည်သူ ယူတည့်လေး" ဟု အဒူမင်းညိုစပ်ဆိုသည် ဟု ဆိုထားသည်။

မှန်နန်းရာဇဝင်တော်ကြီး၌ ဆိုထားသည့်အတိုင်း အလောင်းစည်သူမင်းကြီး၏ ကျေးဇူးကြောင့် ရခိုင်ထီးနန်းကို ပြန်လည်ရရှိသောအခါ လက်ျာမင်းနန်သည် ကျေးဇူးဆပ်သောအားဖြင့် အလောင်းစည်သူမင်းကြီး၏ မဟာဗောဓိပြုပြင်မွမ်းမံမှု စတင်ဆောင်ရွက်သည်။ ယင်းပြုပြင်စီမံမှု၌ ကြီးကြပ်ကွပ်ကဲသူမှာ ပုံ့သကူ မထေရ်ဖြစ်သည်။ ဘကြီးတော်လက်ထက်က အင်းဝတွင် အခြေစိုက်သော ဗြိတိသျှအစိုးရ ကိုယ်စားလှယ်တော် ကာနယ်ဟင်နရီဘာနေး၏ ညီကက်ပတိန်ဂျော့ဘာနေးနှင့် မြန်မာသံတမန်နှစ်ဦးတို့ ၁၈၃၃ ခုနှစ်က အိန္ဒိယသို့ သွားသောအခါ ဗုဒ္ဓဂယာ ရောက်ရှိသွားသည်တွင် မဟန့်၏ ကျောင်းတိုက်အတွင်းဘက်နံရံ၌ ကျောက်စာတစ်ချပ်တွေ့ရှိကြသည်။ ယင်းကျောက်စာမှာ သူတို့ရောက်မသွားခင် နှစ်ပေါင်း ၄၀ မတိုင်မီက ဝဇီရာသန ပလ္လင်အနီး၌ တူးဖော်တွေ့ရှိသော ကျောက်စာဖြစ်သည်။ ယင်းကျောက်စာ၌ မဟာဗောဓိစေတီတော်ကို ပုံ့သကူမထေရ် ပြုပြင်မွမ်းမံကြောင်း ရေးထိုးထားသည်။

ထို့နောက် သမိုင်းစာမျက်နှာတွင် ပုံ့သကူမထေရ်ပျောက်ကွယ်နေပြီး နရသူလက်ထက်တော်တွင် သမိုင်းစာမျက်နှာများထဲက ဘွားခနဲပေါ်လာသော ပုံ့သကူမထေရ်ကို တွေ့ရပြန်သည်။ ယင်းပုံ့သကူမထေရ်မှာ ထက်မြက်သည်။ မဟုတ်မခံ၊ မှန်ရာကိုရဲရဲဝံ့ဝံ့ လုပ်သည်။ မင်းကြိုက်မလုပ်ပေ။ မှန်နန်းရာဇဝင်တော်ကြီး၌ ယင်းပုံ့သကူမထေရ် အကြောင်း ဤသို့ ဖော်ပြထားသည်။

သက္ကရာဇ်ငါးရာ့နှစ်ဆယ့်ကိုးခုရောက်သော် ထိုမင်းသားတော် နရသူမင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူသော အကြောင်းကား ခမည်းတော် မင်းကြီးမရှိပြီဟူ၍ သားတော်မင်းရှင်စောကြားလေသော် ကြည်းအား၊ ရေအား ချီတက်မည်ဟူ၍ ရုံးစုစည်းဝေးရာတွင် နရသူလည်း ပုဂံတစ်ပြည်လုံး ဘုရားကဲ့သို့ ကိုးကွယ်သော သပိတ်သည်သား ပုံ့သကူမထေရ်ကို ဤသို့နားတော်လျှောက်၏။ "နော်တော် မင်းစောလည်း ခမည်းတော်မရှိသောအကြောင်းကို ကြားတော်မူလျှင် ရေအား၊ ကြည်းအားချီ၍ ခမည်းတော်အရာ ရွှေထီးရွှေနန်းကို သိမ်းမည်ဟူ၍ ကြားသည်။ ဤသို့ အလုံးအရင်းနှင့် ချီတော်မူသော် ကြာချေတော့မည်ဖြစ်သည်။ ကြာ၍လည်း ပြည်ထဲအရေးသည် မသင့်ချေ။ ကျွန်တော်ရှိလေပြီးသည်ကို ဓားတစ်စင်း၊ မြင်းတစ်စီးနှင့်သာ အလျင်ကြွတော်မူ၍ နန်းတော်တက်တော်မူမည့် အကြောင်းကို နောင်တော်အား ခေါ်တော်မူပါ" ဟု လျှောက်၏။

ပုံ့သကူမထေရ်လည်း ငါခေါ်၍ ရောက်သောအခါ မင်းမမြှောက်ဘဲ နေဘိဟူကား ငါရဟန်းတရားနှင့် မလျော်ရှိလတ္တံ့သည်" ဟူ၍ မိန့်တော်မူ။ နရသူလည်း နောင်တော်ဓားကိုထမ်း၍ နန်းတင်ပါမည်ဟူ၍ သစ္စာကြီးစွာပြု၏။ ပုံ့သကူမထေရ်လည်း ကုလားကျ သစ္စာပြုသည်ကို ယုံကြည်တော်မူ၍ မင်းရှင်စောရှိရာ ကြွတော်မူပြီးလေသော် အကြောင်းအမျိုးကို ပြန်တော်မူလေ၏။ မင်းရှင်စောလည်း မဟာထေရ်စကားကို ကြားတော်မူလေသော် ယုံတော်မူ၍ ရွှေလှော်ကားတစ်စင်းနှင့်သာ မထေရ်ကို တင်၍ စုန်လာတော်မူ၏။ လက်ပံဆိပ်သို့ ရောက်လျှင် နရသူလည်း သစ္စာပြုသည့် အတိုင်း လှေသို့ဆင်း၍ နောင်တော့်သံလျက်ကို ထမ်းပြီးသော် နော်တော်ကိုမ၍ နန်းတင်လေ၏။ ဘိသိက်သွန်းပြီး၍ ထိုညဉ့်တွင် စားတော်ဝယ် ဆေးခပ်ဘိ၍ အနိစ္စရောက်တော်မူလေ၏။

မင်းရှင်စော အနိစ္စရောက်တော်မူလျှင် နရသူ ထိုနှစ်တွင် မင်းဖြစ်တော်မူ၏။ ထိုသို့ ဆေးခပ်၍ အနိစ္စရောက်ကြောင်းကို ပုံ့သကူမဟာမထေရ် ကြားတော်မူသော် နန်းတော်သို့သွား၍ "ဟယ် မင်းဆိုးမင်းညစ်၊ သင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်။ ဤစည်းစိမ်ကိုရလျှင် သင်၏ကိုယ်ခန္ဓာသည် မအိုပြီမသေပြီဟူ၍ မှတ်သလော၊ လောကတွင် သင့်ထက်ပျက်သော မင်းမည်သည်ကား မရှိ" ဟူ၍ မိန့်တော်မူ၏။ နရသူလည်း "အရှင်ဘုရားထံ သစ္စာခံသည့်အတိုင်း နောင်တော်သံလျက်ကို ထမ်း၍ နန်းတင်ပါ၏တကား" ဟု ဆို၏။ အရှင်မြတ်လည်း "လူ့ပြည်တွင် သင့်ထက် ဆိုးသွမ်းညစ်ညမ်းသောသူမရှိပြီ" ဟု မိန့်တော်မူခဲ့၍ သိန်းယိုကျွန်းသို့ ကြွလေ၏။

နရသူလွန်သောအခါ ပုဂံထီးနန်းတွင် မင်းယဉ်နရသိင်္ခနန်းတက်သည်။ ထိုဘုရင်သည် နရသူကဲ့သို့ ပင် နန်းသက်တာတိုလှသည်။ သုံးနှစ်သုံးမိုးမျှသာ ထီးနန်းစည်းစိမ်ခံစား စံစားသွားရရှာသည်။ မင်းယဉ် နရသိင်္ခလွန်သော အခါ ပုဂံရာဇပလ္လင်တွင် နရပတိစည်သူ ရောက်လာသည်။ နရပတိစည်သူလက်ထက်တွင် ပုံ့သကူမထေရ် ပြန်ပေါ်လာပြန်





သည်။ နရပတိစည်သူမင်းကြီးလက်ထက် ပုံ့သကူမထေရ်အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး၌ ဤသို့ဆိုထားသည်။

နရပတိစည်သူမင်းကြီး တူးရွှင်းတောင်သို့တက်၍ ပြန်တော်မူသောအခါ စုဠာမဏိတည်သော အရပ်ချောက်တွင် ပတ္တမြားအရောင်တောက်သည်ကိုမြင်၍ ဤအရပ်၌ ငါ့ကို ကောင်းမှုပြုစေလိုသည်ဟု ထိုချောက်ကို ပြည်သူအပေါင်းဖို့ရ၏။ ထိုအခါ စာရိတ္တသီလ၊ ဝါရိတ္တသီလနှင့် ပြည့်စုံတော်မူသော ပုံ့သကူ ငစွယ်ရှင် မဟာထေရ်သည် ဤသို့ မိန့်တော်မူ၏။ "မင်းကြီးကောင်းမှု ဖြစ်စိမ့်မည်ဟူ၍ ယခုပြုသော အမှုသည် ကောင်းမှုမဖြစ်။ မကောင်းမှုသာ ဖြစ်သည်" ဟူ၍ မိန့်တော်မူ၏။ မင်းကြီးလှူသောဆွမ်းကိုလည်း ငါမခံဆိုတော်မူ၏။ နရပတိစည်သူမင်းကြီးလည်း "ဘုန်းတော်ကြီး ငါ့ဆွမ်းကို ဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင် နေသော်မမူသည်ဖြစ်မှ လွတ်တော်မူမည်။ ပြည်သူတို့လှူသော ဆွမ်းသည်လည်း ငါ့ဆွမ်းမဟုတ်တုံလော" ဟု မိန့်တော်၏။ သခင်မြတ်ပုံ့သကူထေရ်လည်း "မင်းကြီး ဤသို့ဆိုပြီတကား" ဟူ၍ သိန်းယိုကျွန်းသို့ ကူးတော်မူမည် အကြံတော်ရှိ၍ စွယ်ကြိုအရပ်တောကြီးဝယ် သီတင်းသုံးနေတော်မူ၏။

ဘုရင်နရပတိစည်သူ နောက်တွင် ထီးလိုမင်းလို၊ ကျစွာ၊ ဥဇနာမင်းတို့ ပုဂံထီးနန်းတွင် စိုးစံကြသည်။ မင်းဆက်အားဖြင့်လည်း သုံးလေးဆက်ကြာသွားသည်။ ယင်းအချိန်ကာလအတောအတွင်း ပုဂံသမိုင်း စာမျက်နှာ၌ ပုံ့သကူဘွဲ့အမည်ရှိ ရဟန်းဟူ၍ မတွေ့ရဘဲ နရသီဟပတေ့ (၁၂၅၄-၈၇) လက်ထက်ကျမှ ပုံ့သကူဘွဲ့အမည်ရှိ မထေရ်တစ်ပါး ပြန်ပေါ်လာသည်ကို တွေ့ရသည်။ နရသီဟပတေ့ လက်ထက်ပုံ့သကူမထေရ် အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး၌ ဤသို့ဆိုထားသည်။

သက္ကရာဇ် ခြောက်ရာ့သုံးဆယ်၊ တပေါင်းလဆန်း ခြောက်ရက်၊ တနင်္ဂနွေနေ့ မင်္ဂလာစေတီဘုရားကို တည်တော်မူသည်။ ထိုအခါ သိုက်နိမိတ်တပေါင် ပေါ်တော်မူသည်ကား ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်ဟု ပေါ်ကုန်၏။ ထို့ကြောင့် ဤစေတီပြီးလျှင် ပုဂံပြည်ကား ထောင်းထောင်းပျက်လတ္တံ့ဟု သက်ကြည့်ဟူးရားတို့ ဆိုကုန်ဘိ၏။ ထိုစကားကို မင်းကြီးကြားတော်မူလျှင် ခြောက်နှစ်တိုင်တိုင် မလုပ်ဘဲနေသည်ကို သီလသီတင်းနှင့်ပြည့်စုံသော ပုံ့သကူမထေရ်မြတ်သည် ဘုရားသခင် ဗျာဒိတ်ရသော မင်းဟူလျက် လောဘနိုင်ငံ၊ ဒေါသနိုင်ငံသို့ လိုက်၍ အနိစ္စ ကမ္မဋ္ဌာန်းကိုမရှု၊ အလှူကောင်းမှုကို ပြုပြီးမှ ပြည်ပျက်အံ့ဟု မလုပ်ဘဲ စိုးရိမ်၍နေသော် ဤပြည်နှင့်မင်းမသေလျဉ်းပဲ နေရတုံအံ့လောဟု ဆို၏။

မင်းကြီးလည်း သည်သခင်မြတ်သည် ငါ့အားသံသရာ၌ ရှည်လျားစွာ နစ်မွန်းမည့်အကြောင်းကို မြင်တော်မူ၍ မိန့်တော်မူပေသည်။ သည်သခင်မြတ်သာ အပါယ်လေးပါးမှ ကယ်တင်ပေသည်။ ရှေးဘုရား အလောင်းတကာ တို့သည် သားမယားအစရှိသော ပြည်ရွာမြို့ပြတို့ကို စွန့်၍ ဘုရားဆုကို တောင်းကြလေသည်။ ဗျာဒိတ်ရသော ငါသို့စဉ် မင်းဖြစ်လျက် ပြည်ပျက်အံ့သည်ကိုစိုး၍ ဘုရားရှင်စေတီတော်ကို မလုပ်နေခြင်းသည်ကား မလျောက်ပတ်။ နောင်လာတ္တံ့ သော သုံးဆယ့်ခြောက်ခု ကဆုန်လပြည့် ကြာသာပတေးနေ့ စေတီတော်ကို တည်တော်မူ၍ ပုံ့သကူအမည်ရှိအထက်ပါ ရဟန်းလေးပါးသည် တစ်ပါးတည်းဖြစ်သလော၊ တစ်ပါးစီဖြစ်သလော။ တစ်ပါးတည်းဖြစ်သည်ဟူ၍ လည်းကောင်း၊ တစ်ပါးစီ ဖြစ်သည်ဟူ၍ လည်းကောင်း သမိုင်းကျမ်းဂန်များ၌ ဖော်ပြထားခြင်း မရှိပေ။ ပုဂံသမိုင်း၌ မင်းလေးဆက်တိတိ သက်တော်ထင်ရှားရှိသွားခဲ့သော ရှင်အရဟံကဲ့သို့ မင်းလေးပါးလက်ထက် သို့မဟုတ် ခေတ်လေးခေတ်၌ ပေါ်ပေါက်ခဲ့သော ပုံ့သကူမထေရ်လည်း တစ်ပါးတည်း ဖြစ်သလော။ ယင်းသို့ကား ဖြစ်နိုင်ဖွယ် မရှိပေ။ ရှင်အရဟံပုဂံပြည်ရောက်လာစဉ် ပျိုမြစ်နနယ်သော ရဟန်းငယ်မျှသာ ရှိသေးသည်။ ထို့ကြောင့် သက်တော် ၈၁ နှစ် အထိ နေထိုင်သွားခဲ့သော ရှင်အရဟံသည် မင်းလေးဆက်ကို မီသွားခြင်းဖြစ်သည်။ ပုံ့သကူမထေရ်မှာမူ အလောင်းစည်သူ မင်းကြီး လက်ထက်ရှင်အရဟံ၏ အရိုက်အရာကို ဆက်ခံစဉ်က သက်တော် ၇၀ ကျော်နေပြီ။ သို့သော် ပါဠိကျမ်းဂန်များ၌ ပါရှိသော နည်းလေးဆယ်အနက် "မိဂပဒဝလဉ္ဇန"နည်းအမည်ရှိ နည်းတစ်နည်းရှိသည်။ ကျောက်ဖျာပေါ်၌ သမင်ခြေရာ ရှိမနေသော်လည်း ကျောက်ဖျာ၏ ဘေးနှစ်ဖက်၌ သမင်ခြေရာကို တွေ့ရသဖြင့် ကျောက်ဖျာပေါ် သမင်ဖြတ်ကျော်သွားသည် ဟု မှန်းဆသိရသောနည်း ဖြစ်သည်။ ယင်းနည်းအရ ကြည့်မည်ဆိုလျှင် ဘုရင်သုံးပါး (အလောင်းစည်သူ၊ နရသူ၊ နရပတိစည်သူ) တို့၏ လက်ထက်၌ ထွန်းကားပေါ်ပေါက်ခဲ့သော ပုံ့သကူမထေရ်သည် တစ်ပါးတည်းဖြစ်ဖို့ ရှိသည်။

ယူဆရာ၌ “မိဂပဒဝလဥ္စန” နည်းသဖွယ်ဖြစ်သော အခြေခံ အကြောင်းတရားများ ရှိနေသည်။ ဘုရင်သုံးပါးလက်ထက်၌ ပေါ်ပေါက်ခဲ့သော ပုံ့သကူမထေရ်သုံးပါးလုံးမှာ ရာဇဂုရု သာသနာ့ဦးကိုင် သာသနာပိုင်များဖြစ်သည်။ သုံးပါးလုံးရာဇဂုရု ဖြစ်ကြသော်လည်း မင်းအလိုမလိုက် မင်းကြိုက်မလုပ်သည့် စရိုက်မှာ တူညီနေကြသည်။ ထို့ပြင် နရသူကို မျက်ပြီး သိန်းယိုကျွန်းသို့ ထွက်သွားပြီးနောက် နရပတိစည်သူလက်ထက် မြန်မာနိုင်ငံပြန်လာသောအခါ ပုံ့သကူမထေရ်၏ သက်တော်မှာ ၉၀ ရှိနေပြီဖြစ်၍ သက်တော် ၉၀ အရွယ်သည် မှည့်ရင့်နေသည့်အရွယ်ဖြစ်သော်လည်း ကျန်းမာရေး ကောင်းလျှင် ဆက်လက်နေနိုင်သေးသည့် အရွယ်ပင်ဖြစ်သည်။ သို့သော်လည်း ယင်းအယူအဆကို ကပျက်ယပျက်လုပ် သည့် အချက်များလည်း ရှိနေသည်။ မှန်နန်းရာဇဝင်၌ အလောင်းစည်သူမင်းကြီးလက်ထက် ရှင်အရဟံ၏ အရိုက်အရာ ဆက်ခံသော ပုံ့သကူမထေရ်ကို “စိမ့်ညက်မင်းသားတော်”ဆိုထားပြီး နရသူလက်ထက် ပုံ့သကူမထေရ်ကိုမူ “သပိတ်သည်သား” ဟု ဆိုထားသည်။ နရပတိစည်သူမင်းကြီးလက်ထက် ပုံ့သကူမထေရ်ကိုကား “ပုံ့သကူ ငစွယ်ရှင်” ဟု ဖော်ပြထားပြန်သည်။

နရသီဟပတေ့လက်ထက်တွင် ပေါ်ပေါက်လာခဲ့သော ပုံ့သကူမထေရ်မှာမူ တခြားပုံ့သကူမထေရ်ဖြစ် မည်။ နရပတိစည်သူခေတ်နှင့် နရသီဟပတေ့ခေတ်မှာ နှစ်ပေါင်းလေးဆယ်ကျော်ငါးဆယ်နီးပါး ကွာသည်ဖြစ်၍ ယခင် ပုံ့သကူသည် ထိုမျှသော အချိန်ကာလအထိ အသက်ရှင်နေနိုင်ရန် အကြောင်းမရှိပေ။ အကယ်၍ အသက်ရှည်နေမည် ဆိုလျှင်လည်း သက်တော် ၁၃၀ ကျော်သွားလိမ့်မည်။ နောက်တစ်ကြောင်းမှာလည်း နရပတိစည်သူလက်ထက်တွင် သိန်းယို ကျွန်းမှ ပြန်ကြွလာသော ပုံ့သကူမထေရ်မည်သည့် ခုနစ်က ပျံလွန်တော်မူတော်မူသွားသည်ဟု ရာဇဝင်၌ ဖော်ပြထားခြင်း မရှိသော်လည်း ပုံ့သကူမထေရ်၏ သာသနာပိုင် အရိုက်အရာကို ဆက်ခံသူမှာ ဥတ္တရာဇီဝမထေရ်ဟု ဆိုထားသည်။ ဆပဒ မထေရ်၏ဆရာ ဥတ္တရာဇီဝမထေရ်သည် နရပတိစည်သူမင်းလက်ထက် ဆပဒနှင့် ရဟန်းလေးပါး ပုဂံရောက်ရှိလာသောအခါ ဤလောက၌ မရှိတော့ပေ။ ပျံလွန်တော်မူသွားလေပြီ။ ထို့ကြောင့် ပုံ့သကူမထေရ်လည်း ဥတ္တရာဇဝမထေရ် ပျံလွန်တော် မမူခင် ပျံလွန်တော်မူသွားသည်ဟု ယူဆရသည်။

အမှန်က “ပုံ့သကူ” သည် ရဟန်းတစ်ပါး၏ ကိုယ်ပိုင်ဘွဲ့အမည်မဟုတ်ပေ။ ပုံ့သကူ(ပံသုကူလိက) ဓူတင်ဆောင် ရဟန်းကိုခေါ်သည့် အမည်ဖြစ်သည်။ သုသာန်၌စွန့်ပစ်ထားသော လူသေကောင်ကို ဖုံးလွှမ်းသည့်အဝတ်ကို ယူ၍ သင်္ကန်းချုပ်ဝတ်သော ရဟန်းကို ပုံ့သကူရဟန်းဟု ခေါ်သည်။ ပုဂံခေတ်က ပုံ့သကူဓူတင်ဆောင်ရဟန်းများ ရှိကြဟန် တူသည်။ ထို့ကြောင့် ပုဂံသမိုင်း၌ မူရင်းဘွဲ့အမည် ပျောက်ပြီး “ပုံ့သကူ” အမည်ဖြင့် ထင်ရှားသော ရဟန်းတော်များ ရှိကြခြင်း ဖြစ်ပေလိမ့်မည်။

ကျမ်းညွှန်း

၁။ မှန်နန်းရာဇဝင်တော်ကြီး

၂။ History of Burma(Myanmar) G.E.Harvey

၃။ Buddhagaya temple and its History; Dipark Varua





## ၈။ အမှောင်နှင့်အလင်း

ညဉ့်၏အဆုံး၌ နေ့ရောက်လာရသည်။ အပူချည်းလည်း ရှိမနေပေ။ အပူ၏တွဲဘက်အနေဖြင့် အအေးရှိနေသည်။ သုခ၏အဖြည့် ဒုက္ခရှိရသည်။ အဆိုးနောက်ခံမရှိက အကောင်းကြွတက်မလာနိုင်ပေ။ အတိုရှိမှ အရှည်၏ တိုင်းတာမှု ဖြစ်နိုင်သည်။ အဝေး၏အကွာအဝေးကို အနီးဖြင့်သာ မှန်းဆနိုင်သည်။ အမှောင်မရှိဘဲ အလင်း ဖြစ်မလာနိုင်ပေ။ အမှောင်နောက်ခံမရှိဘဲ ပန်းချီကား၏ အလင်းပိုင်း ပေါ်လွင်မလာပေ။ အနိမ့်ကိုထောက်၍ အမြင့် ဖြစ်ပေါ်လာသည်။

လူ့ဘဝ၌လည်း အကောင်းအဆိုး အတက်အကျ အလင်းအမှောင်ဟူ၍ ဆန့်ကျင်ဘက်သဘော တရားနှစ်ခု ဒွန်တွဲနေသည်။ မွေးကတည်းကစ၍ မြေကြီးပေါ် ခေါင်းချသည်အထိ သူတော်ကောင်းစိတ် မွေးဖွားသည့် ပုဂ္ဂိုလ်မရှိဟူ၍ မဆိုနိုင်ပေ။ သို့ရာတွင် ဘဝ၏ တစ်စုံတစ်ခုသောကာလ ကုန်ဆုံးသွားသည့်အခါ အဆိုးစာရင်းပိတ်လျက် ယင်းကာလ၏ နောက်ပိုင်း၌ အကောင်းပေါ်လာလျှင် ထိုသူ၏ဘဝသည်လည်း တန်ဖိုးရှိသည့် ဘဝဟုပင် ဆိုထိုက်သည်။ ဘဝတစ်လျှောက်လုံး ဆိုးလာသော်လည်း တစ်စုံတစ်ခုသော အချိန်ကာလ၌ သတိသံဝေဂရလျက် စိတ်ကောင်းမွေးမြူလျှင် ထိုသူ၏ဘဝ၌ အမှောင်၏နောက်တွင် အလင်းရောင် ပေါ်လာသည်ဟုပင် ဆိုရမည်။

အင်္ဂုလိမာလ၏ ဘဝကိုကြည့်ပါ။ မြတ်စွာဘုရားနှင့် မတွေ့ခင်အချိန်က အင်္ဂုလိမာလသည် အားလုံးက ထိတ်လန့်ကြောက်ရွံ့နေရသော လူသတ်သမား ဓားပြအကြီးစား ဖြစ်သည်။ “ဂုရုဒက္ခိနာ”ခေါ် ဆရာကြေး ဆရာခပေးရန် အတွက် လက်ညှိုးပေါင်းတစ်ထောင်ရရှိရန် လူတကာ၏ လက်ညှိုးကို လိုက်လံဖြတ်ယူနေရာ လက်ညှိုးပေါင်း တစ်ထောင် ပြည့်ရန် တစ်ချောင်းသာ လိုတော့သည်။

သူတစ်ပါး၏လက်မှ ဖြတ်ယူရရှိသည့် သွေးရဲရဲသံရဲရဲ လက်ညှိုးပေါင်း ၉၉၉ ကို ကြိုးနှင့်သီပြီး “အင်္ဂုလိမာလ” လက်ညှိုးပန်းကုံးကို လည်ပင်းတွင် ဆွဲထားသောကြောင့် “အင်္ဂုလိမာလ” ဟု အမည်တွင် နေသည်။ လည်ပင်းတွင် ဆွဲထားသော လက်ညှိုးပေါင်း ၉၉၉ ထဲက လက်ညှိုးတစ်ချောင်းစီ တစ်ချောင်းစီသည် လူသတ်သမား ဓားပြ အကြီးစား ဘဝ တစ်ခဏစီတစ်ခဏစီကို ရေတွက်ပြနေသလို ဖြစ်နေသည်။

လက်ညှိုးတစ်ထောင်စေ့ရန် နောက်ဆုံးကျန်နေသည့် လက်ညှိုးတစ်ချောင်းအတွက် မာတာမိခင် ကျေးဇူးရှင်၏ လက်ညှိုးကို ဖြတ်ရန် ကြိုးစားအားထုတ်နေဆဲ အင်္ဂုလိမာလသည် မြတ်စွာဘုရားနှင့် ဆုံခြင်းဖြစ်သည်။ ထိုအခါ သူ၏အာရုံသည် မိခင်ထံမှ ခွဲခွာပြီး မြတ်စွာဘုရားထံ ရောက်ရှိသွားသည်။ လိုနေသည့် လက်ညှိုးတစ်ချောင်းအတွက် မြတ်စွာဘုရား၏လက်ညှိုးဖြင့် ဖြည့်ရန် ကြိုးစားအားထုတ်ဆဲမှာပင် အင်္ဂုလိမာလ၏ ဘဝအမှောင်တွင် အလင်းရောင်ပြူလာ သည်။ အင်္ဂုလိမာလ၏ သွေးစွန်းနေသောဓားသည် မဟာကရုဏာတော်ရှင် မြတ်စွာဘုရား၏ ကရုဏာဒိုင်းကြီးကို ဖောက်ထွင်းသွားစေခြင်းငှာ မတတ်နိုင်တော့ပေ။ ထိုအချိန်မှစ၍ အင်္ဂုလိမာလသည် အမှောင်ထဲက ထွက်၍ အလင်းရောင်ထဲ ရောက်ရှိလာရာ သူ့ဘဝတွင် ပေါ်လာသော အလင်းရောင်မှာသာမကတော့ဘဲ အလင်းရောင်စစ် အလင်းရောင်မှန် ပရမတ္ထမ အလင်းရောင်ပင် ဖြစ်လာသည်။

အသောကမင်းတရားကြီး၏ ဘဝကိုလည်း ကြည့်ပါဦး၊ အသောကမင်းတရားကြီး၏ ဘဝ၌လည်း အမှောင်နှင့်အလင်းဟူ၍ အခန်းနှစ်ခန်းရှိသည်။ ယင်းအခန်းနှစ်ခန်း ကဏ္ဍနှစ်ကဏ္ဍကို ကတ္တားခြားပေးသော၊ စည်းခြားပေး သောအရာမှာ ကလိင်္ဂစစ်ပွဲဖြစ်သည်။ အသောကမင်းတရားကြီးသည် ထီးနန်းစိုးစံခဲ့ပြီး ၈ နှစ်အကြာ၌ ကလိင်္ဂတိုင်းကို ကျူးကျော်တိုက်ခိုက်သည်။ သို့ရာတွင် စစ်၏အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင်တွေ့မြင်သွားသော အသောကမင်းတရားကြီး သည် စစ်ကို ရွံ့ရှာမုန်းတီးသွားသည်။ ကလိင်္ဂစစ်ပွဲ၌ လူငါးသောင်း သုံ့ပန်းအဖြစ်အဖမ်းခံရသည်။ လူပေါင်း တစ်သိန်း အသတ်ခံရသည်။ ထိုထက်မက အရေအတွက်များပြားသော ပြည်သူပြည်သားတွေ သေကြေပျက်စီးကြသည်။ လူတွေ သွေးရဲရဲ သံရဲရဲ သောက်သောက်လဲ ပျက်စီးကြရသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်သွားသောအခါ အသောက ထိတ်လန့်သွား သည်။ သံဝေဂရသွားသည်။

အသောကဏ္ဍ ရှေ့ပိုင်းဘဝသည် ကလိင်္ဂစစ်ပွဲတွင် နိဂုံးချုပ်သွားသည်။ ကလိင်္ဂစစ်ပွဲအပြီးတွင် အသောကဏ္ဍ နောက်ပိုင်းဘဝ အစပြုသည်။ ထိုအချိန်မှစ၍ အသောကသည် လက်နက်ကိုပစ်ပယ်လျက် လက်နက်အစား တရားဓမ္မကို ဦးထိပ်ထားသည်။ ပကတိလက်နက်အစား မေတ္တာလက်နက် ဓမ္မလက်နက်ကိုသာ အသုံးပြုသည်။ "စစ်စည်ရွှမ်းမည့်အစား တရားစည်တော်ကိုသာ ရွှမ်းမည်" ဟူ၍ ကြွေးကြော်လိုက်သည်။ နောက်ပိုင်းဘဝ၌ အသောကသည် ပြည်သူ့အကျိုးနှင့် တရားဓမ္မအကျိုးကိုသာ သည်ပိုးဆောင်ရွက်သည်။ စစ်နှင့် အကြမ်းဖက်မှု၊ လက်နက်အားကိုး ပြုမှုများကို ကျောခိုင်းလျက် မေတ္တာလက်နက် ဓမ္မလက်နက်ကိုင်ဆောင်သော အသောက ဖြစ်လာသည်။ ကလိင်္ဂစစ်ပွဲ မတိုင်ခင်က အသောကဏ္ဍ ဘဝသည် အမှောင်ထဲက ဘဝဖြစ်ပြီး ကလိင်္ဂစစ်ပွဲ နောက်ပိုင်းအသောကဏ္ဍ ဘဝသည် အလင်းထဲရောက်လာသော ဘဝ ဖြစ်သည်။

အစပိုင်းက အမှောင်ထဲရောက်နေပြီး နောက်ပိုင်းတွင် အလင်းထဲရောက်လာသူများရှိသော်လည်း ဘဝတစ်ခုလုံး အမှောင်လွှမ်းနေပြီး ဘဝဇာတ်သိမ်းသွားသည်အထိ အလင်းရောင်နှင့် တွေ့မသွားသူများလည်း ရှိသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် အကယ်၍ ထင်ရှားသူများဖြစ်လျှင် စာလုံးအမည်းများဖြင့်သာ ရေးထိုးမှတ်တမ်းတင်ခြင်းခံကြရသည်။ ယင်းကဲ့သို့ ဘဝတစ်လျှောက်လုံး အမှောင်ဖုံးပြီး ဘဝနိဂုံးချုပ်သည်အထိ အလင်းရောင်ထဲက ထွက်မလာနိုင်ကြသူများထဲတွင် ပုဂံသမိုင်း၌ အလောင်းစည်သူမင်းကြီးနောက် ပုဂံထီးနန်းစိုးစံသော နရသူ(၁၁၆၇-၁၁၇၀) လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

နရသူ၏ နန်းသက်သည် သုံးလေးနှစ်မျှလောက်သာ ကြာသည်။ ဤမျှတိုတောင်းလှသောကာလအတွင်း နရသူသည် အမှောင်ခန်းများထဲတွင် တစ်ခန်းပြီးတစ်ခန်းပြောင်းနေရသဖြင့် အလင်းရောင်ရှိရာသို့ ထွက်မလာရတော့ဘဲ အမှောင်ခန်းများထဲ၌သာ ဘဝနိဂုံးချုပ်သွားရသည်။ ကမ္ဘာလောက၌ တစ်ခုခုကိုလိုချင်သည့် ဆန္ဒပြင်းပြနေသော်လည်း ရချင်မှရသည်။ ရသည့်တိုင်အောင် မိမိနှင့် မထိုက်တန်လျှင် ထိုအရာဝတ္ထုသည် မိမိလက်ထဲတွင် ကြာကြာမနေဘဲ လက်ထဲက လွတ်ထွက်သွားတတ်သည်။ မိမိ ရောက်လိုသောနေရာသို့ ကြိုးစားပမ်းစားသွားသော်လည်း လမ်းခုလတ်တွင် အနှောင့်အယှက်အခက်အခဲများ ရှိနေသည်ဖြစ်၍ မိမိရောက်လိုသောနေရာသို့ မရောက်လိုက်ရဘဲ လမ်းခုလတ်က ပြန်လှည့်လာရသူများလည်း ရှိသည်။ နရသူသည် ထီးနန်းကို အလွန်မက်မောသူ ဖြစ်သည်။ မိမိအလွန်မက်မောသော ထီးနန်းကို မရရသည့်နည်းဖြင့် အရယူခဲ့သည်။ သို့ရာတွင် သူ၏ ဘေးလောင်းတော် ဘိုးလောင်းတော်များဖြစ်ကြသည့် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူတို့ကဲ့သို့ ထီးနန်းနှင့် မထိုက်တန်သူဖြစ်၍ ဘုရင်မလုပ်တတ်၍ အုပ်ချုပ်သူတစ်ဦး၏ အင်္ဂါရပ်နှင့် မညွတ်၍ ထီးနန်းသည် သူ၏လက်ထဲတွင် သုံးနှစ်မျှသာ ခံသည်။

နရသူ၏ နောင်တော်မင်းရှင်စောသည် အလောင်းစည်သူမင်းကြီးလွန်လျှင် ပုဂံထီးနန်းကို ဆက်ခံရမည့်သူ ဖြစ်သည်။ သို့သော်လည်း ဥပရာဇ်ဆင့်သားတော်ဆိုပြီး ရာဇဂုဏ်မောက်နေသော မင်းရှင်စောသည် မှူးကြီးမတ်ကြီးများကိုသာမက ခမည်းတော်ကိုပင် ကလန်ကဆန်လုပ်သည့်အတွက် ခမည်းတော်၏ အမျက်ခံရပြီး အဝေးသို့ လွင့်သွားသည်။ ဤတွင် ထီးနန်းမျက်စိကျနေသော နရသူအတွက် တပန်းသာသွားသည်။ ခမည်းတော်က သူ့ကိုယုံစားပြီး မိမိကိုယ်စား ထီးနန်း နန်းရေးဆောင်ရွက်ရန် လွှဲအပ်ထားသောအခါ နရသူသည် ပုဂံထီးနန်းတွင် သူ့လက် သူ့ခြေ ဖြစ်လာသည်။ ဤတွင် နရသူသည် သူ့ခမည်းတော် ဘုရင်မင်းကြီးအသက်နှင့် ကိုယ်ထင်ရှားရှိနေသေးသော်လည်း သူ့ကိုယ်သူပုဂံထီးနန်းပိုင်ရှင် ဘုရင်ဧကရာဇ်တစ်ဆူဟု ထင်မြင်လာသည်။

ထိုအတောအတွင်း အလောင်းစည်သူမင်းကြီး နာမကျန်းဖြစ်လာသည်။ နရသူသည် ရာဇသွေး ရာဇမာန်တက်နေသည်ဖြစ်၍ ထီးနန်းတွင် ဘုရင်တစ်ဆူအဖြစ် မင်းမူနိုင်ရန်အတွက် မဟုတ်သည့်အရုပ်က ကြိုးရှုပ်နေသည်ဟူ၍ အထင်ရောက်လျက် သတိချွတ်ယွင်း မေ့လျော့လောက်အောင် နာမကျန်းဖြစ်နေသော ခမည်းတော်မင်းကြီးကို နန်းတော်၌ မထားတော့ဘဲ နွားအိုကို နွားသတ်ရုံပို့သကဲ့သို့ မြန်မြန်သေ မြန်မြန်အေးသည်၊ မြန်မြန်ရှင်းသည်ဆိုပြီး ရွှေဂူကြီးဘုရား ပို့ထားလိုက်သည်။





နရသူထင်သလို အလောင်းစည်သူမင်းကြီး ရွှေဂူကြီးဘုရားတွင် ခပ်လွယ်လွယ်နှင့် ကွယ်လွန်မသွားဘဲ ရောဂါသက်သာလာပြီး သတိပင် ပြန်ဝင်လာသောအခါ နရသူသည် ခမည်းတော်ရှိရာ ရွှေဂူကြီးဘုရားသို့ လာလျက် မရဏာညောင်စောင်း၌ လဲလျောင်းနေသော ခမည်းတော်ကို ကိစ္စတုံးပစ်လိုက်သည်။ သူ့ခမည်းတော် ပြန်လည်ကျန်းမာလာလျှင် ပုဂံထီးနန်းသည် ပိုင်ရှင်လက်ထဲ ပြန်ရောက်သွားမည်။ ထိုအခါ မိမိ ထီးနန်းလက်လွတ်ရချည်ရဲ့ဟု စိုးရိမ်နေသော နရသူသည် မိမိ ထီးနန်းရရေး၌ အဟန့်အတားဖြစ်နေသော ခမည်းတော်ကို ရှင်းပစ်လိုက်သည်။ ထီးနန်းလက်လွတ်သွားမှာ စိုးရိမ်နေသော နရသူသည် ပိတုဃာတကကံ ကျူးလွန်ရမှာကို မကြောက်တော့ပေ။

ကမ္ဘာ့သမိုင်း၌ လည်းကောင်း၊ မြန်မာ့သမိုင်း၌လည်းကောင်း ခမည်းတော်၏ ထီးနန်းကို သိမ်းပိုက်လိုသည်ဖြစ်၍ ခမည်းတော် မျက်နာလွှဲသွားသည်ကို မစောင့်နိုင်တော့ဘဲ ခမည်းတော်ကို သုတ်သင်ရှင်းလင်းပစ်သည့် အဖြစ်အပျက်များရှိခဲ့ဖူးသည်။ သို့သော်လည်း ယင်းအဖြစ်အပျက်များမှာ နရသူလုပ်သလို မဟုတ်ပေ။ ထီးနန်းရယူရေးအတွက် ပြောင်ပြောင်တင်းတင်း လမ်းရှင်းပစ်လိုက်ခြင်းဖြစ်သည်။ ယင်းအဖြစ်အပျက်များ၌ ထီးနန်းမက်မောမှုနှင့် ရဲရင့်စွန့်စားမှု တွဲဖက်နေကြသည်။ နရသူ၏ ထီးနန်းမက်မောမှုမှာ ရဲရင့်စွန့်စားမှု ကင်းမဲ့နေသည်။ ခိုးကြောင်ခိုးဝှက်လုပ်မှု၊ မလိမ့်တပတ်လုပ်မှုများနှင့် တွဲဖက်နေသည်။ နရသူသည် သူ့ခမည်းတော်ကို ရွှေဂူကြီးဘုရားသို့ ပို့ထားပြီး ကွယ်လွန်သွားမည့် အချိန်ကို စောင့်စားနေသည်။ သို့သော်လည်း ကွယ်လွန်မသွားသေးဘဲ သေရွာမှ ပြန်လာသလိုလို ဖြစ်လာသောအခါ အသက်မရှူနိုင်အောင် အဝတ်ဖြင့်ဖိ၍ ကွပ်မျက်ပစ်လိုက်သည်။ ထီးနန်းရရေးအတွက် ကောက်ကျစ်သောနည်း၊ မလိမ့်တပတ်နည်းကို နရသူ အသုံးပြုသည်မှာ ထိုတစ်ကြိမ်မျှသာမကပေ။ သူ၏နောင်တော် မင်းရှင်စောကို ရှင်းလင်းပစ်ရာ၌လည်း ထိုထက်ပင် ဆိုးရွားသည့် ကောက်ကျစ်စဉ်းလဲသောနည်း၊ မလိမ့်တပတ်နည်းကို အသုံးပြုသည်။

ခမည်းတော်မင်းကြီးနတ်ရွာစံသောအခါ နရသူသည် ပုဂံထီးနန်းကို သိမ်းပိုက်လိုက်သည်။ ထိုအခါ အဝေးရောက်နေသော ထီးနန်းအရိုက်အရာခံ နောင်တော်မင်းရှင်စောသည် ညီတော်လက်ထဲက ထီးနန်းကို သိမ်းပိုက်ရန်အတွက် ချီတက်သည်။ နရသူသည် သူ့နောင်တော် မင်းရှင်စောကို လန့်သည်။ ရင်မဆိုင်ရဲပေ။ ထို့ကြောင့် ခမည်းတော်လက်ထက်ကစပြီး ကိုးကွယ်ဆည်းကပ်လာသော သာသနာပိုင် ဂိုဏ်းချုပ်ဆရာတော် ပံ့သကူမထေရ်အား "နောင်တော်ကို နားချပေးပါ၊ တပ်နှင့်ချီတက်လာစရာမလိုပါဘူး၊ နောင်တော်ကို တပည့်တော်နန်းတင်ပါမည်။ ဓားတစ်စင်း၊ မြင်းတစ်စီးနှင့်လာလျှင် တော်ပါပြီ" ဟူ၍ လျှောက်ထားပြီးလျှင် ကြားဝင်ခိုင်းသည်။ ပံ့သကူမထေရ်က နရသူ၏စကားကို ယုံစားပြီး မင်းရှင်စောထံ ကြွသွားလျက် အကျိုးကြောင်းပြောပြသည်။ မထေရ်၏ စကားဖြစ်၍ မင်းရှင်စောက ယုံကြည်သွားပြီး နရသူပြောသည်အတိုင်း ပုဂံသို့ ဓားတစ်စင်းမြင်းတစ်စီးနှင့်သာ လာသည်။ နရသူသည် ကတိအတိုင်း မင်းရှင်စောကို နန်းတင်သည်။ သို့သော်လည်း မင်းရှင်စောကို ညတွင်းချင်းပင် အဆိပ်ကျွေး ကွပ်မျက်ပစ်လိုက်သည်။ ပံ့သကူမထေရ်လည်း နရသူကတိမတည်သောကြောင့် နရသူ၏နိုင်ငံ၌ မနေတော့ဘဲ သိန်းယိုကျွန်းသို့ ထွက်ခွာသွားသည်။

နရသူသည် အနှောင့်အယှက်များ ကင်းရှင်းသွားပြီး ပုဂံထီးနန်းတွင် စိုးစံနေသော်လည်း တိုင်းပြည်ကို မအုပ်ချုပ်တတ်၍ တိုင်းပြည်တွင် ဦးထောင်ပဲ့နင်းဖြစ်ကုန်ကြသည်။ ထိုအခါ သူ့ကို မကျေနပ်သော ပြည်သူပြည်သားများကို နှိပ်ကွပ်သည်။ အဆိုးဆုံးမှာ ပြည်သူပြည်သားများ ဦးထိပ်ထားသော ရဟန်းသံဃာတော်များ စိတ်မချမ်းသာအောင် လုပ်ခြင်းဖြစ်သည်။ နရသူနှင့်ပတ်သက်၍ မှန်နန်းရာဇဝင်တော်ကြီး၌ "အမျက်ဆောင်မာန်ပြင်း၏။ မင်းဖြစ်လျှင် ခမည်းတော် အလောင်းစည်သူပေးသော ကြဘန်အမည်ရှိသော သတို့သမီးကိုလည်း ကွပ်လေ၏။ ကြဘန်သား ဥတ္တရသူနှင့် ဘထွေး စချီ မဟာဗိုလ်ကိုလည်းကွပ်လေ၏။ စွမ်းသန်သော ရဟန်းတို့သည်လည်း လူထွက်ရကုန်၏။ အချို့သော ရဟန်းမြတ်တို့သည် လူပြုရမည်ကို ကြောက်၍ သိန်းယိုကျွန်းသို့ချည်း ကြွကုန်လေ၏။ မင်းကြီးကား ရက်စက်ကြမ်းကြုတ်၏။ မိဖုရားစသော ကိုယ်လုပ်မောင်းမတို့လည်း ကြောက်ရွံ့ခန့်ညားကုန်သည်ဖြစ်၍ မချစ်မကြိုက်ကြကုန်။ မကောင်းသောဆုကို ယူကုန်၏။ တိုင်းကားနိုင်ငံ၌ နေကုန်သော သူအပေါင်းတို့သည် ပူဆာကုန်သည်ဖြစ်၍ ရွာပြည်မြို့ပြ ပျက်စီးကုန်သည်ကားများ၏။ ကောင်းမှုတော် ဓမ္မရံကြီးကို လုပ်သည်လည်း ကြောက်ရွံ့ခြင်း ပြင်းသောကြောင့် စေ့စပ်သေချာလွန်း၍ မပြီးလေ" ဟူ၍ ဆိုထားသည်။

နရသူ၏ အမှောင်လွှမ်းနေသော ဘဝတစ်လျှောက်၌ လက်ခနဲ ပြက်လိုက်သော အလင်းတစ်ကွက်ရှိသည်။ ယင်းတစ်ကွက်မှာ ဓမ္မရံကြီးစေတီတည်ခြင်း ဖြစ်သည်။ သို့သော်လည်း ယင်းအလင်းမှာလည်း တိမ်ဖုံးနေသော လ၏ အလင်းရောင်ဖြစ်သည်။ မိုးသားအုံ့ဆိုင်းနေသော နေ၏ အလင်းရောင်ဖြစ်သည်။ အခိုးအငွေ့တွေကြားထဲက ဆီမီးခွက်၏ အလင်းရောင် ဖြစ်သည်။

ရဟန်းသံဃာတော်များကို စိတ်မချမ်းသာအောင် လုပ်သူတစ်ဦး ဘုရားတည် ကျောင်းဆောက်သည် ဆိုခြင်းမှာ မည်သည့်နည်းနှင့်မှ စစ်မှန်သော သဒ္ဓါတရားကို အခြေမခံနိုင်ပေ။ နရသူ ဓမ္မရံကြီးဘုရားတည်ခြင်းမှာ သူ ကျူးလွန်ထားသည့် ပြစ်မှုတို့ကို ဖုံးဖိလိုသောကြောင့်လည်းကောင်း၊ တခြား ဘုရားဒါယကာ ပုဂံမင်းများထက် ကျော်လွှားသွားစေရန် အတွက် လည်းကောင်း တည်ခြင်းဖြစ်သည်ဟု တချို့ရာဇဝင်ဆရာများက ဆိုကြသည်။ ယင်းအဆိုမှာ မှန်လည်းမှန်လောက်သည်။ ဓမ္မရံကြီးစေတီသည် ပုဂံရှိ တခြားစေတီပုထိုးများထက် ခိုင်ခန့်ကြီးမားနေသည်။

နရသူသည် ဓမ္မရံကြီးကိုတည်ရာ၌ တခြားစေတီပုထိုးများ၏ ဗိသုကာ လက်ရာထက် သာစေရန် စိတ်စောနေပုံရသည်။ ဓမ္မရံကြီးဘုရားတည်သည်ကို ကြည့်ရှုစစ်ဆေးသော နရသူသည် အုတ်နှစ်ချပ်၏ ကြားထဲတွင် အပ်ထိုး၍ ရသောကြောင့် ဗိသုကာကို ကွပ်မျက်ပစ်သည်ဟု အဆိုရှိသည်။ ယင်းအဆိုမှာလည်း ယုတ္တိရှိတန်သလောက်ရှိပုံရသည်။ အုတ်စီ အုတ်ထပ်လုပ်ရာ၌ ဓမ္မရံကြီးကို တခြားမည်သည့် ပုဂံဘုရားပုထိုးမှ မမီပေ။ သို့သော်လည်း ဘုရားဒါယကာ၏ ဘဝအမှောင်ရိပ်ထိုးနေသောကြောင့်လား မသိ။ ဓမ္မရံကြီးကို ဖူးရသည်မှာ တခြားပုဂံစေတီပုထိုးများလို ကြည်ကြည်လင်လင် ရှိနေသည်ကို မတွေ့ရပေ။ အုံ့အုံ့ဆိုင်းဆိုင်း ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသလိုလို မြင်ရသည်။ နေရောင် လရောင်အောက်က စေတီပုထိုးကို မြင်ရခြင်း မဟုတ်ဘဲ မိုးသားတိမ်ရိပ်အောက်က စေတီပုထိုးကို ဖူးရသလိုလို ဖြစ်နေသည်။ တင်းမာခက်ထန်ရော်သော ဘုရားဒါယကာ၏ နှလုံးသားကို ဖော်ပြသလိုလို ဖြစ်နေသည်။

နရသူသည် ထီးနန်းစည်းစိမ် ခိုင်မြဲအောင် မည်သို့ပင် ဘုရားကုကု ကု၊ ပင်ကိုစရိုက်ခက်ထန်ကြမ်းကြုတ်နေသူဖြစ်၍ နန်းသက်သုံးနှစ်အကြာတွင် သူ၏ဒေါသကပင် သူ့ဘဝကို နိဂုံးချုပ်စေသည်။ မိမိအားဆက်သထားသော ပဋိက္ကယား၏ သမီးတော်ကို ဒေါသမထိန်းနိုင်ဘဲ ကွပ်မျက်ပစ်သောကြောင့် ပဋိက္ကယားမင်းက သူသတ်သမား ရှစ်ယောက်ကို မန္တန်ရွတ်ဖတ် သရဏ္ဍုယ်သော ပုဏ္ဏားယောင်ဆောင်စေလျက် စေလွှတ်ပြီးလျှင် ကလဲ့စားပြန်ချေသောကြောင့် နရသူသည် သမိုင်း၌ "ကုလားကျမင်း" အမည် ရရှိသွားခြင်း ဖြစ်သည်။

နရသူ၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော် လက်ထက်များက မြင့်ရာသို့ တက်သွားသော ပုဂံသည် အမှောင်ထဲက ထွက်သည်ဟူ၍ မရှိသော နရသူလက်ထက်မှစ၍ တဖြည်းဖြည်းအောက် ပြန်ဆင်းလာသည်မှာ ပြိုကွဲပျက်စီးသွားသည်အထိဖြစ်သည်။


ကျမ်းညွှန်း

၁။ မှန်နန်းရာဇဝင်တော်ကြီး

၂။ History of Burma(Myanmar) G.E.Harvery

၃။ A Pageant of Burmese History W.S.Desai

၄။ ဗိယဒဿီ ပါရဂူ






# ၄။ အိန္ဒိယယဉ်ကျေးမှုနှင့် ပုဂံဗိသုကာ

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံမှုပြုခြင်းမှာ ယခုခေတ်မှသာလျှင် မဟုတ်ပေ။ သမိုင်းခေတ်ဦးကပင် အစပြုခဲ့သည်။ မြန်မာနိုင်ငံနှင့် တရုတ်၊ သီရိလင်္ကာ၊ အိန္ဒိယစသော အိမ်နီးချင်းနိုင်ငံတို့၏ ဆက်သွယ်မှုမှာလည်း သမိုင်းခေတ်ဦးကပင် အစပြုခဲ့သည်။ လူမှုရေးအရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း မြန်မာနိုင်ငံနှင့် ဆက်သွယ်မှုအရှိဆုံး အိမ်နီးချင်းနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။

ဗုဒ္ဓခေတ်မတိုင်မီကပင် ဇမ္ဗူဒိပ်ကျွန်းမှ လူများသည် သုဝဏ္ဏဘုမ္မိနှင့်မလာယာ၊ အင်ဒိုချိုင်းနား တိုင်းပြည်များသို့ ရေကြောင်းခရီးဖြင့် အသွားအလာရှိကြသည်။ ဇမ္ဗူဒိပ်ကျွန်းမှ လူများ၏ ပင်လယ်ရပ်ခြား ရေလမ်းခရီး အကြောင်းကို ဇာတက၌ ဖော်ပြထားသည်။ ရှေးဟောင်း အိန္ဒိယစာပေများ၌ အင်ဒိုအာရိယန်လူမျိုးများ မြန်မာနိုင်ငံတည်သည်ဆိုသည့် အကြောင်းရေးထားသည်။ ရှေးဟောင်း မြန်မာရာဇဝင်များ၌လည်း တကောင်းကို တည်ထောင်သူများမှာ ကပိလဝတ်မှ လာကြသော သကျသာကီဝင်များ ဖြစ်သည်ဟု ဆိုထားသည်။ ကပိလဝတ်ရှိ သကျသာကီဝင်များကို ဝိဋူဍုပက အမြစ်ဖြုတ်ပစ်သောအခါ လွတ်မြောက်သွားသော သကျသာကီဝင်များသည် နေရာအနှံ့အပြား ရောက်သွားကြပြီးလျှင် အချို့မှာ တကောင်းသို့ ရောက်ရှိလာပြီး ပြည်တည်ကြသည်။ ယင်းသကျသာကီဝင်အဆက်အနွယ်များသည် ဧရာဝတီမြစ် အကြေသို့ ဆင်းလာကြပြီးလျှင် သရေခေတ္တရာပြည်ကို တည်ကြသည်။ သရေခေတ္တရာဟူသော အမည်မှာ မြန်မာနိုင်ငံ၌ရှိသော ရှေးဟောင်းမြို့များအနက် ပါဠိအမည် မြန်မာအမည် မပြောင်းဘဲမူရင်း သင်္ကရိုက်စာလုံး အတိုင်းမှည့်ခေါ်ထားသော တစ်ခုတည်းသော မြို့ဖြစ်သည်။ ပျူကျောက်စာအရ သရေခေတ္တရာ၌ စိုးမိုးအုပ်ချုပ်သွားသော မင်းဆက်များထဲတွင် မင်းဆက်တစ်ဆက်မှာ ဝိကြမမင်းဆက် ဖြစ်သည်။

ဗိဿနိုးမြို့ဟောင်းသည် မြို့အမည်နာမကပင်လျှင် ဟိန္ဒူဗြာဟ္မဏလူမျိုးများ ကိုးကွယ်သော နတ်ဘုရားဗိရှနူ(ဗိဿဏိုး) ၏ အမည်နာမဖြစ်နေသည်။ ထို့ကြောင့် ဗိဿနိုးမြို့တည်ထောင်သောခေတ်၌ မြန်မာနိုင်ငံ၌ ဗြာဟ္မဏအယူဝါဒ၏ ဩဇာ အမြစ်တွယ်နေပြီ ဖြစ်ကြောင်း သိရှိရသည်။ အိန္ဒိယမှ ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် ထွက်ခွာလာသူများသည်လည်းကောင်း၊ ပြည်ပ၌ အခြေစိုက်ရန် ပြည်တွင်းမှ အပြီးအပိုင် ထွက်ခွာလာကြသူများသည် လည်းကောင်း၊ မိမိတို့နှင့် အတူတကွ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဘာသာတရားများ ပါလာကြသည်။ ယင်းဘာသာစကား၊ ယဉ်ကျေးမှု၊ ဘာသာတရားများသည် သူတို့အခြေစိုက်သောဒေသများ၌ ထွန်းကားပြန့်ပွားသွားကြသည်။ ယင်းနည်းလမ်းအရ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏအယူဝါဒများ စတင်ပြန့်ပွားလာခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်းသည် အသောကမင်းတရားကြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်လိုက်သော သာသနာပြု ရဟန်းတော်များထဲက သုဝဏ္ဏဘုမ္မိ ရောက်လာသော သာသနာပြုသောဏမထေရ်နှင့် ဥတ္တရမထေရ်တို့မှ အစပြုသည်။

ပဲခူးဘုရင် သမလသည် သူ၏ညီတော်ဝိမလကို တက္ကသိုလ်ပြည်(အိန္ဒိယ)သို့ ပညာသင်စေလွှတ်သည်ဟု အချို့ရာဇဝင်ဆရာများက ဆိုသည်။ မွန်ရာဇဝင်အရ ပဲခူးဘုရင်တိဿ(၁၀၄၃-၁၀၅၇) သည် ဗြာဟ္မဏဘာသာဝင် ဖြစ်သည်။ နောက်ပိုင်းကျမှ ဘဒြဒေဝီအမည်ရှိ အမျိုးသမီးက ချွတ်သဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်သွားခြင်းဖြစ်သည်။ ပဲခူး၏ အမည် "ဥဿ" မှာ အိန္ဒိယပြည်နယ်တစ်ခုဖြစ်သော "ဩရိသ" နှင့် ဆင်တူနေသည်။ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့တော် ဝေသာလီသည်လည်း ဗုဒ္ဓခေတ်အခါက ဂဏ (ပြည်သူ့) အုပ်ချုပ်ရေးစနစ်အရ အုပ်ချုပ်သော ဝဇ္ဇီနိုင်ငံ၏ မြို့တော် "ဝေသာလီ" ၏ အမည် ဖြစ်နေသည်။ ဝေသာလီသည် ယခုခေတ် ဗိဟာရ် ပြည်နယ်၌ ရှိသည်။

ပုဂံခေတ်တွင်ကား ဗြာဟ္မဏဘာသာနှင့် ဟိန္ဒူယဉ်ကျေးမှုသိသိသာသာ လွှမ်းမိုးနေသည်ကို တွေ့ရသည်။ များသောအားဖြင့် ကျောက်စာများ၌ ရေးထိုးမှတ်တမ်းတင်ထားလေ့ရှိသော အနော်ရထာ၏ အမည် "အနိရုဒ္ဓ" မှာမူ သင်္ကရိုက် အမည် ဖြစ်သည်။ "အနိရုဒ္ဓ" ၏ ပါဠိအမည်မှာ "အနုရုဒ္ဓ" ဖြစ်သည်။

အနော်ရထာလက်ထက် တွေ့ရှိရသော သစ္စာခွက်များအနက် သစ္စာခွက်တချို့၏ ပုံသဏ္ဍာန်မှာ

အိန္ဒိယနိုင်ငံတွင် တွေ့ရသော ရွှံ့အုတ်ခွက်များနှင့် တူနေသည်။ အနော်ရထာဘုရင်ကိုယ်တိုင် ပြုလုပ်သည့် သစ္စာခွက်များ၌ "ဉ် ကြတိရိယ ရာဇာနသီရိ အနိရုဒ္ဓဒေဝသယ" အစရှိသော သင်္သကရိုက် ဘာသာစကားရေးထိုးထားသည်ကို တွေ့ရသည်။

အနော်ရထာလက်ထက်၌ ပုဂံပြည်တွင် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားနေပြီ ဖြစ်သော်လည်း ဗြာဟ္မဏဘာသာ၏ အရိပ်အငွေ့ကို ပုဂံပြည်တွင် တွေ့နေရတုန်းပင် ဖြစ်သည်။ အနော်ရထာလက်ထက်၌ တည်ဆောက်သော နတ်လှောင်ကျောင်းမှာ ယင်းအချက်၏ ခိုင်လုံသော အထောက်အထားဖြစ်နေသည်။ နတ်လှောင်ကျောင်းသည် ဟိန္ဒူနတ်ဘုရား ဗိဿနိုးကို အဓိကထား၍ ကိုးကွယ်ရန် တည်ဆောက်သော ဟိန္ဒူဘုရားကျောင်း ဖြစ်သည်။

ပုဂံပြည်၌ ဟိန္ဒူယဉ်ကျေးမှုထွန်းကား ပြန့်ပွားနေသည်ကို နယ်ပယ်အသီးသီး၌ တွေ့မြင်ရသည်။ ပုဂံပြည်ရှိ ဗုဒ္ဓဘာသာစေတီ ပုထိုးများ၏ ဗိသုကာပုံစံနှင့် အနုပညာလက်ရာများ၌ အိန္ဒိယ၏ အငွေ့အသက် အရိပ်ထိုးနေသည်။ ပုဂံခေတ်ပုထိုးများ၏ ဗိသုကာပုံစံနှင့် အိန္ဒိယနိုင်ငံရှိ ရှေးဟောင်းဘာသာရေး အဆောက်အအုံတို့၏ ဗိသုကာပုံစံကို နှိုင်းယှဉ်လေ့လာကြည့်လျှင် ထိုအချက်မှာ သိသာထင်ရှားသည်။ အနုပညာလက်ရာများကို ကြည့်လျှင်လည်း အတော်များများ အိန္ဒိယ၏ ဩဇာအရိပ်ထိုးနေသည်ကို တွေ့ရသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ဂူပြောက်ကြီးနှင့် အပယ်ရတနာ၌ တွေ့ရသော အနုပညာလက်ရာအများစုမှာ ဇာတကဇာတ်လမ်းများအပြင် ဟိန္ဒူ၊ မဟာယာန၊ နတ်ဒေဝီဒေဝတာများ၏ ပုံများဖြစ်သည်။ မဟာယာနဇာတ်တော်ဖြစ်သော "မဟာဥမ္မင်" ဇာတ်တော်ကိုလည်း ပန်းချီဖြင့် ပုံဖော်ထားသည်။ အဝလေကိတေရွှေရ်၊ မဥ္ဇုရှရီ၊ တာရာ၊ မေတြေယ၊ ဟယဂြိဝ စသော ပုံများလည်း ပါဝင်ကြသည်။ ထိုဂူဘုရားများ၌ ရှိသော ဗြဟ္မာ၊ ရှိဝ၊ ဗိရှဏု(ဗိဿနိုး)၊ ဂဏေရှ (မဟာပိန္နဲ) စသော ပန်းချီပုံများသည် ပုဂံ၌ ဗြာဟ္မဏဘာသာ ပြန့်ပွားနေကြောင်း ဖော်ပြနေကြသည်။

အနော်ရထာ၏ မိဖုရားတစ်ပါးဖြစ်သော ကျန်စစ်သား မယ်တော် ပဉ္စကလျာဏီသည် ဝေသာလီ မင်းကြီး၏ သမီးတော်ဖြစ်သည်။ ပဉ္စကလျာဏီ၏ ခမည်းတော် ထီးနန်းစိုးစံသော ဝေသာလီသည် မည်သည့် ဝေသာလီဖြစ် သနည်း။ အိန္ဒိယနိုင်ငံ ဗီဟာရ်ပြည်နယ်၌လည်း ဝေသာလီရှိသည်။ အာသံကိုလည်း ဝေသာလီဟု ခေါ်သည်။ မှန်နန်းရာဇဝင် က ပဉ္စကလျာဏီ၏ ဝေသာလီသည် မဇ္ဈိမတိုက်မှ ဝေသာလီဟု ဆိုထားသည်။ အချို့က ပဉ္စကလျာဏီသည် ရခိုင်ပြည် ဝေသာလီမှဟု ဆိုထားသည်။ မည်သို့ပင်ဖြစ်စေ အာနန္ဒာဘုရား၌ထုလုပ်ထားသော ကျန်စစ်သားရုပ်ထုမှာ နာတံပေါ်ခြင်း၊ ကိုယ်လုံးထွား၍ ရင်အုပ်ကားခြင်း၊ ခါးသေးခြင်းစသော အသွင်လက္ခဏာများရှိနေ၍ ကျန်စစ်သားလက်ထက် ရေးထိုးသော နန်းတော်ရာ ကျောက်စာအရ ကျန်စစ်သား၏ နန်းတော်သစ် တည်ဆောက်ရာ၌ ပြုလုပ်သော အခမ်းအနားများ၌ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် အတူ ဗြာဟ္မဏယဉ်ကျေးမှုလည်း လွှမ်းမိုးနေသည်ကို တွေ့ရသည်။ ကျန်စစ်သားလက်ထက် ရေးထိုးသော ကျောက်စာများ၌လည်းကောင်း၊ ပြည်ရွှေဆံတော်စေတီ ကျောက်စာများ၌လည်းကောင်း ကျန်စစ်သားအား ဗိဿနိုးနတ် ဝင်စားသည်ဟု ဆိုထားသည်။

ရှေးဟောင်းရာဇဝင်ကျမ်းများအရ ကျန်စစ်သားတည်သော အာနန္ဒာစေတီတော်လည်း အိန္ဒိယနှင့် ဆက်စပ်မှုရှိနေပြန်သည်။ ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာသော ရဟန္တာများ၏ ညွှန်ကြားချက်အရ ထီးလှိုင်ရှင်မင်းကြီးသည် ဂန္ဓာမာဒန တောင်ရှိ နန္ဒမူလိုဏ်ပုံသဏ္ဌာန် အာနန္ဒာဘုရားကို တည်သည်ဟု အဆိုရှိသည်။ ဩရိဿရှိ ဥတ္တရဂိရိတော်ပေါ်မှ အနန္တဂူဘုရားကို နမူနာယူ၍ အာနန္ဒာစေတီ တည်သည်ဟူသော အခြား အယူအဆတစ်ခုလည်း ရှိသည်။ ကျန်စစ်သားသည် ခရီးလှည့်လည်ရင်း ပုဂံသို့ ရောက်ရှိလာသော အိန္ဒိယတောင်ပိုင်းမှ စောလမင်းသားတစ်ဦးကိုလည်း ဗုဒ္ဓဘာသာဖြစ်သွား အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ၌ အသောကမင်းတရားကြီး ကိုးကွယ်တည်ထားခဲ့သော စေတီကို ပြန်လည်မွမ်းမံသော မြန်မာဘုရင်များအနက် ကျန်စစ်သားသည် ပထမဦးဆုံး ဘုရင်ဖြစ်သည်။ ထီးလိုမင်းလိုမင်း သည် ဗုဒ္ဓဂယာစေတီပုံစံအတိုင်း စေတီတစ်ဆူတည်သည်။

အလောင်းစည်သူမင်းကြီး လက်ထက်၌ ပုဂံတွင် လွှမ်းမိုးမှုရှိနေဆဲ ဖြစ်သော မဇ္ဈိမယဉ်ကျေးမှု၏ အခိုင်မာဆုံး အထောက်အထားမှာ ရွှေဂူကြီးဘုရား၌ ရေးထိုးထားသော ကျောက်စာဖြစ်သည်။ ကျောက်စာ၏ နိဂုံးကို





သင်္သကရိုက် ဘာသာဖြင့် ရေးထိုးထားသည်။ ရွှေဂူကြီး ကျောက်စာသည် သင်္သကရိုက်ဘာသာဖြင့် ရေးထိုးထားသော ပုဂံ၏ ရှားရှားပါးပါး ကျောက်စာများထဲတွင် အထူးခြားဆုံး ကျောက်စာဖြစ်သည်။ ဘုရားတည်သည့် ခုနစ်သက္ကရာဇ်ကိုပင် အိန္ဒိယ၌အသုံးပြုသော "သက" နှစ်ဖြင့် ရေးထိုးထားသည်။ ပုဂံ၌ ရေးထိုးသမျှကျောက်စာ အတော်များများ၌ "ရှရီ" ဟူသော စကားလုံးဖြင့် အစပြုထားသည်။ ယင်းမှာလည်း အိန္ဒိယ ယဉ်ကျေးမှု၏ အငွေ့အသက်ဖြစ်သည်။

နရသူမင်း လက်ထက်၌လည်း အိန္ဒိယနှင့်အဆက်အသွယ်ရှိသည်။ ကုလားမင်း ပဋိက္ကယားမင်း သမီးတော်သည် နရသူ၏ မိဖုရားတစ်ပါးဖြစ်သည်။ နရသူသည် ပဋိက္ကယား၏သမီးတော်ကို မျက်ပြီး ကွပ်မျက်ပစ်လိုက်သည်။ ထိုအခါ ပဋိက္ကယားက သူသတ်သမားရှစ်ယောက်ကို ဗြာဟ္မဏ ယောင်ဆောင်စေလျက် နရသူကို လုပ်ကြံရန် စေလွှတ်လိုက် သည်။ ပုဂံခေတ်၌ ပုဂံဘုရင်များ၏ မင်းခမ်းမင်းနားအဆောင်အယောင်များ၌ အိန္ဒိယ ယဉ်ကျေးမှုအရ ဗြာဟ္မဏများက ဦးဆောင်ဦးရွက်လုပ်ရသော အစဉ်အလာ ရှိသည်။ ထို့ကြောင့် ဗြာဟ္မဏများသည် ပုဂံထီးနန်း ရင်းနှီးမှုရှိနေကြသည်။ ယင်းအစဉ်အလာကြောင့် နရသူသည် မိမိထံရောက်လာသော ဗြာဟ္မဏအယောင်ဆောင် သူသတ်သမားများကို စိုးစဉ်းမျှပင် သံသယမရှိပေ။ ယင်းအခွင့်ကောင်းကို ယူလျက် ဗြာဟ္မဏအယောင်ဆောင် သူသတ်သမားများသည် နရသူကို အယုံသွင်း လျက် လုပ်ကြံသတ်ဖြတ်ပစ်လိုက်ကြသည်။ ဗြာဟ္မဏအယာင်ဆောင် ကုလားသူသတ်သမားများလုပ်ကြံ၍ ကွယ်လွန်သွား သောကြောင့် နရသူသည် "ကုလားကျ" မင်းဟု အမည်တွင်နေသည်။

အထက်ပါအကြောင်းအရာများကား ပုဂံပြည်၌ အိန္ဒိယယဉ်ကျေးမှု အငွေ့အသက်များ တွေ့မြင်ရသည် ကို လည်းကောင်း၊ မြန်မာနှင့် အိန္ဒိယ၏ ရှေးဟောင်း ဆက်သွယ်ရေးကိုလည်းကောင်း ဖော်ပြနေကြသော တစ်စိတ်တစ်ဒေသ သာဓကများဖြစ်သည်။

ကျမ်းညွှန်း

၁။ မှန်နန်းရာဇဝင်

၂။ ခေတ်ဟောင်း မြန်မာရာဇဝင်၊ ဒေါက်တာ သန်းထွန်း

၃။ မြန်မာရာဇဝင်မှတ်စု၊ တက္ကသိုလ် မြန်မာရာဇဝင်အသင်း (၁၉၅၈-၁၉၅၉)

၄။ History of Burma (Myanmar) G.E.Harvey

၅။ A Pageant of Burmese History W.S. Desai

၆။ ဗုဒ္ဓယဉ်ကျေးမှု (ဟန္ဒီ)၊ ရာဟုလာသံကိစ္စည်း

## ၁၀။ ပုဂံပြည်နှင့် တရုတ်ပြည်

ပုဂံခေတ်တွင် မြန်မာနိုင်ငံနှင့် ဆက်သွယ်မှုရှိသော ပြည်ပနိုင်ငံများထဲတွင် တရုတ်ပြည်လည်း အပါအဝင်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် ပုဂံပြည်တွင် မြတ်စွာဘုရား၏စွယ်တော်ကို ကိုးကွယ်လိုသည့် ဆန္ဒပြင်း ထန်နေသည်ဖြစ်၍ ထိုအချိန်၌ မြတ်စွာဘုရား၏ စွယ်တော် ကိန်းဝပ်နေသော တရုတ်ပြည်မှ လည်းကောင်း၊ သိန်းဃိုကျွန်းမှ လည်းကောင်း စွယ်တော်ကို ရယူဖို့ ကြိုးစားအားထုတ်သည်။ မြတ်စွာဘုရား၏ စွယ်တော်သည် ပုဂံပြည်အနေနှင့် ပြည်ပနိုင်ငံ များနှင့် စတင်ဆက်သွယ်ရန် ကြိုးပမ်းအားထုတ်ရသည့် အဓိက အကြောင်းတစ်ရပ် ဖြစ်လာသည်။ အနော်ရထာမင်းကြီး တရုတ်ပြည်မှ စွယ်တော်ရရှိရန် ကြိုးပမ်းအားထုတ်သောအကြောင်းကို မှန်နန်းရာဇဝင်၌ ဤသို့ရေးသားထားသည်။

"အနော်ရထာမင်းစောလည်း သာသနာတော်၌ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ဤသို့ကြံတော်မူသ၏။

ဂန္ဓာလရာဇ်တိုင်းပြည်ဖြစ်သော တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူရှိသည်။ ထိုစွယ်တော်မြတ်ကို တရုတ်ဥတည်ဘွားထံမှ တောင်း၍ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာ ဖြစ်စေရသော်၊ သာသနာတော်လည်း အတိုင်းထက်အလွန် ထွန်းပလတ္တံ၊ သတ္တဝါအပေါင်းတို့သည်လည်း သာသနာတော် ငါးထောင်တိုင် များစွာသော အကျိုးခံရ၏ ဟူ၍ ကြံတော်မူပြီးလျှင် နိုင်ငံတော်အလုံး၌ရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါ တို့ကို ရုံးစုတော်မူ၍ ရေကြောင်း သုံးကုဋေ့ခြောက်သန်း၊ ကြည်းကြောင်း သုံးကုဋေ့ခြောက်သန်းနှင့်တကွ နတ်မြင်းသည် လေးစီး၊ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူ၍ တရုတ်ပြည်သို့ ချီတက်တော်မူ၏။ ရောက်တော်မူလျှင် တရုတ်ဥတည်ဘွားလည်း မြို့တံခါးကိုပိတ်၍ အတင်းအကျပ်ခံ၍ နေလေ၏။ အနော်ရထာမင်းစောလည်း အတင်းအကျပ်ခံ၍ နေကြောင်းသိတော်မူလျှင် အကြောင်းကို စုံစမ်းသိလိုသောငှာ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် နတ်မြင်းစီး၍ ဥတည်ဘွားဆရာရသေ့ ကျောင်းသို့ သွားတော်မူ၏။ ဥတည်ဘွားဆရာရသေ့လည်း အရန်တစ်သိန်းနှင့်တကွ ကျောင်းတွင် နေနှင့်သည်ကို တွေ့တော်မူ၏။

ထိုရသေ့လည်း အနော်ရထာမင်းကြီးမှစ၍ နတ်မြင်သည် လေးစီးသား၊ ရွှေဖျဉ်းညီနော်တို့သည် အဖိုးအတိုင်းမသိသော တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်သည်ဖြစ်၍ "ဤသူကား မင်းကရာဇ်ဖြစ်သည်။ ဤသူကား အမတ်ဖြစ်သည်" ဟူ၍ အတပ်မသိလျှင် စုံစမ်းအံ့သောငှာ ကောင်းမွန်သိမ့်မွေ့စွာသော နေရာခုနစ်ခုတို့ကို ခင်းလေ၏။ အနော်ရထာမင်းစောလည်း ထိုနေရာခုနစ်ခုတို့ကို အရိန္ဒမာကြိမ်လုံးဖြင့် ခတ်လေသော် တစ်ခုတည်းနေရာဖြစ်၍ ထိုနေရာ ထက်နေတော်မူ၏။ ကျန်စစ်သား အမှူးရှိသော စစ်သူကြီးလေးယောက်၊ ရွှေဖျဉ်းညီနောင်တို့လည်း မင်းကြီးကို ရိုသေစွာခစား ၍ နေကုန်၏။ ထိုအကြောင်းကို ဥတည်ဘွားဆရာ ရသေ့မြင်လေသော် ဘုန်းကြီးသော မင်းဖြစ်သည်ဟူ၍ သိလေ၏။ ယင်းသို့မှ ရသေ့လည်း "အဘယ်အရပ်မှ အဘယ်အကြောင်းကြောင့် ငါတို့တိုင်းနိုင်ငံသို့ လာရောက်တော်မူသနည်း" ဟု မေးလေ၏။ ထိုသို့ရသေ့မေးသော စကားကို ကြားတော်မူလျှင် "ငါကား အရိမဒ္ဒနာတွင်သော ပုဂံရာမပြည်ကြီး ကို အစိုးရ သော အနော်ရထာမင်းစောလျှင်တည်း။ ငါလာတော်မူသော အကြောင်းကား သဗ္ဗညုတသခင်စွယ်တော်ကို ကိုးကွယ်ချင် သောကြောင့် တောင်းမည်လာသည်" ဟူ၍ မိန့်တော်မူ၏။

ရသေ့လည်း အနော်ရထာမင်းစောစကားကို ကြားသော် ဥတည်ဘွားသို့ ထိုအကြောင်းကို ကြားလေ စေ၏။ ဥတည်ဘွားလည်း အယုတ်အမြတ်ကိုမသိ မလေးမစားနေလေ၏။ အနော်ရထာမင်းစော ချီလာသည်၊ စစ်သည်သူရဲ ခုနစ်ကုဋေ နစ်သိန်းမျှ ရှိသည်၊ ဗိုလ်ပါ နည်းလှသည် ဟူ၍ မလေးမစားပြုလေ၏။ အနော်ရထာမင်းစောလည်း ငါသို့သောမင်း လာရောက်သည်ကို ဥတည်ဘွားနန်းသို့ဝင်၍ ဥတည်ဘွားရေစက်နှင့် အိပ်သည်ကို ရေကိုကုန်အောင် ပန်တူဖြင့် စုပ်ပြီးသော် ဥတည်ဘွားကိုယ်ကို ထုံးဖြင့် သုံးတန့်သားချေ။ ငါသို့သော မင်းရောက်တော်မူသည်ကို မဖူးမမြင် မထွက်မနပ်နေသည်။ နေရာသလော။ ယင်းကဲ့သို့နေလျှင် ဤထုံးသားရာကို ဖြတ်ပိုင်း၍ ပစ်မည်ဟူ၍ နံရံတွင် စာရေး၍ ထားခဲ့" ဟူ၍ အမိန့်တော် အတိုင်း ညဥ့်အခါကို ဝင်၍ ရေကို စုပ်ပြီးသော် ဥတည်ဘွားကိုယ်ကို ထုံးသုံးတန့် သားလေ၏။ နံရံတွင်လည်း စာရေး၍ ထားခဲ့ ၏။ အနော်ရထာမင်းလည်း ကျန်စစ်သားကိုခေါ်တော်မူ၍ "ငါသို့သောမင်းရောက်လာသည်ကို ဥတည်ဘွားသည် မလေးမစား နေသည်။ ကြေးစန္ဒီနတ်ကို ကြိုးဖြင့်ချည်ပြီးလျှင် အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်ချေ" ဟူ၍ စေတော်မူပြန်၏။ ကျန်စစ်သားလည်း အမိန့်တော်အတိုင်း မကြောက်မရွံ့ ဥတည်ဘွားမှစ၍ တစ်ပြည်လုံးကိုးကွယ်သော လူလေးယောက်ဖက် အတိုင်းအရှည်ရှိ သော ကြေးဖြင့် သွန်းလောင်းသော စန္ဒီနတ်ရုပ်ကို ကြိုးဖြင့်ချည်၍ အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်လေ၏။ ထိုနတ်ဟစ်သော အသံသည်ကား ဥတည်ဘွားမှ စ၍ ဂန္ဓာလရာဇ်တိုင်းသားအားလုံး၏ နားရင်းတွင် ဟစ်သကဲ့သို့ ထင်ကြလေ၏။

ဥတည်ဘွားလည်း ရွှေဖျဉ်းညီနောင်တို့ တားသည့် ထုံးသုံးချက်၊ နံရံတွင် စာများကိုမြင်၍ ပြင်းစွာကြောက်ရွံ့သည်နှင့် ကြေးစန္ဒီ ဟစ်သောအသံကို ကြားသည်ရှိသော် ဥတည်ဘွားအစရှိသော ပြည်သူအားလုံးတို့လည်း အသားစားလတ္တံ့သို့ ကြောက်ရွံ့ခန့်ညားကုန်သည်ဖြစ်၍ များစွာသော လက်ဆောင် လက်နက်နှင့်တကွ အမှူးအမတ်ပေါင်း ခြံရံလျက် ဥတည်ဘွားဖူးတွေ့တော်မူလာ၏။ "ငါ့အဆွေတော်ဖြစ်သော အနော်ရထာမင်းစော ငါတို့နိုင်ငံသို့ လာရောက်





ကြောင်းကို ငါမသိပါ။ ယခု ကြေးစန္ဒီနတ်ဟစ်သည်တွင်မှ သိရသည်" ဟူ၍ ဆို၏။

အနော်ရထာမင်းစောလည်း "အဆွေတော် တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကား လောကီစည်းစိမ် ကို အလိုရှိ၍ ငါလာတော်မူသည်မဟုတ်။ လောကုတ္တရာချမ်းသာသို့ ရောက်မည့်အကြောင်း စွယ်တော်မြတ်ကို ကိုးကွယ်ချင် သောကြောင့် တောင်းမည်လာသတည်း" ဟုမိန့်တော်မူ၏။ ဥတည်ဘွားလည်း "စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့် တော်မူလော" ဟုဆို၏။ ယင်းသို့မှ ပြည်ထောင်မင်းနှစ်ပါးလည်း တစ်နေရာတည်းတွင် နေတော်မူကြ၍ ခင်ခင်မင်မင် ခြေခြေ လယ်လယ် ပြောဟောတော်မူကြ၏။

အနော်ရထာမင်းကြီး စွယ်တော်သွားတောင်းသော တရုတ်ပြည်မှာ နန်ချိုဖြစ်သည်။ နန်ချို၏ မြို့တော် မှာ တာလိဖြစ်သည်။ ဥတည်ဘွားသည် နန်ချိုဘုရင်ဖြစ်သည်။ ချဲ့ချဲ့ထွင်ထွင် ရေးသားလေ့ရှိသော ရှေးဟောင်းမြန်မာ ရာဇဝင်ဆရာတို့၏ အဆိုသည် အနော်ရထာမင်းကို ဒုတိယမွိ တရားနည်းလမ်းမကျသော ဘုရင်အဖြစ်သို့ ပို့လိုက်ပြန်သည်။ အနော်ရထာမင်းကြီးသည် ပထမအကြိမ် ပိဋကတ်သုံးပုံရလိုသည့် ရည်ရွယ်ချက်ဖြင့် မနူဟာမင်း၏ သထုံကို ချေမှုန်းပစ် သည်။ ပိဋကတ်သုံးပုံကို ရရှိရန်အတွက် ကြိုးပမ်းအားထုတ်ခြင်းသည် အနနည်းသာလျှင် ဖြစ်သင့်သည်။ ဓမ္မအတွက် အကြမ်းဖက်သောနည်းကို မသုံးသင့်ပေ။ ယခု တရုတ်ပြည် စွယ်တော်သွားတောင်းရာ၌လည်း ပထမအမှားကိုပင် ထပ်မံကျူး လွန်ပြန်သည်။ ရှေးဟောင်းမြန်မာရာဇဝင်ဆရာတို့သည် အနော်ရထာကို မြှောက်၍ ရေးကြသော်လည်း သူတို့၏အရေး အသားကြောင့် အနော်ရထာ မြောက်မသွားဘဲ ကျသွားသည်။

ရာဇဝင်၌ပါသည့် ကိန်းဂဏန်းအရ အနော်ရထာသည် စွယ်တော်ရလိုသည့် ရည်ရွယ်ချက်တစ်ခု တည်းနှင့် စစ်သည်သူရဲခုနစ်ကုဋေ နှစ်သန်းနှင့် ဂန္ဓာလရာဇ်သို့ ချီတက်သွားသည်။ အနနည်းနှင့် အပြေအပြစ်တောင်းပစ် မည်ဟု ခြိမ်းခြောက်သည်။ ဂန္ဓာလရာဇ် တစ်ပြည်လုံးနှင့် ဥတည်ဘွားကိုးကွယ်သော စန္ဒီနတ်သမီးရုပ်တုကို ကြိုးဖြင့်ချည်ပြီး အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်သည်။ ယင်းအပြုအမူများသည် စွယ်တော်သွားပင့်သော ဘုရင်တစ်ပါး၏ အပြုအမူမျိုး မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်လိုသည့် အတွက် ကျူးကျော် ရန်စသော ဘုရင်တစ်ပါး၏ အပြုအမူမျိုး ဖြစ်နေသည်။ သထုံသွား တိုက်စဉ်က မနူဟာမင်း မဖွယ်မရာပြုမူသည်ဟု စွပ်စွဲသကဲ့သို့ပင် ဥတည်ဘွားကိုလည်း မချေမငံဆက်ဆံသည်ဟု ရှုတ်ချ ထားသည်။ သို့သော် ယင်းအကြောင်းပြချက်သည် ဆင်သေကို ဆိတ်ရေဖြင့် ဖုံးသည့်ပမာသာ ဖြစ်နေသည်။

သမိုင်း၌ရေးသားဖော်ပြထားချက်အရ ဥတည်ဘွား၏ တုံ့ပြန်မှုမှာ ပညာသားပါသည်။ အနော်ရထာ မင်းကြီးက စွယ်တော်တောင်းသောအခါ ဥတည်ဘွားက "စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူပါ" ဟုပြောပြီး လျှင် စွယ်တော်မြတ်၏ အပေါ်တွင် တာဝန်ပုံချသည်။ ရာဇဝင်၏ အဆိုအရ စွယ်တော်မြတ်က ကိန်းဝပ်တော်မမူလိုပေ။ ထို့ကြောင့်အနော်ရထာမင်းကြီးသည် စွယ်တော်ကိုရရှိမလာဘဲ မြတ်စွာဘုရား၏ နဖူးသင်းကျစ်ဓာတ်တော်ကိုသာလျှင် ရရှိ လာခဲ့သည်။

ကျန်စစ်သားမင်းလက်ထက်၌ အနော်ရထာမင်းလက်ထက်ကထက် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်မှု ပိုများလာသည်။ ကျန်စစ်သားလက်ထက် ဆက်သွယ်မှုပြုလုပ်သော ပြည်ပနိုင်ငံများအနက် တရုတ်ပြည်လည်း အပါအဝင်ဖြစ် သည်။ ၁၁၀၆ ခုနှစ်၌ ကျန်စစ်သားမင်းသည် ကေဖျင်မြို့တော်တွင် နန်းစံလျက်ရှိသည့် ဆွန်ဘုရင်ထံသို့ သံတမန်များ စေလွှတ်၍ တရုတ်ပြည်နှင့် ရင်းနီးစွာ ဆက်သွယ်မှု ပြုခဲ့သည်။ တရုတ်မှတ်တမ်း၌ "ပုဂံမင်းသည် သံတမန်များစေလွှတ်၍ အခွန်ဘဏ္ဍာတော်များ ပေးဆက်သည်။ ထိုအခါ ဧကရာဇ်ဘုရင်က မြန်မာသံအမတ်တို့အား စောလမင်းသည့် သံအမတ် တို့နှင့် တစ်ညီတည်းထား၍ ဧည့်ခံပြုစုရန် အမိန့်တော်မြတ် ချမှတ်သည်။ သို့သော် တရုတ်လွှတ်တော်ကြီးက စောလမင်း သည် သီရိဝိဇယပြည်ထောင်ခေါ် ပလင်ဘန် ပြည်ထောင်၏ လက်အောက်ခံ ဖြစ်သည်။ ၁၀၆၈-၇၇ အတွင်း၌ စောလသံ အမတ်တို့အား ထုတ်ပြန်ပေးအပ်သော တရုတ်ဧကရာဇ်ဘုရင်၏ သံတော်ဆင့်အမိန့်လွှာကို စက္ကူကပ်ခံသည့် စာရွက်ရိုးရိုးပေါ်တွင် ရေး၍ သာမာန် သေတ္တာတွင်ထည့်ကာ ပိုးထည်ရိုးရိုးဖြင့် ပတ်၍ပေးသည်။ ယခုတစ်မူ ပုဂံပြည့်ရှင်မင်း သည် ကြီးကျယ်သော နိုင်ငံတော်ကြီးကို အုပ်ချုပ် စိုးမိုးသည့် မင်းတစ်ပါးဖြစ်သည်။ ပုဂံပြည်ကြီးရှင်အား တိုင်းငယ်ပြည်ငယ်

များကို အုပ်ချုပ်သည့် သာမန်ထီးဆောင်းမင်းတစ်ပါးကဲ့သို့ အထင်မသေးအပ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပုဂံပြည့်ရှင်က စေလွှတ်သော သံတမန်များကို တာရုတ်( အာရပ်လူမျိုးများ) နှင့် ချီအိုချင် (အာနန်လူမျိုးများ) ကို ပြုစုသည့်ခံသည့်နည်းတူ အဆင့်အတန်းမြင့်စွာထား၍ ဆက်သွယ်လိုသည်။ ဧကရာဇ်မင်းမြတ် ထုတ်ပြန်သော ခန့်အပ်လွှာများ၊ အမိန့်တော်ပြန်တမ်းများကို အဖြူခံ၍ ရွှေပွင့်ခြယ်ထားသော နူးညံ့ချောမွေ့သည့် စက္ကူပေါ်တွင်ရေးကာ သော့ခတ်၍ ရသော ရွှေချထားသည့် စာကျည်ထောက်တွင် ထည့်လျက် ရွှေခြည်ထိုးပန်းပွင့်ဖော် ပိုးထည်ဖြင့် နှစ်ထပ်ရစ်ပတ်ပြီးလျှင် ဧကရာဇ် ဘုရင်၏ တံဆိပ်တော်ကို ခပ်နှိပ်ရမည်။ သို့မှသာ တိုင်းပြည်ကြီးရှင်တို့နှင့် ဆက်သွယ်ပုံ ပီသပါမည်" ဟု တရုတ်ဘုရင်အား နားတော်လျှောက်သောအခါ ဧကရာဇ်ဘုရင်က ခွင့်ပြုလိုက်လေသည်" ဟူ၍ မှတ်တမ်းတင်ထားသည်။

စောလမင်းသည် အိန္ဒိယတောင်ပိုင်း စောလမင်းဆက် ဘုရင်ဖြစ်သည်။ စောလမင်းဆက်သည် အရှေ့တောင်အာရှကျွန်းစုများနှင့် ရေလမ်းကူးသန်းရောင်းဝယ်မှု အဆက်အသွယ်ရှိသည်။ စောလမင်းဆက်သည် မလေးပြည်ထောင်စုထဲက ကေဒါကျွန်းကို ကိုလိုနီနိုင်ငံအဖြစ် ထူထောင်ထားကြသည်။ ယင်းကိုလိုနီမှာ အရှေ့စုမတြာရှိ ပလင်ဘန်ခေါ် သီရိဝိဇယ ဟိန္ဒူနိုင်ငံဖြစ်သည်။ သီရိဝိဇယနိုင်ငံမှ သံတမန်များသည် တရုတ်နန်းတော်တွင် အဝင်အထွက်ရှိကြသည်။ တရုတ်ဘုရင်နှင့် တရုတ်လွှတ်တော်သည် သီရိဝိဇယနိုင်ငံမှ သံတမန်များနှင့် မြန်မာနိုင်ငံမှ သံတမန်များကို တစ်တန်းစားတည်း မထားပေ။ မြန်မာသံတမန်များကို တိုင်းကြီးပြည်ကြီးမှ သံတမန်များအဖြစ်ဖြင့် အဆင့်မြင့်၍ ဆက်ဆံကြသည်။

တရုတ်မှတ်တမ်း၌ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးကိုသာမကဘဲ ကျန်စစ်သားလက်ထက် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားပုံနှင့် ပတ်သတ်၍လည်း "ပုဂံပြည်တွင် ဘုန်းကြီးကျောင်းများစွာ ရှိသည်၊ ဘုန်းတော်ကြီးများသည် အဝါရောင်သင်္ကန်းဝတ်ရုံကြသည်။ ဘုရင်မင်းကြီးသည် နံနက်ချိန်တွင် ညီလာခံကျင်းပလေ့ရှိသည်။ မှူးမတ်များသည် ဘုရင်မင်းမြတ်အား ဆက်သရန် ပန်းစီးများကို ကိုယ်စီကိုယ်ငှ ယူဆောင်သွားကြသည်။ ရဟန်းသံဃာတော်များသည် ဘုရင်မင်းမြတ်သက်တော် ရှည်ပါစေဟု ဆုတောင်းပတ္ထနာ ရွတ်ဆိုကြသည်။ ဘုရင်မင်းကြီးသည် ပန်းအချို့ကို ဘုရားတွင် ကပ်လှူစေပြီးလျှင် အချို့ကို ဘုန်းကြီးကျောင်းများသို့ ပေးပို့လှူဒါန်းသည်" ဟူ၍ ရေးသားထားသည်။

ပုဂံမင်းဆက်ဆက် တည်ရှိလာခဲ့သော ပုဂံခေတ် တရုတ်မြန်မာ ဆက်သွယ်ရေးသည် တရုတ်ပြေးမင်းလက်ထက်တွင် အဆိုးနှင့်နိဂုံးချုပ် သွားရသလိုလို ထင်နေရသည်။ အမှန်က ပုဂံခေတ်ကို ဇာတ်သိမ်းသွားအောင် လုပ်သော ကျူးကျော်သူများမှာ တရုတ်မဟုတ်ပေ။ ကူဗလေခန်၏ မွန်ဂိုတပ်သားများသာ ဖြစ်သည်။ ရှေးဟောင်းမြန်မာရာဇဝင်ဆရာများက နယ်ချဲ့ကျူးကျော်သူ မွန်ဂိုများကို မွန်ဂိုဟုမခေါ်ဘဲ တရုတ်ဟုခေါ်ကြသည်။ ကျူးကျော်သူများ၏ ရန်ကတိမ်းရှောင်ထွက်ပြေးသော ဘုရင် နရသီဟပတေ့ကိုလည်း တရုတ်ပြေးမင်းဟု သမုတ်ကြသည်။

အမှန်က ပုဂံခေတ်မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်သော ဘုရင်မှာ တရုတ်ဘုရင်မဟုတ်ပေ။ မွန်ဂိုဘုရင် ကူဗလေခန်ဖြစ်သည်။ ပုဂံတွင် ဝင်ရောက်မွှေသွားသော တပ်မတော်မှာ တရုတ်တပ်မတော်မဟုတ်ပေ။ ကူဗလေခန်၏ မွန်ဂိုတပ်မတော်ဖြစ်သည်။ ကူဗလေခန်သည် တရုတ်မြေပေါ်မှ မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခြင်းဖြစ်၍ ကျူးကျော်သူကို တရုတ်အမည် တပ်ခြင်းဖြစ်ဟန်တူသည်။ အမှန်စစ်စစ်မှာ ထိုအချိန်က တရုတ်ကိုယ်တိုင် သည်ပင်လျှင် ကူဗလေခန်၏ အကျူးကျော်ခံ၊ လက်အောက်ခံနယ်မြေ ဖြစ်နေရသည်။

ကူဗလေခန်သည် ဗုဒ္ဓဘာသာဝင်ဘုရင် တစ်ပါးဖြစ်သော်လည်း ပိုင်နက်မြေ အချဲ့ထွင်ဆုံး ဘုရင်တစ်ပါး ဖြစ်သည်။ ဆွန်ဘုရင်တို့၏ ပိုင်နက်ဖြစ်သော တရုတ်နိုင်ငံ တောင်ပိုင်းကို တစ်စတစ်စ သိမ်းပိုက်ပြီး နောက်ဆုံး၌ တရုတ်တစ်နိုင်ငံလုံး၏ ဘုရင်ဖြစ်လာသည်။ ထို့နောက် တိဗက်နိုင်ငံ၊ တာကီစတန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ကိုချင်ချိုင်းနားနိုင်ငံ၊ ဆမားကျွန်းနိုင်ငံများသို့ စစ်ချီတိုက်ခိုက်သည်။ ကူဗလေခန်၏ အင်ပိုင်ယာနိုင်ငံသည် ဘုရင်တစ်ဦးတည်းပိုင် အင်ပိုင်ယာနိုင်ငံများအနက် အကျယ်ဝန်းဆုံး အင်ပိုင်ယာနိုင်ငံတော်ကြီးဖြစ်သည်။ အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်တွင် ပင်လယ်နက်ကျော်သည်အထိ ကျယ်ပြန့်သည်။





ဘုရင်နရသီဟပတေ့လက်ထက်တွင် မွန်ဂိုစစ်သားများသည် မြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဗြိတိသျှနယ်ချဲ့များ မြန်မာနိုင်ငံ ဝင်ရောက်တိုက်ခိုက်စဉ်က ဘာကြောင့်တိုက်ခိုက်ရသည်၊ ညာကြောင့် တိုက်ခိုက်ရသည်ဟု အကြောင်းပြသကဲ့သို့ပင် ကူဗလေခန်သည်လည်း ဘုရင် နရသီဟပတေ့၏ သည်းခံနိုင်ဖွယ်မရှိသည့် အပြုအမူများကြောင့် ဝင်ရောက်တိုက်ခိုက်ရပါသည်ဟု အကြောင်းပြသည်။ သို့သော်လည်း နယ်ချဲ့လို့သည့် စိတ်ဓာတ်သည်သာလျှင် အဓိကအကြောင်းရင်း ဖြစ်သည်။ နရသီဟပတေ့သည် ရှင်ဒိသာပါမောက်ကို သဝဏ်လွှာနှင့်တကွ ကူဗလေခန်ထံ စေလွှတ်ပြီးလျှင် စေ့စပ်ခိုင်းသည်။ သို့သော်လည်း စေ့စပ်ရေးသည် နယ်ချဲ့စစ်ဘီလူး၏ ချင်ခြင်းကို ငြိမ်းအေးသွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ယခုခေတ်တွင် လွဲမှားနေသော ရှေးအမည်များကို ပြောင်းပြီး နာမည်သစ်ပေးလေ့ပေးထရှိကြသည်။ နရသီဟပတေ့ကိုလည်း "တရုတ်ပြေးမင်း" ဟု မခေါ်ဘဲ "မွန်ဂိုပြေးမင်း" ဟု ပြောင်းလဲခေါ်သင့်သည်။

ရည်ညွှန်း

၁။ မှန်နန်းရာဇဝင်

၂။ မြန်မာရာဇဝင်မှတ်စု (ရန်ကုန်တက္ကသိုလ် မြန်မာရာဇဝင်အသင်း ၁၉၅၈-၅၉)

၃။ မြန်မာစွယ်စုံကျမ်း

၄။ History of Burma (Myanmar) G.E.Harvey

## ၁၁။ ပုဂံပြည်နှင့် လင်္ကာဒီပ

ပုဂံပြည်နှင့် အဆက်အသွယ်ရှိသော ပြည်ပနိုင်ငံများထဲတွင် သိန်းယိုကျွန်းခေါ်၊ လင်္ကာဒီပခေါ်၊ သီဟိုဠ်ခေါ် သီရိလင်္ကာနိုင်ငံလည်း ပါဝင်သည်။ မြန်မာနိုင်ငံသည် ပုဂံခေတ်ကပင် စတင်လျက် ပြည်ပနိုင်ငံများနှင့် အဆက်အသွယ်ရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် အစောဆုံး ဆက်သွယ်မှုရှိသော ပြည်ပနိုင်ငံတစ်နိုင်ငံမှာ သီရိလင်္ကာ ဖြစ်သည်။

သမိုင်းအထောက်အထားများအရ မြန်မာနိုင်ငံသည် အနော်ရထာမင်းစောလက်ထက်ကစ၍ သီရိလင်္ကာနိုင်ငံနှင့် နိုင်ငံရေး၊ ဘာသာရေး ဆက်သွယ်မှုရှိခဲ့သည်။ အနော်ရထာမင်းကြီး၏ သီရိလင်္ကာနိုင်ငံ ဆက်သွယ်ရေးကို "စူဠဝံသ' ၌ ရေးသားမှတ်တမ်းထင်ထားသည်။ ယင်းရာဇဝင်ကျမ်းအဆိုအရ အနော်ရထာမင်းကြီးနှင့် ခေတ်ပြိုင် သီဟိုဠ်ဘုရင်မှာ ပထမ ဝိဇယဗာဟု ဖြစ်သည်။ ထိုမင်းလက်ထက်၌ အိန္ဒိယတောင်ပိုင်းမှ စောလများ သီဟိုဠ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ကြသဖြင့် သီဟိုဠ်ဘုရင်သည် မြန်မာဘုရင်ထံ အကူအညီတောင်းခံခဲ့သည်။ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် စစ်ကူတောင်းသည့်အတွက် သင်္ဘောတွင်ကျောက်သံပတ္တမြားရတနာတင်ပြီး သီဟိုဠ်နိုင်ငံသို့စေလွှတ်သည်။ သင်္ဘောတွင် ပါသွားသော ရတနာများမှာ အဖိုးနဂ္ဃထိုက်တန်သဖြင့် မြန်မာဘုရင်၏ ကျေးဇူးသည်ဆပ်၍ ကုန်နိုင်ဖွယ်မရှိဟူ၍ သီဟိုဠ်သမိုင်းများ၌ မှတ်တမ်းတင်ထားသည်။ သို့ရာတွင် ပုဂံကျောက်စာများ၌ သထုံကို အနော်ရထာတိုက်သည့် အကြောင်းရေးထိုးထားခြင်း မရှိသကဲ့သို့ပင် သီဟိုဠ်သို့ အနော်ရထာမင်းကြီး စစ်ကူပို့သည့်အကြောင်းကိုလည်း ရေးထိုးထားခြင်းမရှိပေ။

ပြည်ပရန်သူများ ကျူးကျော်တိုက်ခိုက်သည့်အတွက် ရဟန်းသံဃာများ တိမ်းရှောင်ထွက်ပြေးသွားကြသောအခါ သီဟိုဠ်နိုင်ငံတွင် ဗုဒ္ဓသာသနာမှေးမှိန်သွားသည်။ ထိုအခါ သီဟိုဠ်ဘုရင်သည် မြန်မာဘုရင်ထံ သီဟိုဠ်သာသနာ

ပြန်လည်ပြုစု ပျိုးထောင်ရန်အတွက် ရဟန်းသံဃာတော်များ စေလွှတ်ပါမည်အကြောင်းတောင်းပန်သည်။ မြန်မာဘုရင်လည်း သီဟိုဠ်ဘုရင်၏ တောင်းပန်ချက်အရ သီဟိုဠ်သာသနာ သန့်စင်ရေးအတွက် သိက္ခာ သမာဓိနှင့်ပြည့်စုံသော မြန်မာရဟန်းတော်များကို သီဟိုဠ်နိုင်ငံ စေလွှတ်ခဲ့သည်။ မြန်မာရဟန်းတော်များ သီဟိုဠ်နိုင်ငံရောက်သွားသောအခါ သီဟိုဠ်နိုင်ငံ၌ သံဃကံ၊ သံဃကိစ္စသည်များကို ထမြောက်အောင်မြင်စွာ ပြလုပ်ဆောင်ရွက်နိုင်သဖြင့် သီဟိုဠ်နိုင်ငံ၌ သာသနာတော် ပြန်လည်စည်ပင်လာသည်။ ထိုအကြောင်းကိုလည်း သီဟိုဠ်မှတ်တမ်းများ၌ မှတ်တမ်းတင်ထားသည်။

သီဟိုဠ်ဘုရင်ကလည်း မြန်မာဘုရင်အား ကျေးဇူးဆပ်သည့်အနေဖြင့် မြတ်စွာဘုရား၏ စွယ်တော်များကို မြန်မာဘုရင်ထံ လက်ဆောင်ပဏ္ဏာအဖြစ် ပေးပို့လှူဒါန်းသည်။ "မဟာဝံသ' ၏ အဆက်ဖြစ်သော "စူဠဝံသ' ကျမ်းသည် ပုဂံနှင့် သီဟိုဠ်ဆက်သွယ်ရေး၏ ခိုင်မာသော အထောက်အထား တစ်ရပ်ဖြစ်သည်။

သီဟိုဠ်ဘုရင်ထံမှ တင်ပို့လှူဒါန်းသော မြတ်စွာဘုရားစွယ်တော် အနော်ရထာမင်းကြီးရရှိပုံကို မှန်နန်းရာဇဝင်တော်ကြီး၌ အကျယ်တဝင့် ရေးသားထားသည်။ မှန်နန်းရာဇဝင်၌ အနော်ရထာမင်းကြီးနှင့် ခေတ်ပြိုင် သီဟိုဠ်ဘုရင်ကို ဓာတုသေနဟု ဆိုထားသည်။ ရာဇဝင်ကြီးတွင် သီရိသင်္ဃဗောဓိဟု ဆိုကြောင်းလည်း မှန်နန်း၌ ရေးသား ဖော်ပြထားသည်။ စူဠဝံသစသောသီဟိုဠ်မှတ်တမ်း၌ကား ပဌမဝိဇယဟုဆိုထားသည်။ သီဟိုဠ်မင်းဆက် ခုနစ်သက္ကရာဇ်ကိုထောက်လျှင် ပဌမဝိဇယဗာဟုသည် အနော်ရထာမင်းကြီးနှင့် ခေတ်ပြိုင် သီဟိုဠ်ဘုရင်ဖြစ်ကြောင်း သိရှိရသည်။

ကျန်စစ်သားလက်ထက်၌ မြန်မာနှင့် သီဟိုဠ်၏ဆက်သွယ်ရေး ပြောလောက်ဆိုလောက် မရှိခဲ့သော်လည်း နရပတိစည်သူမင်းကြီးလက်ထက်၌ မြန်မာနှင့် သီဟိုဠ်သည် သာသနာရေးအရ ဆက်သွယ်မှုရှိခဲ့သည်။ ယင်းဆက်သွယ်မှုသည် အထွတ်အထိပ်ရောက်ခဲ့သည်။ အနော်ရထာမင်းကြီးလက်ထက်ကစ၍ ထွန်းကားပြန့်ပွားလာခဲ့သော ပုဂံပြည်ဗုဒ္ဓသာသနာတော်သည် အလောင်းစည်သူမင်းကြီး၏ သားတော် နရသူလက်ထက်တွင် ညှိုးမှိန်အားလျော့သွားခဲ့သည်။ သို့သော်လည်း နရပတိစည်သူမင်းကြီး နန်းတက်သောအခါတွင်ကား နရသူလက်ထက်က ညှိုးနွမ်းသွားခဲ့သော သာသနာသည် အညွန့်ပြန်လူလာပြန်သည်။ ငုပ်လျှိုးနေသော ဘုန်းကြီးရဟန်းများလည်း ဦးခေါင်းပြန်ဖော်ရဲလာကြသည်။ ထိုအချိန် ရဟန်းသံဃာလောက၌ ထင်ပေါ်ကျော်ကြားသော မထေရ်တစ်ပါးရှိသည်။ ဘွဲ့အမည်ကား ရှင်ဥတ္တရာဇီဝ။ ရှင်ဥတ္တရာဇီဝသည် မွန်လူမျိုးဖြစ်သည်။ မင်းဆရာ ပံသကူမထေရ် ပျံလွန်တော်မူသောအခါ ပံ့သကူမထေရ်၏ နေရာတွင် ရာဇဂုရုဖြစ်လာသော မထေရ်ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်သည် တစ်ချိန်တွင် သီဟိုဠ်ကျွန်းသို့ ဓမ္မစရီးကြွရောက်လိုသည့် ဆန္ဒဖြစ်ပေါ်လာသည်။

အနော်ရထာမင်းကြီးလက်ထက်မတိုင်မီကပင် မြန်မာနှင့်သီဟိုဠ်သည် သာသနာရေးအရ ဆက်သွယ်မှုရှိခဲ့လိမ့်မည်ဖြစ်သော်လည်း အနော်ရထာမင်းကြီးလက်ထက်ရောက်သောအခါ နှစ်နိုင်ငံ၏ သာသနာရေး ဆက်သွယ်မှုသည် ပိုမိုခိုင်မာသွားသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရဟန်းသံဃာတော်များ ကူးလူးဆက်ဆံမှု ပြုလာကြသည်။

ဘုရင်နရသူလက်ထက်တွင် ရှင်အရဟံ၏ အရိုက်အရာခံ သာသနာ့ ဂိုဏ်းချုပ်ဆရာတော် ပံ့သကူမထေရ်သည် သီဟိုဠ်သို့ ကြွခဲ့သည်။ သို့ရာတွင် ပံ့သကူမထေရ်၏ သီဟိုဠ်ခရီးစဉ်မှာ ဓမ္မစရီးသက်သက်မဟုတ်ပေ။ ပံ့သကူမထေရ်သည် ထီးရေးနန်းရေးကိစ္စနှင့် ပတ်သက်ပြီး သူညွှန်ကြားသည်ကို မနာယူသောကြောင့် နရသူကို မျက်ပြီးလျှင် သီဟိုဠ်သို့ ထွက်သွားသည်။ ပံ့သကူမထေရ် သီဟိုဠ်ကြွခြင်းမှာ နရသူ အုပ်ချုပ်သည့် နိုင်ငံ၌ မနေလို၍ ဖြစ်သည်။ နရသူလက်ထက်တွင် မြန်မာနိုင်ငံသို့ ခြေဦးမလှည့်တော့ပေ။ နရပတိစည်သူမင်းကြီး နန်းတက်သောအခါကျမှသာ ပံ့သကူမထေရ် မြန်မာနိုင်ငံ ပြန်ကြွလာသည်။

ထို့နောက် မြန်မာနိုင်ငံမှ သီဟိုဠ်ကြွသော ထင်ရှားသည့် ရဟန်းတော်မှာ ဥတ္တရာဇီဝမထေရ်ဖြစ်သည်။ ခရစ်နှစ် ၁၁၈၀ တွင် ရှင်ဥတ္တရာဇီဝ ခရီးစထွက်သည်။ ခရီးအစ၌ သင်္ဘောဆိပ်ရှိရာ ပုသိမ်လာရသည်။ ရှင်ဥတ္တရာဇီဝနှင့်အတူ ရဟန်းအချို့လည်း လိုက်ပါသွားကြသည်။ ရှင်ဥတ္တရာဇီဝနှင့်အတူ သီဟိုဠ်လိုက်ပါသွားကြသူများထဲတွင် ပုသိမ်ကျေးလက် ဆပ္ပဒအမည်ရှိ ရှင်သာမဏေတစ်ပါးလည်း ပါသည်။ ဆပ္ပဒသည် ပုသိမ်ကျေးလက် ဆပ္ပဒရွာသား မွန်လူမျိုးဖြစ်သည်။





ဆပ္ပဒရွာသားဖြစ်သောကြောင့် ဆပ္ပဒဟု အမည်တွင်နေခြင်း ဖြစ်သည်။ ပုဂံခေတ်က ဆပ္ပဒခေါ်သော ရွာမှာ ယခုပုသိမ်ငပုတောဖြစ်သည်ဟု အဆိုရှိသည်။

ပံ့သကူမထေရ်သည် ဥတ္တရာဇီဝမထေရ်ထက် စော၍ သီဟိုဠ်ကြွသူဖြစ်သည်။ သို့ရာတွင် "သီဟိုဠ်သွား ပဌမ ဓမ္မစရီးသည်" ဘွဲ့ထူးကိုမူ မရရှိပေ။ သူ၏ခရီးမှာ ဓမ္မစရီးသက်သက် မဟုတ်သောကြောင့် ဖြစ်ပေလိမ့်မည်။ ယင်းဘွဲ့ရရှိသူကား ဥတ္တရာဇီဝမထေရ်ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်နှင့် ရဟန်းတော်များသည် သင်္ဘောကြီးနှင့် လိုက်သွားကြရာ သီဟိုဠ်သို့ ရောက်သွားကြသည်။ သီဟိုဠ်ကျွန်းတွင် ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းသား ရဟန်းတော်များနှင့် ပုလဲနံပသင့်သွားသည်။ နှစ်နိုင်ငံမှ ရဟန်းတော်များသည် ရေမြေဒေသအရ ကွဲပြားခြားနားနေကြသော်လည်း သူတို့၏ ပင်မရေသောက်မြစ်မှာ တစ်ခုတည်းဖြစ်သည်ဟု ယူဆကြသည်။ မူလပင်မမှာ မဇ္ဈိမဒေသ ဗုဒ္ဓသာသနာ ဖြစ်သည်။

ဥတ္တရာဇီဝနှင့်ပါသွားသော ဆပ္ပဒသာမဏေသည် အသက်အရွယ်စေ့ပြီး ရဟန်းပြုချိန် ရောက်လာသည်ဖြစ်၍ သီဟိုဠ်ရောက် မြန်မာရဟန်းများနှင့် သီဟိုဠ်ရဟန်းများသည် ညီညီညွတ်ညွတ် စုပေါင်းပြီးလျှင် ဆပ္ပဒသာမဏေကို ပဉ္စင်းခံပေးလိုက်ကြသည်။ ဆပ္ပဒသည် "သီဟိုဠ်သွား မြန်မာ ဒုတိယ ဓမ္မစရီးသည်" ဘွဲ့ အမည် ရရှိသူဖြစ်လာသည်။

ဥတ္တရာဇီဝနှင့် ဆပ္ပဒတို့၏ သီဟိုဠ်ခရီးကြောင့် မြန်မာသာသနာနှင့် ရဟန်းသံဃာအတွက် ဂုဏ်တက်သွားသည့် အချက်တစ်ချက်ရှိသေးသည်။ ဥတ္တရာဇီဝနှင့် ဆပ္ပဒတို့သည် သီဟိုဠ်အသွား အဂ္ဂဝံသမထေရ် ရေးသားစီရင်သော သဒ္ဒနီတိကျမ်းကို ယူဆောင်သွားကြသည်။ သီဟိုဠ်ရောက်သွားသောအခါ သီဟိုဠ်ရဟန်းပညာရှင်များက သဒ္ဒနီတိကျမ်းကို ဖတ်ရှုလေ့လာကြည့်ကြသည်။ သီဟိုဠ်သား ရဟန်းများသည် ပါဠိသဒ္ဒါနှင့် ပတ်သတ်၍ ထိုမျှလောက် အဆင့်မြင့်သည့် ကျမ်းစာမျိုး မြန်မာနိုင်ငံ၌ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ချက် မထားကြပေ။ သဒ္ဒနီတိကျမ်းကို တွေ့မြင်ဖတ်ရှုရသည့်အခါတွင်ကား သီဟိုဠ်သား ရဟန်းတော်များသည် တအံ့တသြဖြစ်သွားကြပြီး သီဟိုဠ်ဖြစ် ပါဠိသဒ္ဒါကျမ်းများထက် သာပေသည်ဟု ဝမ်းသာအားရ ထုတ်ဖော်ချီးကျူးကြသည်။ သဒ္ဒနီတိကျမ်းအပေါ် သီဟိုဠ်ရဟန်းတော်များ၏ ထင်မြင်ချက်နှင့်စပ်လျဉ်း၍ မှုကွဲတစ်ခုလည်း ရှိသေးသည်။ ဥတ္တရာဇီဝမထေရ် နှုတ်မှ ထုတ်ဖော်ချီးကျူးသော သဒ္ဒနီတိအကြောင်းကြား သိရသည်ဖြစ်၍ သီဟိုဠ်ရဟန်းတော်များသည် ပုဂံပြည်သို့ ကိုယ်တိုင်ကြွရောက်ပြီးလျှင် သဒ္ဒနီတိကျမ်းကို လေ့လာကြသည်။ ထိုအခါ သီဟိုဠ်၌ ယင်းသဒ္ဒါကျမ်းမျိုးမရှိပါဟူ၍ ထုတ်ဖော်ဝန်ခံကြသည်။

ဥတ္တရာဇီဝမထေရ် မြန်မာနိုင်ငံ ပြန်ရောက်လာသောအခါတွင်ကား ဆပ္ပဒသည် ဥတ္တရာဇီဝနှင့် လိုက်မလာတော့ဘဲ သီဟိုဠ် စာပေ ပိဋကတ်သင်ကြားလေ့လာရန် နေရစ်ခဲ့သည်။ ထိုအချိန်ကား သီဟိုဠ်၌ ပရက္ကမဗာဟု ဘုရင်လက်ထက်သာသနာတော် တိုးတက်စည်ပင်နေချိန် ဖြစ်သည်။ ဆပ္ပဒ သီဟိုဠ်ကျွန်း ရောက်နေခြင်းမှာ ထိုအချိန်ကာလတွင်ဖြစ်သည်။ သီဟိုဠ်၌ ဆယ်နှစ်ဆယ်မိုး ကြာသွားပြီးမှ ဆပ္ပဒသည် မြန်မာနိုင်ငံပြန်လာသည်။ မြန်မာနိုင်ငံအပြန်တွင် ဆပ္ပဒသည် သူနှင့်အတူ တာမရလိပ္တိသား သီဝလိမထေရ်၊ ကမ္ဘောဇမင်း၏သားတော် တာမလိန္ဒမထေရ်၊ ကဉ္စိပူရသား အာနန္ဒမထေရ်၊ သီဟိုဠ်ကျွန်းသား ရာဟုလမထေရ်တို့ကို ခေါ်လာသည်။

ဆပ္ပမထေရ်သည် ပုဂံပြည်၌ မြန်မာရဟန်းတော်များနှင့် သံဃကိစ္စ၊ သံဃကံ မပြုလုပ်မဆောင်ရွက်ဘဲ မိမိနှင့်ပါလာသည့် ရဟန်းလေးပါးနှင့်သာလျှင် ကံကြီးကံငယ်ပြုလုပ်ဆောင်ရွက်သည်။ ထိုမျှသာမက မြန်မာနိုင်ငံ၌ သီဟိုဠ်သံဃဂိုဏ်း သီးခြားထူထောင်လိုက်သည်။ ဆပ္ပဒသည် မြန်မာနိုင်ငံ၌ သီဟိုဠ်သံဃဂိုဏ်း စတင်တည်ထောင်သူ ဂိုဏ်းခေါင်းဆောင် ပုဂ္ဂိုလ်ဖြစ်သည်။ ထိုအချိန်မှစ၍ ပုဂံပြည်၌ သံဃဂိုဏ်းနှစ်ဂိုဏ်း ကွဲသွားသည်။ ပဌမဂိုဏ်း၏ ပင်မမှာ ရာမညတိုင်း သထုံဖြစ်ပြီး ဒုတိယဂိုဏ်း၏ မြစ်ဖျားခံရာမှာ လင်္ကာဒီပ သီဟိုဠ်ကျွန်းဖြစ်သည်။ ရာမညတိုင်း သထုံမှ ရှင်အရဟံ ဆောင်ကြဉ်းလာသော ပဌမဂိုဏ်းကို "ပုရိမ သံဃာ" သို့မဟုတ် "ပုရိမဂိုဏ်း" (ရှေးဦးဂိုဏ်း) ဟူ၍လည်းကောင်း သီဟိုဠ်ကျွန်းမှ ဆပ္ပဒမထေရ်ဆောင်ကြဉ်းလာသော ဒုတိယဂိုဏ်းကို "ပစ္ဆိမသံဃာ" သို့မဟုတ် "ပစ္ဆိမဂိုဏ်း" (နောက်ပေါ်ဂိုဏ်း) ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကြသည်။

ပုဂံခေတ် စေတီပုထိုးများအနက် သီဟိုဠ် ပုံစံတည်ထားသော စေတီတစ်ဆူမှာ နှစ်ပေါင်းကိုးရာနီးပါး

မျှ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ ပုဂံခေတ်၏ သမိုင်းတစ်ကွက်ကို ဖော်ပြနေတုန်းပင် ဖြစ်သည်။ သီဟိုဠ်သွား ဒုတိယဓမ္မခရီးသည် ဆပ္ပဒ၏ အတ္ထုပ္ပတ္တိကို ရေးစပ်သီကျူးနေတုန်းပင် ဖြစ်သည်။ ထိုစေတီကား သီဟိုဠ်သွားခရီးသည် ရဟန်းတော် ဆပ္ပဒမထေရ်တည်ထားသော "ဆပ္ပဒစေတီ" ဖြစ်သည်။

ရာမညတိုင်း ဒလအနီးမှ သာရိပုတ္တသည် နရပတိစည်သူမင်းကြီး လက်ထက်၌ ပုဂံပြည်ကြွသွားသည်။ ဆပ္ပဒမထေရ်နှင့် အတူတကွ သီရိလင်္ကာနိုင်ငံမှ ပုဂံပြည်ကြွလာသော အာနန္ဒာမထေရ်ထံ၌ ပဉ္စင်းခံသည်။ နောက်ပိုင်း၌ သာရိပုတ္တသည် သီဟိုဠ်ကျွန်း မဟာဝိဟာရဂိုဏ်း အနွယ်ဝင် ခေါင်းဆောင်ရဟန်းတစ်ပါး ဖြစ်လာသည်။ ထိုနောက်တွင် သာရိပုတ္တသည် သူ၏ ဇာတိဒလသို့ ပြန်ကြွသွားပြီးလျှင် ရာမညတိုင်း၌ သီဟိုဠ်သာသနာ ပြန့်ပွားအောင် ကြိုးစားအားထုတ်သည်။ ထိုအချိန်မှစ၍ ရာမညတိုင်း၌ သီဟိုဠ်သာသနာ စတင်အမြစ်တွယ်လာသည်။ သာရိပုတ္တမထေရ်အား နရပတိစည်သူမင်းကြီးက "ဓမ္မဝိလာသ" ဘွဲ့အပ်နှင့်ပြီးလျှင် ချီးကျူးဂုဏ်ပြုသည်။

သာရိပုတ္တမထေရ်ရေးသားပြုစုသော "ဓမ္မဝိလာသ ဓမ္မသတ်" သည် မြန်မာနိုင်ငံ၌ ရှိသော ဗုဒ္ဓဘာသာ ဓမ္မသတ်ကျမ်းများ၏ ကနဦး ဖြစ်သည်။ သီဟိုဠ် သာသနာ့ခေါင်းဆောင် ရေးသော ဓမ္မဝိလာသ ဓမ္မသတ်ကျမ်းသည် သီရိလင်္ကာ မြန်မာ သာသနာဆက်သွယ်ရေး၏ မှတ်တိုင်တစ်တိုင် ဖြစ်နေသည်။

ဒလ၌ ဓမ္မဝိလာသ မထေရ်နှင့် သူ၏တပည့်ရဟန်းများ သီဟိုဠ်မဟာဝိဟာရဂိုဏ်း သာသနာဖြန့်ဖြူးနေစဉ် မုတ္တမ၌လည်း အလားတူ ကြိုးပမ်းဆောင်ရွက်မှုများ ရှိနေသည်။ ပုဂံပြည်၌ သီဟိုဠ်ဂိုဏ်းနှင့် အခြားဂိုဏ်းများ ကွဲနေသကဲ့သို့ပင် မြန်မာနိုင်ငံ မြောက်ပိုင်း၌ ဂိုဏ်းနှစ်ဂိုဏ်းကွဲ နေသည်။ ဗုဒ္ဓဝံသနှင့် မဟာနာရဒအမည်ရှိ မထေရ်နှစ်ပါးသည် သီဟိုဠ်သို့ကြွပြီးလျှင် မဟာဝိဟာရဂိုဏ်း သံဃာတော်များထံတွင် သိက္ခာထပ်တင်ကြသည်။ ထိုရဟန်းနှစ်ပါးသည် မုတ္တမ ပြန်ကြွလာသောအခါ မုတ္တမ၌ သီဟိုဠ်ဂိုဏ်း သီးခြားတည်ထောင်ကြသည်။ ၁၄ ရာစုလောက်၌ ခေမင်္ကရအမည်ရှိ ရဟန်းတစ်ပါးသည်လည်း မုတ္တမပြန်ကြွလာသောအခါ "လောကဒီပသာရ" အမည်ရှိ စကြဝဠာလောကအကြောင်း ဖော်ပြထားသော ကျမ်းတစ်ကျမ်း ရေးသားပြုစုသည်။

သထုံ မဟာယသအမည်ရှိ မထေရ်တစ်ပါးသည် သဒ္ဒါနှင့် ပတ်သက်သော ကျမ်းနှစ်ကျမ်း ရေးသားသည်။ "ကစ္စာယနဘေဒ'နှင့် "ကစ္စာယနသာရ" တို့ဖြစ်ကြသည်။ "ကစ္စာယနဘေဒ" ကို "ကစ္စာယနဘေဒဒီပိကာ" ဟူ၍လည်း ခေါ်သည်။ မဟာယသမထေရ်သည် ဗညားဦး (၁၃၈၃-၈၅) လက်ထက်က ရဟန်းတော်ဖြစ်သည်ဟု ဆိုသည်။ "ကစ္စာယနဘေဒ" နှင့် "ကစ္စာယနသာရ" တို့သည် မြန်မာနိုင်ငံ၌သာမက သီဟိုဠ်လည်း ထင်ပေါ်ကျော်ကြားသော သဒ္ဒါကျမ်း များဖြစ်သည်။ ဝိနည်းအဋ္ဌကထာကျမ်းများ၌ ပါသော ခက်ရာခက်ဆစ်များကို အဓိပ္ပါယ်ဖွင့်ဆိုထားသည့် နာမည်ကျော် "ဝဇီရဗုဒ္ဓိဋီကာ" (ဝိနယဂဏ္ဌိ သို့မဟုတ် ဝိနိယဂဏ္ဌိဟုလည်း ခေါ်သည်။) ကျမ်းပြု သီဟိုဠ်ဆရာတော် မဟာဝဇီရဗုဒ္ဓိသည် ဓမ္မစေတီမင်းကြီးနှင့် ခေတ်ပြိုင်ဖြစ်သည်။ ကျမ်းပြုဆရာတော် မဟာဝိဇီရဗုဒ္ဓိသည် သူရေးသားပြုစုသော ဝဇီရဗုဒ္ဓိဋီကာ တစ်စောင်ကို ဓမ္မစေတီမင်းကြီးထံ ပို့လိုက်သည်။

"သဟဿဝတ္ထု ပကရဏ" (ဝတ္ထုတစ်ထောင်) ၌ပါသော ဝတ္ထုကြောင်းများသည် "ရသ ဝါဟိနီ" ဝတ္ထု၌ပါသော ဝတ္ထုကြောင်းများနှင့် ဆက်စပ်မှုရှိသည်။ ရသဝါဟိနီဝတ္ထု၏ မူရင်းကား သီဟိုဠ်ဘာသာ ဝတ္ထုများဖြစ်သည်။ သီဟိုဠ်ဝတ္ထုများကိုရဋ္ဌပါလမထေရ်က ပါဠိဘာသာပြန်သည်။ ယင်းပါဠိဘာသာပြန်ကို ဝိဒေဟမထေရ်က ထပ်မံဖြည့်စွက်သည်။ ထိုဝတ္ထုများနှင့်ဆက်စပ်မှုရှိသော "သဟဿဝတ္ထု ပကရဏ" သည် သီဟိုဠ်နှင့် မြန်မာနိုင်ငံ၏ စာပေအရ ကူးလူးဆက်ဆံပုံကို ဖော်ပြနေသည်။

မဟာနမမထေရ်ရေးသော "မဟာဝံသ" (မဟာဝင်) ၏ နောက်ဆက်တွဲမှာ "စူဠဝံသ" (စူဠဝင်) ဖြစ်သည်။ မဟာဝံသကို ပထမဦးဆုံး ဆက်ရေးသော ပုဂ္ဂိုလ်မှာ ဓမ္မကိတ္တိမထေရ်ဖြစ်သည်။ "မဟာဝံသ" ၏ အဆိုအရ "မဟာဝံသ" ၏ ဒုတိယပိုင်း "စူဠဝံသ" ကိုရေးသော ဓမ္မကိတ္တိသည် ဒုတိယ ပရမက္ကမ ဗာဟုဘုရင် (၁၃ရာစု ပထမတစ်ဝက်) လက်ထက်၌ မြန်မာနိုင်ငံမှ သီဟိုဠ်ရောက်သွားသော ရဟန်းတော်ဖြစ်သည်။





မြန်မာနရပတိစည်သူမင်းကြီးနှင့် သီဟိုဠ် ပရမက္ကမဗာဟု ဘုရင်လက်ထက်၌ မြန်မာနှင့် သီဟိုဠ် အကြား၌ တင်းမာမှု ဖြစ်ပွားခဲ့သေးသည်။ သို့သော်လည်း ယင်းတင်းမာမှုသည် အချိန်ကာလ မကြာလိုက်ဘဲ မကြာမီ နှစ်နိုင်ငံ ရင်ကြားပြန်စေ့သွားသည်။

ထိုအကြောင်းကိုလည်း မြန်မာရာဇဝင်များ၌ မတွေ့ရဘဲ သီဟိုဠ်သမိုင်းမှတ်တမ်းများ၌ ရေးသားဖော်ပြထားသည်။

ကျမ်းညွှန်း

၁။ မှန်နန်းရာဇဝင်

၂။ မြန်မာရာဇဝင်မှတ်စု (လက်နှိပ်စက်မှု) ရန်ကုန်တက္ကသိုလ်

၃။ မြန်မာရာဇဝင်အသင်း (၁၉၈၅-၅၉)

၄။ History of Burma (Myanmar) G.E.Harvery

၅။ မြန်မာသီရိလင်္ကာ သာသနာဆက်သွယ်ရေး ပါရဂူ

## ၁၂။ ပုဂံကျောက်စာ

ကျောက်စာများသည် သမိုင်းကို ထုတ်ဖော်ပြောပြနေကြသည်။ ပုဂံခေတ်တွင် ရေးထိုးသော ကျောက်စာများလည်း ပုဂံသမိုင်းကို ပြောနေကြသည်။ ပုဂံခေတ်ကျောက်စာများထဲက သမိုင်းအချက်အလက်ကို ပြောပြနေသော၊ ကျောက်စာရေးထိုးသူ၏ စရိုက်ကို ထုတ်ဖော်ပြနေသော၊ သမိုင်းသုတေသီတို့၏ အာရုံကို ဆွဲဆောင်နိုင်သော ကျောက်စာများ ရှိသည်။ ယင်းကျောက်စာများအနက် ကျန်စစ်သားမင်းလက်ထက် ထိုးသော ကျောက်စာများမှာ ထူးခြားမှုရှိသော ကျောက်စာများ ဖြစ်သည်။ ကျန်စစ်သားမင်းလက်ထက် မွန်ဘာသာဖြင့် ရေးထိုးသော ကျောက်စာတစ်ခု၏ အဓိပ္ပာယ်ဆိုလိုရင်းမှာ ဤသို့ဖြစ်သည်။

"မြတ်သောမင်းကြီး၏ အလိုဆန္ဒများသည် မကြာလျင်စော ပြည့်ဝပါစေ။ ပုဂံပြည်သို့ ရန်သူများ လာရောက်တိုက်ခိုက်သောအခါ၌ ပုဂံပြည်၌ နေထိုင်သောအမျိုးလေးပါးတို့သည် မြစ်သို့ စုန်၍လည်းကောင်း အခြားအရပ်များသို့လည်းကောင်း၊ ကစဉ့်ကရဲပြေးလွှားခဲ့ကြသည်။ ဘုရင်မင်းမြတ်၏ ကူညီစောင်မမှုဖြင့် အရပ်တကာတွင် အနှံ့ အပြားရောက်ကုန်သော သူတို့သည် မြစ်ကိုဆန်တက်၍ ပုဂံပြည်တွင် ပြန်လည်နေထိုင်ကြပါစေ။ မိသားဆွေမျိုးများနှင့် ကွဲကွာရသူများ၊ စိတ်နှလုံးပူပန်ရသူများကို ကရုဏာရေအေးဖြင့်လည်းကောင်း၊ ချစ်ခင်ကြင်နာစွာဖြင့် လည်းကောင်း၊ ကျဆင်းသောမျက်ရည်များကို ဘုရင်မင်းမြတ်က သုတ်ပေးလိမ့်မည်။ မြတ်သောမင်းကြီးသည် လက်ယာဘက်တွင် စပါးနှံနှင့် မုန့်ကို ကိုင်၍ လက်ဝဲဘက်လက်တွင် အဝတ်အထည်နှင့် အဆင်တန်ဆာတို့ကို ကိုင်ဆောင်ကာ တိုင်းသူပြည်သားတို့အား ပေးကမ်းဝေငပေးလိမ့်မည်။ အမိရင်ခွင်တွင် လဲလျောင်းရသော သားငယ်ကဲ့သို့ တိုင်းသူပြည်သားတို့သည် မြတ်သောမင်းကြီး၏ စောင်မကူညီခြင်းကို ပေးကမ်းစွန့်ကြဲခြင်းနည်းတူ ရရှိလိမ့်မည်။ မြတ်သောမင်းကြီးသည် ဒုစရိုက်တရားကို ပြုလုပ်လိုသူတို့၏ နှလုံးသားအား ပျော့ပျောင်းနူးညံ့စေလိမ့်မည်။ ကျောက်မျက်ရတနာတို့ဖြင့် စီခြယ်၍ ရွှေအတိဖြင့် ပြုလုပ်သော နိဗ္ဗာန်တံခါးဝအား အမြော်အမြင် ပြည့်စုံစွာဖြင့် တရားနှင့်ညီစွာပြုကျင့်ကြံသော ဘုရင်မင်းမြတ်သည် ဖွင့်လှစ်ပေးလိမ့်မည်။ မိုးနတ်ဣန္ဒမင်း၏ မိဖုရားကြီးအလမ္ဗုသကဲ့သို့ တင့်တယ်၍ စံပယ်ပန်းရနံ့တို့ဖြင့် မွှေးကြိုင်ထုံသင်းနေသော ဘုရင့်သမီးတော်တို့သည် အရှင်မင်းမြတ်အား စောင့်ကြိုနေလိမ့်မည်။ ကျောက်မျက်ရတနာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားသော ခနစ်

ပြည်ထောင်မင်းသမီးပေါင်းတို့သည် ထီးဖြူများကို ကိုင်ဆောင်၍ အရှင်မင်းကြီးအား စောင့်လင့်နေလိမ့်မည်။ မြတ်သော ကျန်စစ်သားမင်းကြီးသည် ရတနာတို့ဖြင့် ခြယ်စီထားသော ခြသေ့်စံသည့် ပလ္လင်ပေါ်တွင်ထိုင်၍ မင်းစည်းစိမ်ကို ခံစားလိမ့်မည်။ မီးရှူးတိုင်မှ အရောင်ညီးညီးထွက်သကဲ့သို့ ရွှေသားဖြင့် ပြုလုပ်သော ရုပ်ပွားဆင်းတုမြတ်တို့နှင့်အတူ ရတနာသုံးပါးကိုလည်း မြတ်သောမင်းကြီးက တိုင်းသူပြည်သားတို့အား ပေးအပ်မည်ဖြစ်၍ ရတနာသုံးပါးသည် ထွန်းလင်းတောက်ပပေလိမ့်မည်။"

ယင်းကျောက်စာသည် စကားလုံး အသုံးအနှုန်းအဆင့်အတန်းမြင့်သည်။ ယခုခေတ်အရေးအသား ကိုပင် မီနိုင်သော အရေးအသားမျိုးဖြင့် ရေးသားထားသည်။ စကားတန်ဆာအလင်္ကာကို ထည့်သွင်းသုံးနှုန်းထားသည်။ ကျောက်စာအရ တိုင်းပြည်၏ အခြေအနေနှင့် ကျန်စစ်သားမင်းကြီး၏ စိတ်နေသဘောထားများကို သိရှိရသည်။ ပုဂံတွင် ငရမန်ကန်း ဝင်ရောက်တိုက်ခိုက်သောကြောင့် ပုဂံသူပုဂံသားတို့သည် ဆွေကွဲမျိုးကွဲ ကစဥ့်ကလျား ထွက်ပြေးသွားကြသော တိုင်းသူပြည်သားများကို သူ၏ ဘုန်းရိပ်အောက်သို့ ပြန်လည်စည်းရုံးခေါ်ယူသည်။ မင်းကြီးသည် တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့ ကရုဏာထားသည်။ တိုင်းပြည်အေးချမ်းသာယာရေးနှင့် ပြည်သူပြည်သားများ ဖူလုံကြွယ်ဝရေးကို အဓိကထားသည်။ ဒုစရိုက်အမှု ပြုလုပ်သူများအပေါ်၌ပင် ထောက်ထား စာနာမှုရှိသည်။ တိုင်းပြည်နိုင်ငံအတွင်း၌ သာသနာရောင်ဝါ ထွန်းလင်းတောက်ပစေလိုသော ဆန္ဒလည်း ထက်သန်ပြင်းပြသည်။ သို့သော် ယင်းကျောက်စာသည် ကျန်စစ်သားကို လိုသည်ထက်ပို၍ အမွှမ်းတင်ထားသည်။

ပုဂံပြည်၏ အခြေအနေနှင့် ကျန်စစ်သား၏ဘဝကို ဖော်ပြသော အခြားကျောက်စာမှာ ရွှေစည်းခုံ စေတီအရှေ့ဘက်၌ တွေ့ရသော ကျောက်စာဖြစ်သည်။ ယင်းကျောက်စာ၌လည်း ကျန်စစ်သားမင်း၏ အကြောင်းနှင့် တိုင်းပြည်အခြေအနေကို ဖော်ပြထားသည်။ ကျန်စစ်သား၏ အကြောင်းကို ဤသို့ရေးထားသည်။

"မြတ်သောမင်းကြီး၏ ကျော်စောသတင်းသည် ကမ္ဘာအနှံ့ပြန့်လိမ့်မည်။ မင်းကြီး၏ စိတ်ထားသည် သံကဲ့သို့ မာကြောလိမ့်မည်။ အပုပ်နံကဲ့သို့ မနှစ်မြို့ဖွယ်ရှိသော ဒုစရိုက်တရားများကို သင်းပျံ့သော မွှေးရနံ့ကဲ့သို့ နှစ်လိုဖွယ် ကောင်းသော ဘုန်းကံပါရမီဖြင့် မင်းကြီးသည် ပယ်ရှားပျောက်လွင့်စေပေလိမ့်မည်။ သန့်ရှင်းစင်ကြယ်စေရန် ခဲယဥ်းလှသော ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် ပြုခဲ့သော အပြစ်များကိုလည်း ဖြူဖွေးစင်ကြယ်သော တရားရေအေးဖြင့် မင်းကြီးသည် ဆေးကြော လိမ့်မည်။ ဝရဇိန်လက်နက်ကို ကိုင်ဆောင်သော နတ်တို့သည် မင်းကြီး၏ အစေအပါးအဖြစ် ခစား၍ မြတ်သောမင်းကြီး၏ ကုသိုလ်ကောင်းမှုများကို စောင့်ရှောက်လိမ့်မည်။ ဆူးပြောင့်တို့ကဲ့သို့ ပေါများသော သူခိုး ဓားပြများ တောကဲ့သို့ ထူထပ်လှစွာသော ရန်သူများသည်လည်း နိုင်ငံတော်တစ်ခွင်တွင် လုံးဝဥဿုံပပျောက်လိမ့်မည်။ ကျောက်မျက်ရတနာ အပေါင်းတို့ဖြင့် စီခြယ်ထားသည့် ပုဂံနေပြည်တော်၏ မကိုဋ်သရဖူဖြစ်သော ပျော်ရွှင်မှုအပေါင်းတို့နှင့် သင့်လျော်သော ဝေဇယံ နတ်နန်းတမျှ သာယာသည့် နန်းတော်ကြီးတွင် ရဲစွမ်းသတ္တိနှင့် ပြည်စုံ၍ ဗိုလ်လူအပေါင်းတို့ကို ကောင်းချီးပြုကြသော မင်းကြီးသည် မင်းစည်းစိမ်ကို အပြည့်အဝခံစားလိမ့်မည်။ ပုဂံနေပြည်တော်အတွင်းရှိ မိန်းမအပေါင်းတို့သည် မြစ်ဆိပ်ကမ်းပါး များမှလည်းကောင်း၊ လမ်းကြီးလမ်းငယ် လမ်းသေးလမ်းမွှားများတွင် ရပ်၍လည်းကောင်း၊ မင်းကြီး၏ တင့်တယ်သော အသားရေကို အံ့ဩတွေဝေကြလိမ့်မည်။ ဤမျှတင့်တယ်သော အသားရေကိုဆောင်ခြင်းသည် ရှေးဘဝကပြုခဲ့သော ကောင်းမှုပါရမီတို့ကြောင့်ဖြစ်သည်ဟု အံ့ဩချီးမွမ်းကြလိမ့်မည်။ နေ့စဥ်နေ့တိုင်း တိုင်းသူပြည်သားတို့ကို တရားနှင့်အညီ အောင် ဆုံးမသွန်သင်သောအခါ၌ ပြည်သူအများတို့က နှစ်လိုခြင်း၊ ဝမ်းမြောက်ခြင်း၊ ချီးမွမ်းထောပနာပြုခြင်း၊ ကျေနပ်နှစ်သိမ့် သည့်အသံပြုခြင်း စသည်တို့ကြောင့်ဖြစ်ပေါ်လာသော အသံတို့သည် ညဥ့်သန်းခေါင်အခါတွင် ရွာသောမိုးသံကဲ့သို့ သောင်းသောင်းအုတ်အော်ရှိလိမ့်မည်။"

ယင်းကျောက်စာ၌ ပြည်သူပြည်သားတို့၏ အကြောင်းကိုလည်း ဤသို့ရေးထားသည်။ "မြတ်သော မင်းကြီး၏ လက်ထက်တွင် သစ်သီးပန်းမာလ်တို့နှင့်တကွ မှို၊ မျှစ် စသည်တို့သည် ပေါများလှိုင်ကြွယ်ဝလိမ့်မည်။ အစာရေစာ ကို လည်းကောင်း၊ အဝတ်အထည်ကိုလည်းကောင်း၊ ရှာဖွေ၍ မရနိုင်သည့် သူဆင်းရဲတို့သည် ရွှေနှင့်အတိပြီးသော အဆင်တန်ဆာတို့ကို ဆင်မြန်းရ၍ နူးညံ့သောအဝတ်အထည်တို့ကို ဝတ်ဆင်ရလိမ့်မည်။ လက်သည်းများဖြင့် မုန့်ကို ကောက်စားတတ်သော ကလေးသူငယ်တို့သည် လူကြီးသူမများကဲ့သို့ သိမ့်မွေ့သော အမူအကျင့်ကို ပြုကြလိမ့်မည်။ ဘုရင်မင်းမြတ်၏ နိုင်ငံတစ်ဝန်းတွင် တစ်နှစ်လျှင် အကြိမ်ပေါင်း တစ်ရာ့နှစ်ဆယ် မိုးရွာသွန်းလိမ့်မည်။ စပါးနှံတွင် စပါးအပြည့်သီးလိမ့်မည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက် စသည့် တိရစ္ဆာန်များလည်း ပေါများလိမ့်မည်။ မင်းညီမင်းသားနှင့် သူကောင်းမျိုးတို့၏ အရပ်များသည် ရွှေငွေဖြင့်သာ ပြီးလိမ့်မည်။ မိမိတို့၏ အိမ်တံခါးများကို ပိုမိုခိုင်ခန့်အောင် ပြုလိုသူများသည် တံခါးကို လည်းကောင်း၊ တံခါးရွက်ကို လည်းကောင်း၊ အမိုးခေါင်အုပ်ကို လည်းကောင်း ကြေးနီဖြင့်သာ ပြုလုပ်ကြလိမ့်မည်။ မြတ်သောမင်းကြီးသည် နိုင်ငံသားမှန်သမျှကို ကြွယ်ဝစေလိမ့်မည်။ အိုးခွက်များ ရောင်းရသည့် အမယ်အိုသည်ပင် ဈေးကောင်းရ၍ ကြွယ်ဝချမ်းသာလိမ့်မည်။ ကျွန်မရှိသူသည် ကျွန်များ ရလိမ့်မည်။ ကျွဲနွား မရှိသူသည် ကျွဲနွားရလိမ့်မည်။ လယ်ယာထွန်ယက် စိုက်ပျိုးရသည့် တောင်သူလယ်သမားတို့၏ စပါးကျီများတွင် ကောက်ပဲသီးနှံများ စပါးကျီအပြည့်ရရှိလိမ့်မည်။"

ယင်းကျောက်စာ အရေးအသားကိုကြည့်လျှင် ထိုခေတ်က ပါဠိဘာသာ ဩဇာလွှမ်းမိုးမှုရှိနေပြီဖြစ်၍ ပါဠိစာပေအရေးအသားများကဲ့သို့ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာတို့ဖြင့် စာကို ဝေဝေဆာဆာရေးသား စီကုံးတတ်နေပြီ ဖြစ်ကြောင်းသိရှိရသည်။ ယင်းကျောက်စာအရ ကျန်စစ်သားမင်း၏ ဘုန်းတန်ခိုးအာဏာကြီးမားပုံ၊ မင်းနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူ ရှိကြပုံ၊ တိုင်းသူပြည်သားအပေါ် ဘုရင်က မိမိ၏ရင်ဝယ်သားကဲ့သို့ စေတနာထားပုံ၊ တိုင်းပြည်နိုင်ငံ၌ စည်ပင်ဝပြောပုံ၊ ဆန်ရေစပါး ပေါများပုံ၊ ထိုခေတ်က ကျေးကျွန်စနစ်ရှိပုံ စသော အလွန်အဖိုးထိုက်တန်သည့် သမိုင်းအချက် အလက်များကို အမြောက်အများ သိရှိရသည်။ သို့သော်လည်း ယင်းကျောက်စာလည်း ကျန်စစ်သားကို အမွှမ်းတင်ရာ၌ ချဲ့ကားထားသည်ကို တွေ့ရသည်။

ကျန်စစ်သားမင်းလက်ထက် ရေးထိုးသော ကျောက်စာများအနက် အထင်ရှားဆုံးအကျော်ကြားဆုံး၊ သမိုင်းသုတေသီတို့ အသိအမှတ်ပြုခံရဆုံး ကျောက်စာမှာ မြစေတီကျောက်စာ ဖြစ်သည်။ မြစေတီကျောက်စာ၏ ဆိုလိုရင်း အနက် အဓိပ္ပါယ်မှာ ဤသို့ဖြစ်သည်။

"ဘုရားသခင်သာသနာတော် အနှစ်တစ်ထောင်ငါးရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးသော် ဤအရိမဒ္ဒနပူရ မည်သောပြည်၌ သီရိတြိဘုဝနာ ဒိတျဓမ္မရာဇာသည် မင်းပြု၏။ ထိုမင်း၏ ချစ်မြတ်နိုးသော မိဖုရားသည်ကား တြိလောကဝဋံ့ သကာဒေဝီမည်၏။ ထိုမြတ်နိုးအပ်သော မိဖုရား၏ သားတော်သည်ကား ရာဇကုမာရမည်၏။ ထိုမင်း၌ရှိသော ကျွန်သုံးရာတို့ ကို မိဖုရားအား ပေးသနားတော်မူ၏။ မိဖုရားသည် ဘဝတစ်ပါးသို့ ပြောင်းသွားလေသော် ထိုမိဖုရား၏ ဝတ်ဆင်သောတန်ဆာ တို့နှင့်အတူ ကျွန်သုံးရာတို့ကို သားတော်ရာဇကုမာရမင်းသားအား သနားတော်မူလေ၏။ ထိုမင်းသည် အနှစ်နှစ်ဆယ့်ရှစ်နှစ် မင်းပြုပြီးသော် ပြင်းထန်စွာသော ရောဂါဝေဒနာနှိပ်စက်ရကား ရာဇကုမာရမည်သော မင်းသားသည် မိမိအားမွေးမြူဖူးပေ သော ခမည်းတော်မင်းကြီး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့သဖြင့် ဘုရားသခင်နှင့်တူစွာ ရွှေအတိပြီး သော ဆင်းတုတော် တစ်ဆူကို သွန်းလုပ်၍ ခမည်းတော်မင်းကြီး ရှေ့တော်သို့ ပင့်ခဲ့ပြီးလျှင် ဤသို့လျှောက်ထားလေ၏။ ဤရွှေဆင်းတုတော်ကို ခမည်းတော်ဘုရားအဖို့ ကျွန်တော်သွန်းလုပ်ခဲ့ပါသည်။ ခမည်းတော်ဘုရားပေး သနားတော်မူသော ကျွန်သုံးရွာကိုလည်း ဤဆင်းတုတော်အား လှူဒါန်းပါ၏။ ခမည်းတော်ဘုရားနှစ်သက်ပါစေသတည်း။"

"မင်းကြီးသည်များစွာနှစ်သက်လိုရကား သာဓုခေါ်ပြီးလျှင် ဂိုဏ်းအုပ်ဆရာတော်မဟာထေရ် (ရှင်အရဟံ) မောဂ္ဂလိပုတ္တတိဿ၊ သုမေဓာ၊ ဗြဟ္မဒိဝ၊ သောဏ၊ သင်္ဃသေန မထေရ်တို့၏ ရှေ့တော်၌ ဝသုန္ဒြေနတ်ကို သက်သေပြု၍ ရေစက်သွန်းချလှူဒါန်းလေ၏။ ယင်းသို့ ရေစက်သွန်းချပြီးသော် ထိုမင်းကြီး၏ ချစ်မြတ်နိုးသော်မူသော မိဖုရား၏ သားတော် ရာဇကုမာရမင်းသားသည် ရွှေအထွတ်တင်သော ဂူတစ်ဂူတူတစ်ဆူကို တည်၍ ထိုဂူ၌ ဆင်းတုတော်ကို ဌာပနာလေ၏။ ထို့နောက် သက်မုနလုံတစ်ရွာ၊ ရပယ်တစ်ရွာ၊ ဟင်ဘိုတစ်ရွာ၊ ဤသုံးရွာတို့မှ လူတို့ကိုခေါ်၍ တည်ထားသောဂူတွင် ရေစက်သွန်း ချ၍ လှူဒါန်းပြီးလျှင် ဤသို့သော ဆုတောင်းပတ္ထနာပြု၏။ ဤသို့လှူဒါန်းရသော ကောင်းမှုကြောင့် ငါ့အား သဗ္ဗညုဉာဏ်၏

အထောက်အပံ့ ဖြစ်စေသတည်း။ နောက်အခါ ငါ၏သားသည်လည်းကောင်း၊ ငါ၏မြေးသည်လည်းကောင်း၊ တခြားသော သူတို့သည်လည်းကောင်း၊ ဤဘုရားတွင် ငါလှူထားသော ကျွန်တို့အား အနှိပ်စက်ကလူပြုသည်ရှိသော် ထိုသူတို့သည် အရိမိတေယျဘုရားရှင်အား မဖူးရစေသတည်း။"

မြစေတီကျောက်စာသည် အထက်ပါကျောက်စာများကဲ့သို့ စကားတန်ဆာဝေဝေဆာဆာသုံး၍ ချဲ့ချဲ့ကားကား ရေးသားထားခြင်းမရှိဘဲ အဖြစ်သနစ်ကို ရိုးရိုးကလေးတင်ပြထားသော ကျောက်စာဖြစ်သည်။ ရေးထိုးသူမှာ ကျန်စစ်သားမဟုတ်ဘဲ ကျန်စစ်သား၏ သားတော် ရာဇကုမာရဖြစ်သည်။ ဖခင်အပေါ်ထားရှိသော သား၏ကျေးဇူးတရားကို ဖော်ပြထားသည်။ အနက်အဓိပ္ပါယ်တူ အကြောင်းအရာကို ပျူ၊ မြန်မာ၊ ပါဠိ၊ မွန် လေးဘာသာဖြင့် ရေးထိုးထားသော ကျောက်စာဖြစ်သည်။ ကျောက်စာအရ ကျန်စစ်သားမင်း နန်းတက်သော ခုနှစ် သက္ကရာဇ်ကို အတိအကျသိရသည်။ ထီးနန်းအတွက် တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်ခဲ့သော အဖြစ်အပျက်များ ပွမ်းနေသည့် ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်း စာမျက်နှာများ၌ ထီးနန်းကို မမက်မောဘဲ ခမည်းတော်၏ အစီအမံကို ထော်လော်ကန့်လန့် မလုပ်ဘဲ အသာတကြည် လက်ခံခဲ့သော နမူနာစံပြရာဇကုမာရ၏ စိတ်နေသဘောထားဘဝကို ကျောက်စာတွင် ဖော်ပြထားသည်။ ကျောက်စာအဆုံး၌ "ဘေးတွေ့ပါစေ၊ ရန်တွေ့ပါစေ" စသည်ဖြင့် ကျိန်စာမဆိုဘဲ "အရိမိတေယျ" နှင့် လွဲပါစေဟု ဆုတောင်းထားခြင်းမှာလည်း ယဉ်ယဉ်ကလေးနှင့် ထိရောက်သော ကျိန်စာဆိုခြင်း၊ ဆုတောင်းခြင်း ဖြစ်သည်။ ခြုံပြီးပြောရလျှင် မြစေတီကျောက်စာသည် သန္တရသအပြည့် ရှိနေသည့် ကျောက်စာဖြစ်သည်။

ပုဂံခေတ် ကျောက်စာများအနက် ထူးခြားမှုရှိသော အခြားကျောက်စာတစ်ခုမှာ အလောင်းစည်သူမင်းကြီး ရေးထိုးထားသော ရွှေဂူကြီးကျောက်စာဖြစ်သည်။ ယင်းကျောက်စာ၌ ကျောက်စာ စာကိုယ်ကို ပါဠိဘာသာဖြင့် လည်းကောင်း၊ ကျောက်စာ နိဂုံးကို သင်္သကရိုက်ဘာသာဖြင့် လည်းကောင်း၊ ရေးထိုးထားသည်။ ကျောက်စာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်မှာ ဤသို့ဖြစ်သည်။

"ကျွန်ုပ်သည် ထိုကောင်းမှုကံကြောင့် ပြန့်ပြောစွာသော ဤလူ့ပြည်ကို လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည်ကိုလည်းကောင်း၊ နတ်ပြဟ္မာ အသူရာမာရ်နတ်အဖြစ်ကိုလည်းကောင်း အလုံးစုံသော တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ပြီးသောလူမင်းအဖြစ်ကိုလည်းကောင်း၊ မတောင့်တလိုပေ။ သံသရာရေအလျဉ်ကို ဖြတ်တောက်လျက် တံတားပြုလုပ်ပြီးလျှင် သံသရာဝဲသြဃ၌ နစ်မြုပ်နေကြသော သတ္တဝါအပေါင်းတို့အားကယ်တင်၍ နိဗ္ဗာန်သို့ ရောက်စေအံ့။ သံသရာမှ ကူးမြောက်ပြီးသော ကျွန်ုပ်သည် သံသရာရေအလျဉ်ကြော၌ မျောပါနေကြသော လူအပေါင်းတို့အား ကူးမြောက်စေအံ့။ ကျွန်ုပ်သည် သစ္စာလေးပါးသိမြင်သော ဘုရားဖြစ်လတ္တံ့။ ထိတ်လန့်ဖွယ် အိပ်မောကျနေသော လူအပေါင်းတို့အား နိုးကြားစေလတ္တံ့။ ရာဂမီးတောက်လောင်နေချိန်၌ ငြိမ်းအေးသွားပြီးလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်လတ္တံ့။ သတ္တဝါအပေါင်းတို့အားလည်း လွတ်မြောက်စေလတ္တံ့။ သဒ္ဓမ္မတရားနှင့် ပြည့်စုံသည်ဖြစ်၍ ရာဂ ဒေါသစသော အပြစ်အနာအဆာများ ငြိမ်းသွားသည်ရှိသော် သတ္တဝါအပေါင်းတို့ကိုလည်း ငြိမ်းအေးစေအံ့။ မိမိကိုယ်၌ ဖြစ်ဆဲဖြစ်လတ္တံ့ဖြစ်သော လောဘ၊ ဒေါသ၊ မောဟတရားတို့သည်လည်း အခါခပ်သိမ်း ချုပ်ငြိမ်းသွားပါစေသတည်း"

တရားသံဝေဂလွှမ်းနေသော ကျောက်စာဖြစ်သည်။ ကျောက်စာအရ သိရသည်မှာ အလောင်းစည်သူမင်းကြီးသည် လောကီစည်းစိမ်တွင် အထွတ်ဆုံး အမြတ်ဆုံးဖြစ်သည့် မင်းစည်းစိမ်ကို ခံစား စံစားနေရသော်လည်း "ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း" ဟူသော မင်းစည်းစိမ်၏ တဒင်္ဂသဘော၊ အနိစ္စသဘောကို နားလည်သဘောပေါက်ပုံရ သည်။ ထို့ကြောင့် ဘုရင်မင်းကြီးသည် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ် စသော လောကီစည်းစိမ်ကို မတောင့်တတော့ဘဲ သံသရာဝဲသြဃမှ လွတ်မြောက်လိုသည့် အာသီသရှိလေသည်။ သံသရာဝဲသြဃမှ မိမိတစ်ဦးတစ်ယောက်တည်းလည်း မလွတ်မြောက်လိုပေ။ သံသရာရေလျဉ်ကြော၌ နစ်မျောနေကြသော သတ္တဝါအပေါင်းတို့အားလည်း ထုတ်ဆယ်ကယ်တင်လိုသည့် ဆန္ဒရှိပေသည်။ ထို့ကြောင့် သတ္တဝါတို့အား ဘေးဒုက္ခအပေါင်းမှ ကယ်တင်နိုင်





စွမ်းရှိသော ဘုရားအဖြစ် ဆုတောင်းထားခြင်းဖြစ်သည်။ ရွှေဂူကြီးကျောက်စာအရ အလောင်းစည်သူမင်းကြီးသည် ဘုရားဆုပန်ယောကျာ်းဖြစ်ကြောင်း သိရှိရသည်။ ခြုံပြီးပြောရလျှင် ရွှေဂူကြီးကျောက်စာသည် တရားဘာဝနာပွားများအား ထုတ်ရန် လှုံ့ဆော်နေသော ဆုံးမစာတစ်ရပ် ဖြစ်နေသည်။

သင်္သကရိုက် ဘာသာဖြင့် ရေးထိုးထားသော ရွှေဂူကြီးကျောက်စာနိဂုံး၌ ဘုရားတည်သော ခုနှစ်သက္ကရာဇ်နှင့် ဘုရားတည်၍ပြီးသည့် ခုနှစ်သက္ကရာဇ်ကို ဖော်ပြရာ၌ ထူးထူးခြားခြား အိန္ဒိယနိုင်ငံသုံး သကနှစ်ကို အသုံးပြုထားသည်။

ကျမ်းညွှန်း

၁။ မှန်နန်းရာဇဝင်

၂။ မြန်မာရာဇဝင်မှတ်စု (ရန်ကုန်တက္ကသိုလ် မြန်မာရာဇဝင် အသင်း၊ ၁၉၅၈-၅၉)

၃။ History of Burma (Myanmar) G.E.Harvey

၄။ ရှေးဟောင်း မြန်မာကျောက်စာများ

## ၁၃။ သံသေဒဇ မိဖုရား

"ကုလားကျမင်းကား ဟီရဩတ္တပ္ပလည်း မစောင့်။ စကားလည်း မမှန်။ မှူးကြီးမတ်ကြီး အတွင်းသူ အပြင်သူတို့ကိုလည်း မျက်နှာမကြည့်။ ကြမ်းကြုတ်စွာ ပြုလေ့ရှိ၏။ ပြည်သူရွာသားတို့ကိုလည်း နှိမ်နင်းညှင်ပန်း၏။ ထိုသို့ပြုလုပ်လေ့ရှိသောကြောင့် အမှုးအမတ်ပြည်သူ လူရဟန်းအပေါင်းတို့သည် မကောင်းသာဆုကို ပြုကုန်၏" ဟူ၍ ကုလားကျမင်းခေါ် နရသူဘုရင်နှင့် ပတ်သက်၍ မှတ်ချက်ချထားသည်။

နရသူ လွန်သွားသောအခါ သားတော်နှစ်ပါးဖြစ်သော မင်းယဉ်နရသိင်္ခနှင့် နရပတိစည်သူတို့ ရှေ့ဆင့်နောက်ဆင့် ပုဂံထီးနန်းကို ဆက်ခံစိုးစံကြသည်။ ယင်းဘုရင်နှစ်ပါးသည်လည်း လောဘ၊ ဒေါသ၊ မာန်မာနတရားများ၏ လွှမ်းမိုးကြီးစိုးခြင်းခံကြရသည်ဖြစ်၍ ပုဂံထီးနန်း၏ ဂုဏ်အသရေကို ဝင်းလက်တောက်ပြောင်သည်ထက် ဝင်းလက်တောက်ပြောင်လာအောင် မစွမ်းဆောင်နိုင်ကြပေ။

နရသူနောက်တွင် နရသူ၏သားတော်ကြီး မင်းယဉ်နရသိင်္ခ ထီးနန်းဆက်ခံသည်။ မင်းယဉ်နရသိင်္ခ၏ ညီတော် နရပတိစည်သူကိုမူ အိမ်ရှေ့အရာအပ်နှင်း၏။ ပဒေသရာဇ်ခေတ်ဘုရင်တို့သည် ဣတ္ထိယနှင့် ပတ်သက်လာလျှင် သိက္ခာမထိန်းနိုင်ကြပေ။ မိမိတို့ မင်းမျိုးမင်းနွယ်အချင်းချင်း စုံဖက်ကြသည့် မိဖုရားများနှင့် တင်းတိမ်အားရခြင်းမရှိကြဘဲ သွားရင်းလာရင်း တိုင်းခမ်းလှည့်လည်ရင်း ရပ်ထဲရွာထဲက အလှအချောများကို တွေ့လျှင်ဖြစ်စေ၊ သို့မဟုတ် ရပ်ရွာထဲက ရုပ်အချောအလှတွင် ကွမ်းထောင်ကိုင်အဖြစ် ထူးထူးခြားခြား ဂုဏ်သတင်းထွက်လာသူ မိန်းမချော မိန်းမလှများ၏ သတင်းကိုကြားလျှင်ဖြစ်စေ၊ မင်းအာဏာကိုသုံးပြီး သိမ်းပိုက်ကြသည်။ "တော်ကောက်သည်" ဟူသော စကားလုံးမှာ ပဒေသရာဇ်တို့၏ ရာဂုမ္မတ္တကကို "ရှူးကားကုတ်တက်" လုပ်ထားခြင်းဖြစ်သည်။

ပဒေသရာဇ်တို့၏ အမူအကျင့်ကိုသိကြသောအခါ မျက်နှာလိုမျက်နာရ လုပ်လိုသူများကလည်း ပဒေသရာဇ်တို့ မက်လောက်သည့် ရုပ်ရည်ရူပကာရှိသော မိမိတို့၏ သမီးပျိုများကို ကာယကံရှင် သမီးပျို၏ သဘောထားကို ထည့်မတွက်ဘဲ အာဏာပိုင်ပဒေသရာဇ်တို့အား ဆက်သကြသည်။ ထိုအခါ အကြောင်းအပေါင်းသင့်၍ ထီးနန်းတွင်ပျော်ပိုက်

သွားသော မိန်းမပျိုများအတွက် မထောင်းတာသော်လည်း ကိုယ်လုပ်မောင်းမဘဝဖြင့် မပျော်ပိုက်သူ မိန်းမပျိုများအတွက် မှာမူ ဘဝဆုံးသွားကြရသည်။

ယင်းအဖြစ်မျိုးမှာ အသောကမင်းတရားကြီး၏ဘဝ၌ပင် ဖြစ်ပျက်ခဲ့ဖူးသည်။ အသောကမင်းတရားကြီး သည် မင်းပျိုမင်းလွင်ဘဝက နေပြည်တော်ဌလိပုတ်မှ ဥဇ္ဇေနီသို့ တာဝန်နှင့်အသွား လမ်းခရီးစခန်းတစ်ခု၌ မိန်းမပျိုတစ် ယောက်ကိုတွေ့သောအခါ စုံမက်နှစ်သက်သွားသည်။ မိမိတို့ သားသမီးအပေါ် ဘုရင့်သားတော် မျက်စိကျသည်ဆိုသည်ကို သိရသောအခါ မိဘလုပ်သူများသည် မိုးပေါ်မှကျလာသည့် အခွင့်အရေးကြီးဟု ထင်မှတ်ပြီး မိမိတို့သမီးပျိုကို နောင်သော အခါ ဧကရာဇ်ဖြစ်လာမည့် အသောကအား ဆက်သလိုက်သည်။

အသောကတွင် ဥဇ္ဇေနီ၌နေရင်း ဒေဝီခေါ် ထိုမိဖုရားနှင့် သားတော် မဟိန္ဒ၊ သမီးတော် သင်္ဃမိတ္တာတို့ မွေးဖွားလာကြသည်။ သို့သော်လည်း ဒေဝီသည် ရိုးရိုးတောသူပီပီ ထီးနန်းပတ်ဝန်းကျင်ကို ထိတ်လန့်ကြောက်ရွံ့သည်။ ခမည်းတော် ကွယ်လွန်သွားသည်ဖြစ်၍ မဂဓထီးနန်း သိမ်းပိုက်ရန် အသောက နေပြည်တော်ပြန်သွားသောအခါ သားတော် နှင့်သမီးတော်ကိုသာ ထည့်လိုက်ပြီး သူကိုယ်တိုင်မှာမူ လိုက်ပါမသွားတော့ပေ။ သူ့ရပ်ရွာသူ့ဒေသ၌သာ ကျန်ရစ်ခဲ့သည်။

ယခုလည်း မင်းယဉ်နရသိခ် မြင်စိုင်းဝက်ဝင်အရပ်ရှိ ပြော့တို့၏တောသို့ ရောက်သွားသောအခါ ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသော မိန်းမပျိုတစ်ယောက်ကို ဘုရင်မင်းကြီးအား ဆက်သသည်။ ထိုမိန်းမပျို၏ အမည်မှာ ဝေဠုဝတီဖြစ်သည်။ ဝါးမှ သံသေဒဇ မွေးဖွားသော မိန်းမပျိုဖြစ်သည်ဟု ဆိုသည်။ ကျမ်းဂန်များ၌ ပဋိသန္ဓေ တည်နေခြင်းကို လေးမျိုးလေးစား ခွဲခြားဖော်ပြထားသည်။ (၁) ဥ၌ဖြစ်သောပဋိသန္ဓေသည် အဏ္ဍဇ (၂) အမိဝမ်း၌ ကလလရေကြည်တည်၍ မွေးဖွားသော ပဋိသန္ဓေသည် ဇလာဗုဇ (၃) ပန်းပွင့်သစ်သီးစသည်တို့၌ အညှိကို စွဲ၍ဖြစ်သော ပဋိသန္ဓေသည် သံသေဒဇ (၃) နတ်တို့ကဲ့သို့ ဥပပါတ်ကိုယ် ထင်ရှားဖြစ်သော ပဋိသန္ဓေသည် ဩပပါတိက ပဋိသန္ဓေ။

ယင်းပဋိသန္ဓေလေးမျိုးထဲက သံသေဒဇကို ဆွဲထုတ်၍ ဝေဠုဝတီကို ဝါးမှဖြစ်သော သံသေဒဇဖွားဟု သမုတ်ထားသည်။ ရှေးရှေးရာဇဝင်ဆရာတို့သည် စိတ်ကူးယဉ်ကြသည်။ ကဗျာဆန်ကြသည်။ အမွှမ်းတင်လိုသည်။ ချဲ့ချဲ့ထွင်ထွင် ရေးသားကြသည်။ ကိန်းဂဏန်းများကို ယုတ္တိရှိ မရှိ ထည့်မတွက်ဘဲ လွန်လွန်ကဲကဲတပ်ကြသည်။ ယခုလည်း စိတ်ကူးယဉ်ကို အခြေခံ၍ ဝေဠုဝတီအား ဝါးမှဖြစ်သော သံသေဒဇဖွားဟု ဆိုကြသည်။ ယင်းသို့ ဆိုခြင်းမျိုးမှာ မြန်မာသမိုင်း၌ သာမကပေ။ အိန္ဒိယကျမ်းဂန်များ၌လည်း အလားတူ စိတ်ကူးယဉ်မျိုးရှိသည်။ ပြည့်တန်ဆာ အမ္ဗပါလီကို သရက်ပင်က မွေးဖွားသည်ဟု ဆိုထားသည်။ ထို့ကြောင့် အမ္ဗပါလီ အမည်တွင်နေခြင်းဖြစ်သည်။ "ဝေဠု" မှာ ဝါးကိုခေါ်သကဲ့သို့ "အမ္ဗ" ၏ အနက်အဓိပ္ပါယ်မှာ သရက်ဖြစ်သည်။

ဝေဠုဝတီသည် ရုပ်ရည်လှပပြေပြစ်သူဖြစ်သော်လည်း နားရွက်မလှဖြစ်နေသည်။ နားကျယ်ကလေးနှင့် ဖြစ်နေ၏။ ဝေဠုဝတီကို တွေ့မြင်ရသောအခါ မင်းယဉ်နရသိခ်သည် "အရိုးများသော ချေးခါးသော" ဆိုပြီး မိမိအား ဆက်သ လာသော ဝေဠုဝတီကို ညီတော်အား ပေးလိုက်သည်။ နောင်တော်စွန့်လိုက်သော ဝေဠုဝတီကို ညီတော် နရပတိ စည်သူက ဝမ်းပန်းတသာ လက်ခံသည်။ ညီတော်က လက်ခံ၍ တော်သေးသည်။ သို့မဟုတ်ပါက ဝေဠုဝတီသည် သူ့ဟာသူ နေတာ အကောင်းသားနှင့် ဘုရင်ကို ဆက်သလိုက်မှ အရှက်တကွဲအကျိုးနည်းဖြစ်ရကိန်း ကြုံသွားနိုင်သည်။

ဘုရင့်မယ်တော်ကြီးက သားတော်အငယ် နရပတိစည်သူ၏ မိဖုရားဝေဠုဝတီ၏ နားကိုကြည့်ပျော် ရှုပျော်ဖြစ်လာအောင် ပြုပြင်ပေးသည်။ ယခုခေတ်ကဲ့သို့ ခွဲစိတ်ပြီး ကိုယ်လက်အင်္ဂါလှလာအောင် ပြုလုပ်သည့်နည်းမျိုး ထိုခေတ်က ရှိသလားမပြောတတ်။ တောသူမအား ထီးနန်းမူရာ ယဉ်ကျေးနွဲ့နှောင်းလာအောင်လည်း သွန်သင်သည်။ ထိုအခါ ဝေဠုဝတီသည် စံပြလှပျိုတစ်ဦး ဖြစ်လာသည်။ ခယ်မတော် တစ်သွေးတစ်မွေးဖြစ်လာသည်ကို တွေ့ရသောအခါ မင်းယဉ် နရသိခ် လွတ်တဲ့ငါးကြီးလာသည်။ ထွေးပြီးသားတံထွေးကို ပြန်မျိုချင်လာသည်။ ထို့ကြောင့် အကောက်ဉာဏ်ဖြင့် ဝေဠုဝတီ ကို သိမ်းပိုက်ရန် ညီတော် နရပတိစည်သူကို ငဆောင်ချမ်းသို့ စစ်ချီခိုင်းလိုက်သည်။ ညီတော်မရှိခိုက်တွင် နရသိခ်သည် ခယ်မတော်ကို သိမ်းပိုက်လိုက်သည်။





မိမိ၏ မိဖုရားကို မိမိနောင်တော်သိမ်းပိုက်လိုက်ပြီဟု ကြားရသော နရပတိစည်သူသည် တပည့် အောင်စွာငယ်ကိုစေလွှတ်၍ မင်းယဉ်နရသိခ်ကို လုပ်ကြံခိုင်းသည်။ မင်းယဉ်နရသိခ်သည် ကာမဂုဏ်အာရုံ တစ်ခုတည်းကို သာ ကြည့်သည်ဖြစ်၍ ဣတ္ထိယနှင့်ပတ်သက်ပြီး လုပ်ကြံခံသွားရသည်။ ထိုမိန်းမကိစ္စတွင် မြင်းခံပြေည့်ပါ အဆစ်ပါသွား ရရှာ သည်။ သူလျှိုအထောက်သဘောမျိုးနှင့် နန်းတော်၌ နရပတိစည်သူထားခဲ့သော မြင်းခံပြေည့်သည် မင်းယဉ်နသိခ်က ဝေဠုဝတီကို သိမ်းပိုက်လိုက်ပြီဆိုသည့် သတင်းကို နရပတိစည်သူထံ လိုက်ပြီးအကြောင်းကြားသည်။ သို့သော်လည်း နောက်ကျပြီးမှ မိမိထံရောက်လာရပါမည်လား ဆိုပြီး မြင်းခံပြေည့်ကိုလည်း နရပတိစည်သူက ကွပ်မျက်ပစ်လိုက်သည်။

တိုင်းရေးပြည်ရေး ပြည်သူ့အရေးကို အလေးပေး ဆောင်ရွက်ရမည့်အစား နိုင်ငံ့ဦးကိုင်တို့သည် မိန်းမအတွက် စာရင်းရှုပ်နေကြသည်။ မသေသင့် မသေထိုက်သူများလည်း သေဆုံးသွားကြရသည်။ မင်းယဉ်နရသိခ် ညီတော်နောင်တော်တို့သည် ရှေးခေတ် ပဒေသရာဇ်များထဲတွင် ဣတ္ထိယအတွက် သိက္ခာမစောင့်စည်းကြသူများ ဖြစ်ကြ သည်။ ပုဂံသမိုင်းတွင်လည်း သူတို့၏ အခန်းကဏ္ဍကို မိန်းမကိစ္စအရှုပ်တော်ပုံက အရိပ်ထိုးထားသည်။

ကျမ်းကိုး

၁။ မှန်နန်းရာဇဝင်

# ၁၄။ မှောင်တစ်ဝက် လင်းတစ်ဝက်

လူတို့၏ ဘဝကိုလေ့လာကြည့်လျှင် လူအချို့၏ ဘဝသည် အလင်းချည်းရှိနေပြီး လူအချို့၏ ဘဝသည် အမှောင်ချည်းရှိနေသည်။ လူအချို့၏ ဘဝမှာမူ အလင်းတစ်ကန့် အမှောင်တစ်ကန့် ရှိနေပြီး လူအချို့၏ ဘဝကား အလင်းနှင့်အမှောင် ရောနှောနေသည်။ ပုဂံထီးနန်းတွင် အနော်ရထာမင်းကြီးနောက် သတ္တမမြောက်စိုးစံသော နရပတိ စည်သူမင်းကြီး၏ ဘဝသည် အလင်းနှင့်အမှောင် ရောနေသော ဘဝမျိုးဖြစ်သည်။

နရပတိစည်သူမင်းကြီးသည် စူဠာမဏိစေတီ၊ ကော်တော့ပလ္လင်စသော စေတီပုထိုးပေါင်း များစွာကို တည်ထားကိုးကွယ်ခဲ့သည်။ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အားပေးခဲ့သည်။ သာသနာ့ဂိုဏ်းချုပ် ပံ့သကူ မထေရ် ပျံလွန်တော်မူသွားသောအခါ ပံ့သကူမထေရ်၏ နေရာ၌ ဉတ္တရာဇီဝမထေရ်ကို သာသနာ့ဂိုဏ်းချုပ် တင်မြှောက် သည်။ ဉတ္တရာဇီဝမထေရ်၏တပည့် ဆပ္ပဒမထေရ်အခြားရဟန်းလေးပါးနှင့်အတူတကွ သိန်းယိုကျွန်း(သီရိလင်္ကာ) မှ ပုဂံပြည် ကြွလာသောအခါတွင်လည်း မထေရ်ငါးပါးတို့အား ကိုးကွယ်ဆည်းကပ်သည်။ ပုဂံပြည်၌ ထိုမထေရ်ငါးပါး သိန်းယိုကျွန်း မဟာဝိဟာရဂိုဏ်း သာသနာဖြန့်ဖြူးသောအခါ၌လည်း အားပေးအားမြှောက်ပြုလုပ်သည်။ ဒလမြို့ဇာတိ ဓမ္မသတ်ကျမ်းပြု ဓမ္မဝိလာသမထေရ်အားလည်း "ဓမ္မဝိလာသ" ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်သည်။

မှန်နန်းရာဇဝင်၌လည်း နရပတိစည်သူမင်းကြီးနှင့်ပတ်သက်၍ "နရပတိစည်သူမင်းကြီးကား မင်း၏ တရားဆယ်ပါးကိုလည်း မပြတ်ဆောက်တည်တော်မူ၏။ ပြည်ရေးရွာမှုရှိသောအခါ ပညာရှိတို့ လျှောက်သောစကားကို ယူတော်မူ၏။ ရာဇမာယာ၌ လိမ်မာကျွမ်းကျင်သည်ဖြစ်၍ ပြည်သူ လူအပေါင်းတို့သည် နှစ်လိုကုန်၏။ မြန်မာပြည် အနှံ့အစပ် ဘုရားဂူကျောင်း တန်ဆောင်းဇရပ်ပြုတော်မူပြီးသော် ဝတ္ထုကံ မိုးမြေလယ်ယာ ဥယျာဉ် လှူတော်မူ၏။" ဟူ၍ ထုတ်ဖော် ချီးကျူးထားသည်။

ယင်းအမြင် ကြည့်လျှင် နရပတိစည်သူသည် သာသနာ့ဒါယကာ သာသနာပြုမင်းတစ်ပါးဟု ဆိုရမည် ဖြစ်သည်။ သို့ရာတွင် နရပတိစည်သူ၏ဘဝကို လေ့လာကြည့်လျှင် သာသနာ့ဒါယကာ သာသနာပြု ဘုရင်အဖြစ်နှင့်မလျော်ညီ

သော ပြစ်မှုများ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။ မဆင်မခြင် မစဉ်းစားဘဲ ဒေါသရှေ့ထားလျက် အပြစ်မဲ့သူလူများကို အဆုံးစီရင်ခဲ့သည်။ တိုင်းပြည် အုပ်ချုပ်သူ ဘုရင်တို့သည် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူအများ၏ ကောင်းကျိုးအတွက် အပြစ်ဒဏ်ပေးသင့်သူကို ပေးရသည်။ ကွပ်မျက်ပစ်သူကို ကွပ်မျက်ပစ်ရသည်။ လူတစ်ဦးတစ်ယောက်၏ အသက်ကို အဆုံးစီရင်ရာ၌ အမှန်တကယ် သေဒဏ်ထိုက်သူဟုတ်မဟုတ်ကို အသေအချာ မစစ်ဆေး မဆေးကြောဘဲနှင့် ဒေါသရှေ့ထားလျက် ပုရွက်ဆိတ်ကလေးတစ်ကောင်ကို သတ်ပစ်သလို ခပ်လွယ်လွယ် အသက်နှင့်ကိုယ် အိုးစားကွဲအောင် လုပ်ပစ်ပါမှုကား ထိုဘုရင်အတွက် ယင်းပြစ်မှုသည် သမိုင်းတွင်ဖျောက်ဖျက်ပစ်၍မရသည့် အမည်းကွက်အဖြစ် ထင်ကျန်နေပေလိမ့်မည်။

နရပတိစည်သူ စတင်ကျူးလွန်သော ပြစ်မှုမှာ မိမိ၏ ဣတ္ထိယအရုပ်တော်ပုံ၌ အလိုမကျဖြစ်ပြီး မြင်းခံပြည့်ကို ကွပ်မျက်ပစ်ခြင်းဖြစ်သည်။ "မင်းတို့၏ မာန်ဖြင့် ငပြည့်ကို ကွက်မျက်တော်မူလေ၏" ဟူ၍ပင် မှန်နန်းရာဇဝင်၌ ဆိုထားသည်။ ပဒေသရာဇ်တချို့၏ ဘဝ၌ အရိပ်ထိုးနေသော အမည်းကွက်များမှာ အပြစ်မဲ့သူတို့အား လက်လွတ်စပယ် အဆုံးစီရင်ပစ်ခြင်းဖြစ်သည်။

နရပတိစည်သူ၏ဓားသည် သွေးစွန်းသွားလေပြီ။ ဒုတိယအမှားကို ဆက်လက် ကျူးလွန်ပြန်သည်။ ဒုတိယအမှားကား မိမိ၏နောင်တော်လည်းဖြစ်၊ ရန်သူတော်လည်းဖြစ်သော မင်းယဉ်နရသိင်္ခ၏ အထိန်းတော်သား အနန္တသူရိယကို ကွပ်မျက်ပစ်ခြင်းဖြစ်သည်။ အနန္တသူရိယကို ကွပ်မျက်ရာ၌ လုံလောက်သော အကြောင်း မရှိပေ။ သမိုင်း၌လည်း ခိုင်မာသောအကြောင်းတရားကို ဖော်ပြထားခြင်းမရှိပေ။ အချို့သမိုင်းစာအုပ်များ၌ကား "ဝေဠုဝတီမိဖုရားကိစ္စတွင် ပါဝင်ပတ်သက်ကောင်း ပတ်သက်ပေလိမ့်မည်" ဟူ၍ မသေမချာ ဖော်ပြထားသည်။

အနန္တသူရိယသည် ကဗျာဆရာဖြစ်သည်။ ကဗျာဆရာကို ကွပ်မျက်ပစ်ခြင်းမှာ နရပတိစည်သူ၏ မဟာအမှားကြီး ဖြစ်သွားသည်။ ခံစားမှုတစ်ခုခုရှိသောအခါ ကဗျာဆရာ၏ နှလုံးမှ ကဗျာစာလုံးများ ပေါ်ပေါက်လာမြဲဖြစ်သည်။ "အနန္တသူရိယလည်း ရဲရင့်တည်ကြည်သော နှလုံးရှိသည်ဖြစ်၍ သတ်အံ့မူးမူးတွင် စာလင်္ကာလေးပုဒ်ဆို၍ မင်းကြီးအား ဆက်ပါ" ဟူ၍ မှန်နန်းရာဇဝင်၌ ဆိုထားသည်။

နရပတိစည်သူသည် မိုးလွန်မှ ထွန်ချသည်။ လက်လွန်ခြေလွန်ရှိသွားပြီးဖြစ်သည့် နောက်မှ အနန္တသူရိယ ရေးသားစပ်ဆိုပြီး ဆိုဆုံးမသွားခဲ့သော "သူတည်းတစ်ယောက်" အစချီသည့် လင်္ကာကို ဖတ်ရသောအခါ ပြင်၍မရသော နုတ်၍မရသော ပြစ်မှုကြီးကို ကျူးလွန်မိပြီးလေပြီ။

ကဗျာစွမ်းရည်သည် အလွန်ထက်မြက်သည်။ အနန္တသူရိယ၏ မျက်ဖြေလင်္ကာသည် နရပတိစည်သူအား ကြီးစွာနောင်တရစေသည်။ "မင်းကြီးလည်းစာကို ကြားတော်မူသည်ကပင် တအောက်မေ့မေ့ တရှိုက်မက်မက် နောင်တကြီးစွာ ဖြစ်တော်မူ၏။ ထိုမှစ၍ အမျက်တော်ကို ချုပ်ရုပ်ဆီးတားတော်မူ၍ နောက်နောင် ငါအမျက်တော် ရှိ၍ သတ်လေဟု အမိန့်ရှိသောသူကို လွှတ်စေဟူ၍ မင်းဆွေစိုးဖြစ်သော မဟာသမန်းကို အမိန့်တော်ရှိတော်မူ၏" ဟူ၍ မှန်နန်းရာဇဝင်၌ ဆိုထားသည်။ နရပတိစည်သူနှင့် အနန္တသူရိယတို့၏ အဖြစ်အပျက်သည် ကဗျာစွမ်းအား မည်မျှကြီးမား ထက်မြက်သည်ဆိုသည့်အကြောင်းကို ဖော်ပြလျက်ရှိသည်။ အကယ်၍ အနန္တသူရိယကို မကွပ်မျက်ခင် ကဗျာဆရာ၏ ကဗျာကိုသာ နရပတိစည်သူဖတ်မိမည်ဆိုပါက သူ၏ဘဝ၌ ဆေးကြောဖျောက်ဖျက်ပစ်၍ မရသော အမည်းကွက်ကြီး တစ်ကွက် တင်ကျန်နေလိမ့်မည် မဟုတ်ပေ။ သမိုင်း၌ ယင်းအမည်းကွက် ထင်းထင်းကြီးဖြစ်နေသည်မှာလည်း အနန္တသူရိယ၏ ကဗျာကြောင့်သာလျှင်ဖြစ်သည်။ ယင်းကဗျာကို ဖတ်မိသူတိုင်း၏မျက်မှောက်၌ နရပတိစည်သူ၏ အမည်းကွက်ကြီး ပေါ်လာသည်။

နရပတိစည်သူ၏ ဘဝကိုလေ့လာသောအခါ တစ်ဖက်တွင် ကျောင်းကန်စေတီပုထိုးများကို ကိုးကွယ်တည်ထားသော သာသနာပြုဘုရင်အဖြစ် တွေ့ရသော်လည်း အခြားတစ်ဖက်၌မူ ဓမ္မနှင့်ဆန့်ကျင်ဘက် အပြုအမူများ ပြုမူကျင့်ကြံသည်ကို တွေ့ရသည်။ နရပတိစည်သူ၏ဘဝသည် အခက်အလက်ကျိုးတိုးကျဲတဲရှိနေသော သစ်ပင်အောက်က အရိပ်ကဲ့သို့ မှောင်တစ်ဝက် လင်းတစ်ဝက်ဖြစ်နေသည်ကို တွေ့ရသည်။





မှောင်တစ်ဝက် လင်းတစ်ဝက် ဖြစ်နေသော၊ အမှောင်ချည်းဖြစ်နေသော ပုဂံဘုရင်များ၏ ဘဝကို တွေ့ရသောအခါ ပုဂံဘုရားများကို တည်သော ပုဂံဘုရင်များနှင့် ပတ်သက်၍ သံသယဝင်လာသည်။ တချို့ပုဂံဘုရင်များသည် တကယ့်စေတနာသဒ္ဓါတရားဖြင့် ဘုရားပုထိုးများကို တည်ခြင်းဖြစ်သလော။ သို့မဟုတ် တစ်မင်းနှင့်တစ်မင်းအားကျ မခံ အပြိုင်အဆိုင် တည်ကြခြင်းဖြစ်သလော။ အကြောင်းမူကား နရသူတို့လို နရပတိစည်သူတို့လို ပုဂံဘုရင်များသည် တစ်ဖက်က ဘုရားဒါယကာ၊ သာသနာ ဒါယကာအလုပ် လုပ်နေကြသော်လည်း အခြားတစ်ဖက်၌ ဘုရားဒါယကာ၊ သာသနာ့ဒါယကာနှင့် မလျော်ညီသော၊ ဓမ္မနှင့်ဆန့်ကျင်ဘက်ဖြစ်သော အလုပ်များကို လုပ်နေကြည့်အတွက်ကြောင့် ဖြစ်လေသည်။

ရည်ညွှန်း

၁။ မှန်နန်းရာဇဝင်ကြီး

၂။ History of Burma (Myanmar) G.E.Harvey

၃။ A Pageant of Burma History W.S.Desai

mmcybermedia .com

Proof by alaster & PDF design by rfanquee